


ပ+၃
နှစ်အုပ်တွဲ

တက္ကသိုလ်

# သိဟအောင်

## အမှားခြေရာ

# တက္ကသိုလ် သီဟအောင်

## အမှားခြေရာ

(ဒုတိယအကြိမ်ထုတ်သိမ်းပိုင်း)

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး .. ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .. ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး .. ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူ အဖြစ်သတ်မှတ်ချေမှုန်းကြ။

### မမျှော်လင့်သော ဆု

နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာခဲ့ပြီ ဖြစ်ပါသည်။

နံနက်ခင်းနေရောင်ခြည်သည် နွေးနွေးထွေးထွေးရှိလှပေသည်။

တစ်ညတာ အိပ်စက်အနားယူခဲ့သော လောကကြီးအား လှုပ်ရှားသက်ဝင်လာစေပြီး သာယာလှပလာစေပါ၏။

သဘာဝအလှအပများသည် ဘယ်သောအခါမှ ပြောင်းလဲသွားမည်မဟုတ်ပါ။

ထာဝစဉ် ပြောင်းလဲနေသည့်မှာ လူသားတို့၏စိတ်အစဉ် သာ ဖြစ်လေ၏။

လူသားတို့သည် သာယာပျော်ရွှင်မှုကို ပေးဆောင်နိုင် သကဲ့သို့ ဝမ်းနည်းကြေကွဲမှုများကိုလည်း ဖန်တီးနိုင်စွမ်း ရှိကြသည်မဟုတ်ပါလား။

လောဘနှင့်လူသားသည်လည်း ဘယ်သောအခါမှ ခွဲခြား ၍ရနိုင်လိမ့်မည် မဟုတ်ပေ။

* * *

စိမ်းလန်းသောတောအုပ်များသည် မျက်စိတဆုံး ရှည် လျားအောင် ရှိနေလေ၏။

ကွေ့ကွေ့ကောက်ကောက်ရှိနေသောတောလမ်းကလေး အတိုင်း လူရွယ်တစ်ယောက်က ခြေလှမ်းကျဲကျဲဖြင့် လှမ်း သွားနေ၏။

ထိုလူရွယ်မှာ မီးခိုးရောင်ဝတ်ထားပြီး ခန္ဓာကိုယ် ပိန်ပိန် ပါးပါး ရှိနေ၏။

သူ၏အသားအရေကား ပိုးဟတ်ဖြူ တစ်ကောင်ကဲ့သို့ ဆွတ်ဆွတ်ဖြူဖွေးနေ၏။



သူ၏မျက်နှာသည် ဟန်မူရာကင်းမဲ့သောလူသေအလောင်း တစ်လောင်း၏မျက်နှာမျိုး ဖြစ်လေ၏။

ရုတ်တရက်ကြည့်လျှင် လူသေအလောင်းက လမ်းထ လျှောက်လာသည်ဟု ထင်ရမည်ဖြစ်၏။

သို့သော်....

ထိုလူငယ်၏မျက်လုံးများကား ထူးထူးခြားခြား ဝင်း လက်တောက်ပြောင်ကာ အသက်ဝင်နေ၏။

ထိုမျက်လုံးများကပင်လျှင် လူရွယ်မှာ သက်ရှိလူသား တစ်ယောက်ဖြစ်ကြောင်း ဖော်ပြနေခြင်း ဖြစ်လေ၏။

သူ၏ခြေလှမ်းများသည် တစ်ခါတစ်ရံ၌ တစ်စုံတစ်ခုအား တွေးမိသလို သွက်လက်မြန်ဆန်လာပြီး တစ်ခါတစ်ရံ၌ နှေး ကွေးသွား၏။

ထိုလူရွယ်မှာ အလွန်သွေးအေးပြီး ရက်စက်ကြမ်းကြုတ် သည်ဟု လူသိများလာသော ကြေးစားလူသတ်သမား 'ကောင်းလိ' ဖြစ်လေ၏။

ကောင်းလိသည် မည်သည့်နေရာသို့ ဦးတည်သွားနေခြင်း ဖြစ်ပါသနည်း'

* * *

ဟင်းသီးဟင်းရွက်များ အပြည့်အမောက်ထည့်ထားသော ခြင်းကြီးများကို ထမ်းပိုးဖြင့်လျှိုကာ ထမ်းလာကြသူ သုံးယောက်သည် တောလမ်းအတိုင်း ခရီးနှင်လာကြလေ၏။

ထိုလူသုံးယောက်သည် ထိုလမ်းထိုခရီးကို အလေးအပင်ထမ်းကာ သွားနေကျမို့ အလေ့အကျင့်ရထားပြီး လုသား ပေသားကျနေကြဟန် ရှိလေ၏။

သုံးယောက်သား ရှေ့နောက် စီတန်းကာ ခပ်သွက်သွက်လာရင်း စကားများလည်း ဖောင်ဖွဲ့ကာ ပြောဆိုလာကြလေ၏။

ရှေ့ဆုံးမှလူက ကျယ်လောင်စွာဖြင့်....

'မြန်မြန်လာဟေ့၊ မင်းသားလေးရှောင်ကျူးက နယ်စားကြီးအရိုက်အရာကို ဆက်ခံလိုက်ပြီ ဆိုပေမယ့် အခြေအနေတွေက အေးချမ်းသေးတာမဟုတ်ဘူး..၊

'မွေးစားသားရှောင်စု ခေါ်လာတဲ့လူဆိုးတွေဟာ စန်းတုံးနယ်ထဲမှာပဲ ရှိနေကြသေးတယ်၊ သူတို့ကိုလိုက်ဖမ်းလို့ ထွက်ပြေးနေကြတယ်ဆိုပေမယ့် သူတို့နဲ့တွေ့ရင် ဒုက္ခပေးနိုင်သေးတယ်၊ နေ့မွန်းတည့်မရောက်ခင် မြို့ကို အရောက်သွားမှဖြစ်မယ်'

ဟု ပြောလေ၏။

အလယ်မှလူက....

'ဟုတ်တယ်ကွ၊ ဟိုတစ်နေ့က မြို့ကိုရောက်တော့ လူဆိုးတွေကိုတွေ့ရင် သတင်းပေးဖို့ ကြော်ငြာထားတာ တွေ့ခဲ့



တယ်၊ အသေရရ အရှင်ရရ ဖမ်းဆီးပေးနိုင်မယ်ဆိုရင် ဆုငွေတွေ အများကြီး ပေးမှာကွ'

ဟု ထောက်ခံပြောလိုက်လေ၏။

မင်းသားလေးရှောင်ကျူးနှင့် မွေးစားသား ရှောင်စုတို့၏ နယ်စားအရိုက်အရာလုကြသည့်ဖြစ်ရပ်၏ ဂယက်သည် စန်းတုံးတစ်နယ်လုံးသို့ ရိုက်ခတ်သွားခဲ့သည် မဟုတ်ပါလား။

မွေးစားသားရှောင်စုကား အရေးနိမ့်သွားခဲ့ပြီဖြစ်၏။ သို့သော်....

ရှောင်စု ခေါ်လာခဲ့သည့် အနက်ရောင် သိုင်းသမားဒုစရိုက်သမားများကား ထွက်ပြေးတိမ်းရှောင်ရင်း စန်းတုံးနယ်တခွင် ခွေးလှေးများကဲ့သို့ ပြန့်နှံ့နေ၏။

ထိုလူဆိုးလူမိုက် အနက်ရောင် သိုင်းသမားများသည် အချိန်မရွေး အန္တရာယ်ပြုနိုင်ကြသည့်သဘော ရှိလေ၏။

တတိယလူ၏စကားသံ ထွက်ပေါ်လာ၏။

'ဆုငွေတွေဘာတွေ မက်မနေစမ်းပါနဲ့ကွာ၊ ကိုယ့်အသက်အန္တရာယ် မရှိရင်ဘဲ ဝမ်းသာရဦးမယ်၊ အေးအေးဆေးဆေး ဟင်းသီးဟင်းရွက် ရောင်းစားနေတာပဲ ကောင်းပါတယ်'

သူ၏စကားကြောင့် ရှေ့ဆုံးမှလူနှင့် အလယ်မှလူတို့ ရယ်မောလိုက်ကြ၏။

'အေးပါကွာ၊ ငါတို့ကလဲ သွားပြီး မပတ်သက်ရဲပါဘူး'

ဟုလည်း ပြောကြ၏။

ထိုစဉ်....

‘မိတ်ဆွေတို့ ခဏလောက် နေပါဦးဗျာ’

အထမ်းသမားသုံးယောက်သည် ရုတ်တရက် ထွက်ပေါ် လာသောစကားသံကြောင့် အံ့ဩသွားပြီး ကဗျာကယ လှမ်းကြည့်လိုက်ကြ၏။

ထိုအခါ....

လမ်းဘေးရှိ သစ်ပင်တစ်ပင်အောက်၌ ရပ်နေသူ တ ယောက်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရ၏။

‘ဟင်’

အထမ်းသမားသုံးယောက် ရုတ်ခြည်းပင် ခြေလှမ်း ရ တန့်သွားကြတော့၏။

သစ်ပင်အောက်၌ ရှိနေသူသည် ကျောက်ရုပ်တစ်ရုပ်ပမာ မလှုပ်မယှက် ရပ်နေခဲ့ခြင်း ဖြစ်၏။

သူ့ထံမှ စကားသံထွက်ပေါ်မလာလျှင် သတိမူမိမ မဟုတ်ဘဲ ဖြတ်ကျော်သွားမိမည်သာဖြစ်၏။

အထမ်းသမားသုံးယောက် ခြေလှမ်း ရပ်လိုက်သည်နှ သစ်ပင်အောက်မှလူက လှုပ်ရှားလာ၏။

အထမ်းသမားသုံးယောက်ထံသို့ ချဉ်းကပ်လာ၏။

သူ၏လှုပ်ရှားမှုသည် လျှပ်ပြက်သလို လျင်မြန်နေ၏။

အထမ်းသမားများ ကြည့်နေစဉ်မှာပင် အနီးသို့ ရိပ် ရောက်လာခြင်း ဖြစ်၏။



ထိုလူမှာ ကောင်းလိ ဖြစ်ပါ၏။

ကောင်းလိသည် အထမ်းသမားသုံးယောက်အား ကြည့် ရှင်း....

‘မိတ်ဆွေတို့....အရှေ့ဘက်ထုံးအိုင်ရွာကိုသိရင် ကျေးဇူး ပြုပြီး လမ်းညွှန်ပေးပါလားဗျာ’

ဟု ပြောလိုက်၏။

သူ၏စကားသံမှာ ယဉ်ကျေးသိမ်မွေ့လှ၏။

ကောင်းလိသည် ကြေးစားဘဝသို့ ရောက်ခဲ့ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ယဉ်ကျေးသိမ်မွေ့စွာပြောလိုက်ခြင်း ဖြစ်၏။

အထမ်းသမားသုံးယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

ပြီးလျှင် ကောင်းလိကို ကြည့်လိုက်ကြ၏။

သူတို့၏စိတ်ထဲ ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်လာကြ၏။

နေ့ခင်းကြောင်တောင် မကောင်းဆိုးဝါးတစ်ကောင်နှင့် တွေ့လိုက်ရသည်ဟုပင် ထင်မှတ်လိုက်ကြ၏။

တစ်ယောက်က....

‘ထုံး....ထုံးအိုင်ရွာ ဟုတ်လား’

ဟု ထစ်ထစ်ငေါ့ငေါ့ မေးလိုက်၏။

ကောင်းလိက....

'ဟုတ်ပါတယ်၊ အရှေ့ဘက် ထုံးအိုင်ရွာကိုမေးတာပါ ဗျာ'

'ဒါဆိုရင်တော့ ဒီလမ်းအတိုင်းသာ ဆက်သွားပါ'

သုံးရက်ခရီးလောက် ဝေးပါသေးတယ်၊ ထုံးကျောက် တောင်ကြီးကိုတွေ့ရင် ထုံးအိုင်ရွာလေးကို တွေ့ရပါလိ... မယ်ဗျာ'

ကောင်းလိက....

'ခုလိုပြောပြတာ ကျေးဇူးပါပဲဗျာ၊ ကျုပ်ကိုခွင့်ပြုပါဦး'

စကားဆုံးလျှင် ထိုလူသုံးယောက်အား 'အမှုမထား... တော့ဘဲ ထွက်သွားလေ၏။

အထမ်းသမားသုံးယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

တစ်ယောက်က....

'ဘယ်လိုလူလဲမသိဘူး၊ သူ့ကြည့်ရတာ ငါတောင် ကြ... သီးထတယ်'

ဟု ပြောလေ၏။

အခြားတစ်ယောက်က

'အေးကွာ၊ ခုချက်ချင်း သင်္ချိုင်းကုန်းက ထလာတာကြ... နေတာပဲ၊ စကားပြောတာ ယဉ်ကျေးသိမ်မွေ့ပေမယ့် ... ထဲက မပါသလိုပဲ'



သူတို့သည် ကောင်းလိအကြောင်းကို ဝေဖန်ပြောဆိုလိုက် ကြလေ၏၊

တတိယမြောက် အထမ်းသမားက

'နေဦး၊ သူဟာ သာမန်လူတစ်ယောက်တော့ မဖြစ်နိုင် ဘူး၊ ဆုငွေထုတ်ထားတဲ့ လူဆိုးတစ်ယောက်များ ဖြစ်နေ မလား'

ဟု ပြောလေ၏။

ထိုစကားကြားလျှင် သူ၏ အဖော်နှစ်ယောက် လှုပ်လှုပ် ရှားရှား ဖြစ်သွားကြ၏။

'အေး၊ ဖြစ်နိုင်တယ်ကွ'

'ဒီလူဟာ တို့ စန်းဘုံးနယ်သားတွေလို လေသံမဝဲဘူး'

'ငါတို့ သွားပြီး သတင်းပို့ကြရင် ကောင်းမလား၊ဆုငွေ များကြီးရမှာ၊ ငါတို့ ဆင်းရဲတဲ့ဘဝက လွတ်နိုင်တာပေါ့'

ဒုတိယလူက လောဘတကြီး ပြောလေ၏။

ပထမလူနှင့် တတိယလူတို့ မျက်နှာပျက်သွားကြ၏။

တတိယလူက....

'ဟာ....အေးအေးဆေးဆေး နေစမ်းပါကွာ၊ တော်ကြာ ...အကြောင်း သတင်းပေးရမလားဆိုပြီး ငါတို့ကိုလာပြီး ...ရှာနေပါဦးမယ်'

ဟု ပြောလျှင် ပထမလူက ထောက်ခံလိုက်၏။

'ဟုတ်တယ်ကွ၊ မကောင်းတဲ့လူတွေနဲ့ မပတ်သက်ချင်စမ်း ...နဲ့ကွာ'

ဒုတိယလူသည် မချင့်မရဲဖြစ်နေသော်လည်း ဘာမှမပြေ... တော့ချေ။

'သွားကြစို့'

ပထမလူက လော့ဆော်ကာထွက်သွားလျှင် ကျန် နှ... ယောက်ကလည်း အထမ်းကိုယ်စီဖြင့် လိုက်ပါသွားကြ၏။

သူတို့သည် ကောင်းလီအား လစ်လျူရှုကာ ရှေ့ဆို... ဆက်သွားကြတော့၏။

ကောင်းလီ....

ကောင်းလီ၏ ခြေလှမ်းများသည် ထုံးအိုင်ရွာသို့ ဦးတ... နေပါ၏။

အဘယ်ကြောင့် သူက ထုံးအိုင်ရွာသို့သွားဖို့ တာစူနေ... သနည်း။

* * *

လေဝှေ့ယမ်း တိုက်ခတ်လာ၏။

သစ်ရွက်ခြောက်ကလေးများ ကြွေကျလာ၏။

ကောင်းလီသည် တောလမ်းကလေးအတိုင်း ခြေလှ... မှန်မှန်ဖြင့် လျှောက်သွားနေဆဲ....



သူသွားလိုသော ထုံးအိုင်ရွာသည် အလှမ်းကွာဝေးသော အရပ်တွင် ရှိနေပါ၏။

မည်သို့ဆိုစေ သူက အရောက်သွားမည်သာ ဖြစ်၏။

ကောင်းလီ ရှေ့ခရီးဆက်လာရင်း တစ်နေရာသို့အရောက် တွင် မမျှော်လင့်သော အဖြစ်တစ်ခုနှင့် ရင်ဆိုင် တိုးလိုက်မိ တော့၏။

ရုတ်တရက် စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာ သည်ကို ကြားလိုက်ရခြင်း ဖြစ်လေ၏။

'အား —'

'အမယ်လေး....'

'သေပါပြီဗျ'

'ဝုန်း..'

ကောင်းလီသည် အော်ဟစ်သံများ ကြားလိုက်ရသည်နှင့် အလိုလို အလေ့အကျင့်ရှိပြီးသူပီပီ အနီးရှိ သစ်ပင်တစ်ပင် ပေါ်သို့ ခုန်တက်ပြီးသား ဖြစ်သွားလေ၏။

သစ်ပင်ပေါ်မှ သစ်ရွက်လေးများ အနည်းငယ်လှုပ်လှုပ် ရှားရှား ဖြစ်သွားပြီး ပြန်လည်ငြိမ်သက်သွား၏။

ကောင်းလီ၏လှုပ်ရှားမှု လျင်မြန်လွန်းရကား လမ်းပေါ် မှနေပြီး ရုတ်ခြည်း ကွယ်ပျောက်သွားသည်ဟုပင် ထင်မှတ် ရမည် ဖြစ်၏။

ကောင်းလိသည် သစ်ရွက်အစ်ကိုင်းများကို အကာအကွယ်ပြု ထားလိုက်၏။

မျက်စိနှင့်နားကို အစွမ်းကုန်ဖွင့်ကာ အကဲခတ်လိုက်၏။

စူးရှသော အော်ဟစ်သံများသည် ခပ်လှမ်းလှမ်းမှထွက်ပေါ်လာခြင်း ဖြစ်ပါ၏။

သံ သံချင်း ပြင်းထန်စွာထိတွေ့မိသော အသံများ စူးရှသော အော်ဟစ်သံများ ထွက်ပေါ်နေဆဲ....

ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပေါ်နေကြောင်း ထင်ရှားပေ၏၊

ထိုတိုက်ပွဲသည် ကောင်းလိသွားရမည့်ခရီးလမ်းကြောင်းပေါ်၌ ဖြစ်ပွားနေခြင်းတည်း။

ကောင်းလိရှိနေသော သစ်ပင်အနီးသို့ကား မည်သူမည်ဝါမျှ ရောက်လာခြင်း မရှိကြချေ။

ကောင်းလိသည် အနည်းငယ်စဉ်းစားလိုက်ပြီး ငံရှောင်ကွင်းမသွားတော့ဘဲ တိုက်ပွဲအခြေအနေကို သွားရောက်အကဲခတ်ကြည့်ရန် ဆုံးဖြတ်လိုက်လေသည်။

ထို့နောက်....

အကိုင်းယှက်အောင် ပေါက်ရောက်လျက်ရှိသော သစ်ပင်တစ်ပင်မှ တစ်ပင်သို့ ခုန်ကူးကာ အသံဗလံများ ထွက်ပေါ်နေရာဆီသို့ ချဉ်းကပ်သွားလိုက်လေ၏။



မကြာပါချေ။

တိုက်ပွဲဖြစ်ပွားနေသောနေရာနှင့် မလှမ်းမကမ်းသို့ရောက်ရှိသွားလေတော့သည်။

* * *

တိုက်ပွဲကား ကြောက်စရာလိလိ ပြင်းထန်နေသည်။

အနက်ရောင်ဝတ်ဆင်ထားသူ သုံးယောက်အား အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြသူများက ဝိုင်းရံတိုက်ခိုက်နေကြခြင်း ဖြစ်လေသည်။

ကောင်းလိ ရောက်သွားချိန်မှာပင်....

'အား'

အနက်ရောင် ဝတ်ဆင်ထားသူ တစ်ယောက်သည် စူးရှသော အော်ဟစ်သံဖြင့် မြေပေါ်လဲကျသွားသည်ကို တွေ့လိုက်ရ၏။

ကျန်အနက်ရောင်ဝတ်ထားသူ နှစ်ယောက်လည်း ဒဏ်ရာကိုယ်စီရရှိထားကြပြီ ဖြစ်သည်။

သူတို့၏ လက်ချက်ကြောင့် တစ်ဖက်မှ လူတစ်စုလည်း မထက်သာလှပါချေ။

ထိုလူစုတွင် ပါဝင်ဟန်ရှိသော လူခြောက်ယောက် ခုနစ်ယောက်မှာ သေွးအလူးလူးဖြင့် မြေပေါ်လဲကျနေသည်ကို တွေ့လိုက်ရလေသည်။

ကောင်းလိသည် တိုက်ပွဲကိုကြည့်ရင်း မျက်နှာပျက်သွားသည်။

'လက်စသတ်တော့ ကြေးစားတွေကို မင်းသားလေးရဲ့ လူတွေက လိုက်ဖမ်းနေကြတာကိုး'

ဟု စိတ်ထဲမှ ရေရွတ်လိုက်မိလေသည်။

အကြောင်းကား အနက်ရောင်ဝတ်ထားသူ သုံးယောက်အား သူကသိထားခြင်းကြောင့် ဖြစ်လေ၏။

ထိုလူသုံးယောက်မှာ ခွေးအကြီးကျင်းဟူ၏ လူများ ဖြစ်ကြလေ၏။

မရဏနတ်ဆိုး သုံးဖော်ဟု အမည်ရှိကြပြီး သူတို့အချင်းချင်း အမည်မခေါ်ကြဘဲ အမှတ်တစ်၊ အမှတ်နှစ်၊ အမှတ်သုံးဟု ခေါ်ကြလေ့ရှိပေသည်။

ကောင်းလိသည် ကျင်းဟူ၏လူများကို သိထားသော်လည်း အရောတဝင်မနေဘဲ ခပ်တန်းတန်းပင် နေခဲ့သည်။

အဖော်ကင်းမဲ့စွာ အထီးကျန် နေထိုင် တတ် ခြင်းကို ကောင်းလိက ကောင်းစွာအကျင့်ရထားပြီး ဖြစ်လေသည်။

ယခု ...

မရဏနတ်ဆိုး သုံးဖော်သည်လည်း ခွေးအကြီးကျင်းဟူနှင့်အတူ စန်းတုံးနယ်သို့လိုက်ပါလာခဲ့ကြပြီး မွေးစားသားရှောင်စုဘက်မှ ပါဝင်ကူညီခဲ့ကြပုံ ရလေသည်။



မွေးစားသားရှောင်စု၏ မမှန်ကန်သော လုပ်ရပ်များကို မည်သူကမှ လက်မခံကြသဖြင့် မရှုမလှအရေးနိမ့်သွားခဲ့သော အခါ ခေါင်းဆောင်ဖြစ်သော ကျင်းဟူသည်ပင် ထွက်ပြေးရတော့သည်။

ခွေးအကြီးကျင်းဟူနှင့်အတူ လိုက်ပါလာကြသည့် ကြေးစား လူသတ်သမား၊ ဒုစရိုက်သမားများသည်လည်း ဖရိုဖရဲ အကွဲကွဲအပြားပြားဖြင့် ထွက်ပြေးကြရလေသည်။

မင်းသားလေးရှောင်ကျူးသည် စန်းတုံးနယ်စားအရိုက်အရာကို ဆက်ခံပြီးသည့်နောက် မွေးစားသား ရှောင်စုကို ဖမ်းဆီးအကျဉ်းချလိုက်လေသည်။

ရှောင်စု ခေါ်ယူလာသည့် ဒုစရိုက်သမားများကိုလည်း ပြတ်ပြတ်သားသားနှိမ်နင်းရန် အစီအမံများ ချမှတ်လေ၏။

သိုင်းလောကမှ အဖြူရောင်သိုင်းသမားများ နေပြည်တော်မှ အာဏာပိုင်အဖွဲ့အစည်းများ၏ အကူအညီ ဖြင့် စန်းတုံးနယ်တွင် ဒုစရိုက်သမားများ မရှိစေရဟု ကြေးကြော်ကာ အပြင်းအထန် ချေမှုန်းနေပြီဖြစ်သည်။

ဆုငွေလည်း အများအပြား ထုတ်ပြန်ကြေငြာထားရာ ဒုစရိုက်သမားများ ကံဆိုးမိုးမှောင်ကျတော့သည်။

စန်းတုံးနယ်မှ ထွက်ပြေးရန်ကြိုးစားရင်း မနုဿမုဆိုးများနှင့် တိုက်ပွဲများ ဆင်နွှဲနေကြရတော့သည်။

မရဏနတ်ဆိုး သုံးဖော်အနက် အမှတ်သုံးသည် မရှုမလှ ခံလိုက်ရပြီး မြေပေါ်လဲကျသေဆုံးသွားပြီ ဖြစ်သည်။

အမှတ်တစ်နှင့် အမှတ်နှစ်တို့သည်လည်း ဒဏ်ရာကိုယ်စီ ရလာကြပြီ ဖြစ်ပါသည်။

သို့သော်....

သူတို့သည် အညံ့မခံဘဲ ပြင်းထန်စွာ ခုခံတိုက်ခိုက်နေကြသည်။

ကြေးစားလူသတ်သမား အများစုသည် သူတစ်ပါးအား လုပ်ကြံဖို့ ဝန်မလေးသလို မိမိသေဆုံးသွားရမည်ကိုလည်း အမှုမထားကြသည့် သဘောဖြစ်သည်။

သူကား အလွန်ဒုက္ခပေးစွမ်းနိုင်သည့် ကြောက်စရာကောင်းသော လူစားမျိုးများ ဖြစ်ကြပေတော့သည်။

ကောင်းလိက တိုက်ပွဲအခြေအနေကို အကဲခတ်ကြည့်လိုက်၏။

မရဏနတ်ဆိုး သုံးဖော်အား ဝိုင်းရံ တိုက်ခိုက်နေကြသူများမှာ ဆယ်ယောက်ခန့် ရှိနေသေး၏။

ထိုလူများ၏သိုင်းပညာ မဆိုးကြချေ။

မရဏနတ်ဆိုးသုံးယောက်က အသက်ကို ပဓာနမထားဘဲ သူသေကိုယ်သေ တိုက်ခိုက်နေခြင်းကြောင့်သာလျှင် အနိုင်မယူနိုင်ဘဲ ဖြစ်နေကြ၏။

ကောင်းလိ ပင့်သက်ရှိုက်လိုက်၏။

'အင်း....ငါဝင်ပြီးကူညီလိုက်ရင်တော့ မရဏနတ်ဆိုးတွေ အခက်အခဲက လွတ်မြောက်သွားကြမှာပဲ'

ဟု တွေးမိလိုက်၏။



မည်သို့ဆိုစေ....

ကောင်းလိသည် ဝင်ရောက်ကူညီဖို့ စိတ်ကူးမရှိချေ။

အထီးကျန်ခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်း၊ သူတစ်ပါးအား မယုံကြည်ခြင်း စသည်စသည်စိတ်များသည် သူ၏အသည်းနှလုံးထဲ၌ မြဲမြံစွာ အမြစ်တွယ်နေသည်မဟုတ်ပါလား။

ထို့အပြင်....

ကိုယ့်အခက်အခဲများအား ကိုယ့်ဘာသာ ဖြေရှင်းရမည်ဟူသောခံယူချက်လည်း ရှိနေ၏။

ကောင်းလိသည် သစ်ပင်ပေါ်မှနေပြီး တိုက်ပွဲသို့ လက်ဖိုက်ကြည့်နေလိုက်၏။

ထိုစဉ်....

မရဏနတ်ဆိုးသုံးဖော်မှ အမှတ်တစ်နှင့် အမှတ်နှစ် တို့သည် အခြေအနေမဟန်မှန်း သဘောပေါက်လိုက်ကြပုံရလေ၏။

သူတို့သည် တစ်ယောက်ကိုတစ်ယောက် အချက်ပေးလိုက်ကြပြီး လူချင်းခွဲလိုက်ကြ၏။

ဝိုင်းရံထားသူများအား မရမနေ ထိုးဖောက်ထွက်သွားကြတော့မည်ဖြစ်၏။

အလွန်ပြင်းထန်သောတိုက်ပွဲ ပေါ်ပေါက်လာတော့မည်ဖြစ်ကြောင်း ကောင်းလိ သဘောပေါက်လိုက်၏။

သို့ကြောင့်....

'အင်း....အချိန်ရှိတုန်း ငါလဲ ဒီနေရာက ခွာမှပဲ'

ဟု ဆုံးဖြတ်လိုက်၏။

သူထွက်သွားရန် ဟန်ပြင်လိုက်စဉ်မှာပင်....

'ရပ်လိုက်စမ်း'

ကျယ်လောင်သောအော်ငေါက်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ကောင်းလိ ရင်ထိတ်သွား၏။

ကြားလိုက်သောအသံသည် အတွင်းအားအလွန်ကောင်းသူတစ်ယောက်၏အသံမျိုးဖြစ်နေသည် မဟုတ်ပါလား။

ဖျပ်ခနဲ လှမ်းကြည့်လိုက်မိ၏။

ထိုအခါ....

တောလမ်းကလေးပေါ်သို့ အသက်ငါးဆယ်ခန့် ရှိသော အဘိုးအိုနှစ်ယောက် ရောက်လာကြသည်ကို တွေ့လိုက်ရလေ၏။

အဘိုးအိုနှစ်ယောက်အားမြင်တွေ့လိုက်ရသည့် ကောင်းလိ၏ခန္ဓာကိုယ်မှာ တောင့်တင်းသွားသည်။

ထိုအဘိုးအိုနှစ်ယောက်အား သူ ကောင်းမွာသိထားပေ၏။

သူ့အားအလွန်မုန်းတီးနေသောသူများ၊ တွေ့ရာသင်္ချိုင်း စားမဆိုင်းဘဲ သုတ်သင်ပစ်လိုကြသူများလည်း မဟုတ်ပါလား။



ကောင်းလိသည် တုတ်တုတ်မျှမလှုပ်ဝံ့တော့ဘဲ သစ်ရွက်သစ်ကိုင်းများကြား၌ ဆက်လက် ပုန်းအောင်းနေလိုက်လေတော့၏။

* * *

အဘိုးအိုနှစ်ယောက် ရောက်ရှိလာကြလေ၏။

အဘိုးအိုနှစ်ယောက်သည် တစ်ယောက်မှာ အနီရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး ကျန်တစ်ယောက်မှာ ခရမ်းရောင် ဝတ်ဆင်ထားလေ၏။

အသက်ငါးဆယ်ကျော်ခန့်ရှိပြီး ဥပမိရုပ် တည်ကြည်ခန့်ညားသူများ ဖြစ်လေ၏။

သိုင်းလောကသားများသည် ထိုအဘိုးအို နှစ်ယောက်အား ကြည်ညိုလေးစားလျက် ရှိပေ၏။

သူတို့သည်အဖြူရောင်သိုင်းသမားလောက၌ ကျော်ကြားသော သိုင်းထိပ်သီးများ ဖြစ်ကြသည်မဟုတ်ပါလား။

အနီရောင်ဝတ်ထားသောအဘိုးအိုမှာ ခြင်္သေ့ရဲတိုက်ပိုင်ရှင် စုပေချန်း ဖြစ်၏။

ခရမ်းရောင်စတ် အသိုးအိုမှာမူ ကျင်းလိမ်မြို့မှ စာပေ သိုင်းသမားကြီး တုကုဝေ ဖြစ်၏။

ခြသေ့ရဲတိုက်ပိုင်ရှင် စုပေချန်းနှင့် စာပေသမား အသိုးအို တုကုဝေတို့သည် အရေးအကြောင်းမရှိဘဲ သိုင်းလောကသို့ ဆင်းသူများ မဟုတ်ကြပါချေ။

အကြောင်းကိစ္စရှိလျှင် သိုင်းလောကသားများက သူတို့ထံသို့ သွားရောက်တွေ့ဆုံကာ အကူအညီတောင်းလေ့ ရှိကြပေ၏။

ထင်ရှားကျော်ကြားသော ဂုဏ်ရှိန်ဖြင့် အခန့်သားနေထိုင်ခဲ့ကြသော စုပေချန်းနှင့် တုကုဝေတို့ သိုင်းလောကသို့ မဖြစ်မနေ ဆင်းလာခဲ့ကြရသည်မှာ ကောင်းလိကြောင့်ဆိုလျှင် မှားမည်မဟုတ်ချေ။

ကောင်းလိ၏ ကြေးစား လူသတ်သမားဘဝတွင် သူ၏ လက်ချက်ဖြင့် သေဆုံးသွားခဲ့ကြရသူများအနက် စုပေချန်း၏သား စုကျောင်းနှင့် တုကုဝေ၏အချစ်ဆုံးတပည့်တို့ချင်းတို့ ပါဝင်ခဲ့ကြသည် မဟုတ်ပါလား။

ထို့ကြောင့်လည်း စုပေချန်းနှင့် တုကုဝေတို့သည် ကောင်းလိအား မြေလှန်ရှာဖွေရန် သိုင်းလောကသို့ ဆင်းလာခဲ့ကြခြင်း ဖြစ်ကြပေတော့၏။

ခွေးအကြီးကျင်းဟူ၏ လူတစ်ယောက်က လုပ်ကြံသွားခြင်း ဖြစ်ကြောင်း သိကြပြီး စုံစမ်းကြရာမှ ကောင်းလိကို သိသွားကြခြင်း ဖြစ်၏။



ကောင်းလိအား ထောင်ချောက်ဆင်ကာ ဖမ်းဆီးဖို့ကြိုးစားခဲ့ကြဖူးသော်လည်း ကောင်းလိ လွတ်အောင်ရှောင်နိုင်ခဲ့လေ၏။

ထိုနောက်ပိုင်းတွင် ကောင်းလိက ခြေရာဖျောက်ထားနိုင်ခဲ့၏။

စန်းတိုးနယ်တွင် ခွေးအကြီးကျင်းဟူ၏ သဘင်း ထွက်ပေါ်လာလေသောအခါ ကောင်းလိလည်း ပါဝင်နေမည်ဟု ယူဆပြီး စုပေချန်းတို့ ရောက်လာခဲ့ကြခြင်းဖြစ်ကြောင်း ထင်ရှား၏။

ကောင်းလိသည် မိမိတွင် အန္တရာယ်များ ဝိုင်းနေပြီ ဖြစ်ကြောင်း နားလည်သဘောပေါက်လိုက်၏။

သူက မရဏနတ်ဆိုးများအား သွားရောက်ကူညီခြင်းမပြုခဲ့သည်ကပင် ကောင်းသွားခြင်းဖြစ်၏။

ပုန်းကွယ်ရာမှ ထွက်လိုက်သည်နှင့် စုပေချန်းတို့၏လက်သို့ ရောက်သွားမည် မဟုတ်ပါလား။

စုပေချန်းနှင့် တုကုဝေတို့ ရောက်ရှိလာကြသောအခါ မရဏနတ်ဆိုးတို့၏ အခြေအနေ ပို၍ဆိုးဝါးသွားလေတော့သည်။

* * *

'နောက်ဆုတ်လိုက်ကြစမ်း'

စုပေချန်းက အမိန့်ပေးလိုက်၏။

မရဏနတ်ဆိုးတို့အား ဖမ်းဆီးရန်ကြိုးစားနေကြသူမျ ား ချက်ချင်း နောက်ဆုတ်လိုက်ကြ၏။

စုပေချန်းနှင့် တုကုဝေတို့ရောက်လာကြသဖြင့် ဝမ်းသာ နေကြ၏။

မရဏနတ်ဆိုးတို့၏ အပြင်းအထန် ခုခံမှုကြောင့် ဆက် လက်တိုက်ခိုက် ဖမ်းဆီးဖို့ပင် ဝန်လေးနေကြ၏။

တုကုဝေတို့ရောက်လာသဖြင့် မရဏနတ်ဆိုးတို့ မည်သည့် နည်းနှင့်မျှ မလွတ်နိုင်တော့ဟုသဘောထားလိုက်ကြလေ၏။

စုပေချန်းသည် ပတ်ဝန်းကျင်သို တစ်ချက်အကဲခတ်ကြည့် လိုက်ပြီးလျှင်....

'ကဲ....မင်းတို့ ဒဏ်ရာရသူတွေကို အမြန်ဆုံးသယ်ဆော င် သွားကြပေတော့'

ဟု ပြောလိုက်၏။

'ကောင်းပါပြီ ဆရာကြီး'

သိုင်းသမားများသည် ဒဏ်ရာရကာ လဲကျသေဆုံးနေ သူတို့၏ အလောင်းများကို သူတို့၏အဖော်များက ထမ်းပိုး သယ်ဆောင်ကာ အလျင်အမြန် ထွက်သွားကြ၏။

သို့ဖြင့်....

မရဏနတ်ဆိုးနှစ်ယောက်နှင့် စုပေချန်း တုကုဝေတို့သာ လျှင် ကျန်ရစ်ခဲ့ကြတော့၏။

* * *



မရဏနတ်ဆိုးသုံးဖော်တွင် ပါဝင်သည့် အမှတ်တစ်နှင့် အမှတ်နှစ်တို့သည် မင်းသားလေးရှောင်ကျူး၏ သိုင်းသမား များ ထွက်သွားကြသော်လည်း ဝမ်းမသာနိုင်ကြပါ။

ထိုသိုင်းသမားများထက် ပိုပြီးကြောက်မက်ဖွယ်ကောင်း သူနှစ်ယောက် ရောက်လာကြပြီ မဟုတ်ပါလား။

ထွက်ပြေးလွတ်မြောက်ဖို့လမ်း လုံးဝမတွေ့တော့ကြောင်း လည်း သဘောပေါက်ကြ၏။

မည်သို့ဆိုစေ....

စားကိုတင်းကျပ်စွာဆုပ်ကိုင်ကာ အံတင်းတင်းကြိတ်ရင်း ရင်ဆိုင်ရန် အသင့်ပြင်ထားလိုက်၏။

စုပေချန်းနှင့် တုကုဝေတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်၏။

တုကုဝေက ခေါင်းညိတ်ပြလိုက်၏။

စုပေချန်းသည် လက်နှစ်ဖက်နောက်ပစ်ကာ ရှေ့သို့လှမ်း ထွက်လိုက်ပြီးလျှင် အမှတ်တစ်တို့နှင့် မျက်နှာချင်းဆိုင်လိုက် လေသည်။

စုပေချန်းနှင့် တုကုဝေတို့ကို စေ့စေ့ကြည့်လိုက်၏။

'မရဏနတ်ဆိုးသုံးဖော်ဆိုတာ မင်းတို့လား'

ဟု မေးလိုက်၏။

အမှတ်တစ်က....

'ဟုတ်တယ်ဆိုတော့ ခင်ဗျား ဘာလုပ်ချင်သလဲ'

ဟု မချေမငံ ပြန်ပြောလိုက်၏။

စုပေချွန်းက....

'မင်းတို့ဟာ ခွေးအ,ကြီးကျင်းဟူနဲ့ အတူအလုပ်လုပ်ဖို့ စန်းတုံးနယ်ကို ရောက်လာကြတာမဟုတ်လား'

အမှတ်တစ်က....

'ကျုပ်တို့အကြောင်းကို ခင်ဗျားတို့သိနေကြတာပဲ၊ ဘာ ကြောင့် အပိုစကားတွေ မေးနေရတာလဲ'

ဟု ပြန်မေးလိုက်၏။

စုပေချွန်းက....

'ကောင်းပြီ၊ ခွေးအ,ကြီးကျင်းဟူ ဘယ်မှာရှိသလဲဆိုတာ ပြောပါ'

'ဟား....ဟား....ဟား'

အမှတ်တစ်နှင့် အမှတ်နှစ်တို့ ဟားတိုက် ရယ်မောလိုက် ကြ၏။

သူတို့အား ခြိမ်းခြောက် မေးမြန်းရုံဖြင့် သိရမည်မဟုတ် ကြောင်း ထင်ရှားနေပါ၏။

စုပေချွန်းက သက်ပြင်းချလိုက်၏။

'အနက်ရောင် သိုင်းသမားတွေနဲ့ ဒုစရိုက်သမားတွေဟာ သစ္စာတရားကို မျက်ကွယ်ပြုထားကြတာလို့ ကျုပ်ကြား တယ်၊ မင်းတို့ကတော့ ခွေးအ,ကြီးကျင်းဟူ အပေါ် တော်တော်သစ္စာရှိနေပါလား....



'သူကိုယ်တိုင်တောင် ခွေးပြေးဝက်ပြေး ထွက်ပြေးနေ ပြီ၊ မင်းတို့ကို ဘာမှကူညီနိုင်တော့မှာ မဟုတ်ဘူး၊ မင်းတို့ အပေါ် သစ္စာရှိနေလို့လဲ အပိုပဲ'

ဟု ပြောလိုက်ပြန်၏။

တုကုဝေက....

'ခွေးအ,ကြီးကျင်းဟူ ဘယ်မှာပုန်းနေသလဲဆိုတာပြော မယ်ဆိုရင် မင်းတို့ရဲ့အသက်ကို ချမ်းသာပေးမယ်'

ဟု ဝင်ပြောလိုက်၏။

အမှတ်တစ်နှင့် အမှတ်နှစ်တို့က ပြိုင်တူခေါင်းခါယမ်း လိုက်၏။

'ကျုပ်တို့မယုံဘူး'

'ခုချိန်ဟာ ကတိစကားကို ယုံကြည်လို့မရတော့တဲ့အချိန် ကာလမျိုးဆိုတာ ကျုပ်တို့ ကောင်းကောင်းကြီး နားလည် သဘောပေါက်ထားကြပါတယ်ဗျာ'

ဟုလည်း ပြောလိုက်၏။

စုပေချွန်းက....

'ကျုပ်ရဲ့ အသက်၊ ကျုပ်ရဲ့ နာမည်ကို သက်သေထားပြီး ကျုပ်ပြောတယ် ဆိုရင်ကော'

အမှတ်တစ်တို့ပါးစပ်ပိတ်ထားကြလေ၏။

တုကုဝေက....

'အမှန်အတိုင်း ပြောရရင် ခွေးအကြီး ကျင်းဟူကို လိုချင် တာထက်၊ ကျုပ်တို့က ကောင်းလိကို ပိုပြီး လိုချင်ကြပါ တယ်၊ ကျင်းဟူအကြောင်း မပြော ... ၊ ကောင်းလိရဲ့

အကြောင်းကို ပြောပြရင် ကျေနပ်ပါပြီ၊ မင်းတို့ကို သွား[...]
ရာ သွားခွင့်ပြုလိုက်ပါမယ်'

စုပေချွန်းကလည်း သဘောတူသည့်အလား ခေါင်းညိတ်[...]
ပြ၏။

အမှတ်တစ်နှင့် အမှတ်နှစ်တို့ တစ်ယောက်ကို တစ်ယော[...]
ကြည့်လိုက်ကြလေ၏။

စုပေချွန်းက—

'ဘယ်လိုလဲ ကောင်းလီ အကြောင်းကို မင်းတို့ ပြော[...]
ကြမယ် မဟုတ်လား'

ဟု မေးလေ၏။

အမှတ်တစ်က—

'ခင်ဗျားတို့ အရှုး ကောင်းလီအကြောင်းကို မေးနေ[...]
တာလားဗျ'

ဟု ပြန်မေးလေ၏။

စုပေချွန်းက—

'ဟုတ်တယ်....ကျုပ်တို့ သူ့တစ်ယောက်တည်းကိုပဲ လို[...]
တယ်'

'ဒါအမှန်ပဲ'

တုဟူဝေက ထောက်ခံလိုက်လေ၏။

အမှတ်တစ်က....

'ဒါဆိုရင် ခင်ဗျားတို့ စုံစမ်းနေလို့ အပိုပဲဗျ'



တုကုဝေက....

'ဘာဖြစ်လို့လဲ'

အမှတ်တစ်က....

'ရွှေအကြီး ကျင်းဟူရဲ့ ဦးဆောင်မှုနဲ့ ကျုပ်တို့ စန်းတုံး
နယ်ကို ထွက်လာခဲ့ကြတာ၊ အရူး ကောင်းလီ ပါမလာဘူး
ဗျ....'

တုကုဝေ မျက်မှောင်ကုတ်သွား၏။

'ကောင်းလီဟာ ကျင်းဟူရဲ့ညာလက်ရုံးလို ဖြစ်နေတာပဲ၊
စန်းတုံးနယ်မှာ အရေးကြီးတဲ့ ကိစ္စ ဆောင်ရွက်စရာ ရှိနေ
တာ၊ သူ့ကို ဘာကြောင့် ခေါ်မလာရတာလဲ'

မယုံကြည်နိုင်ဟန်ဖြင့် ပြောလေ၏။

အမှတ်တစ်က....

'သူရှိရင်တော့ ဘယ်နေမလဲဗျာ၊ ကျင်းဟူက ခေါ်လာမှာ
ပေါ့၊ သူမရှိတော့ဘူးဗျ၊ ကြေးစား အလုပ်ကို စိတ်ကုန်ပြီ ဆို
ပြီး ထွက်သွားပြီ'

'ဟေ'

'ဟင်'

တုကုဝေနှင့် စုပေချွန်းတို့ ကြောင်အမ်းအမ်း ဖြစ်သွားကြ
လေ၏။

အမှတ်တစ်က....

'ကောင်းလီက လူတစ်မျိုးဗျ၊ သူဟာ ရူးသွပ်နေတယ်ဆို
တာ အမှန်ပဲ၊ သူတစ်ခုခု လုပ်ချင်ပြီဆိုရင် ဘယ်သူမှတားလို့

မရဘူး၊ ဆရာကျင်းဟူကိုတောင်မှ သူက ဂရုစိုက်တာ မဟုတ်ဘူးဗျ’

စုပေချန်းတို့ မကျေမနပ် ဖြစ်သွားကြလေ၏။

‘ကောင်းလီ ပါမလာဘူးဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး’

တုကုဝေက....

‘ဟုတ်တယ်....စန်းတုံးနယ်မှာ သူတို့ လုပ်ကိုင်ရမယ့်ကိစ္စက အောင်မြင်သွားရင် အကျိုးအမြတ် အများကြီး ရမှာပဲ၊ ကျင်းဟူက ကောင်းလီကို ခေါ်မလာဘဲ နေမှာမဟုတ်ဘူး၊ သူတို့ လိမ်ပြောနေတာပဲ ဖြစ်မယ်’

သူတို့သည် အမှတ်တစ် ပြောသည့် စကားကို မယုံကြည်ကြချေ။

သူတို့ပြောဆိုနေကြသော စကားသံများကို အတိုင်းသား ကြားနေရသည့် ကောင်းလီမှာ ပင့်သက် ရှိုက်မိလိုက်လေသည်။

အမှတ်တစ်က အမှန်အတိုင်း ပြောပြနေခြင်းသာ ဖြစ်ပါသည်။

စန်းတုံးနယ်၌ အလုပ်ကိစ္စ မပေါ်မီကပင် သူသည် ကျင်းဟူနှင့် လမ်းခွဲကာ ထွက်လာခဲ့ခြင်း ဖြစ်လေ၏။

ကျင်းဟူက သူ့အား တွေ့အောင်ရှာပြီး နောက်ဆုံးအခွင့်နှင့် အကူအညီတောင်းခဲ့သဖြင့် သူလာခဲ့သည့် အကြောင်းကို သိနိုင်ကြလိမ့်မည် မဟုတ်ပါချေ။



စုပေချန်းနှင့်တုကုဝေတို့၏ မယုံကြည်နိုင်ခြင်းသည်အမှတ်တစ်တို့ ကံဆိုးသွားဖို့ အကြောင်း ဖန်လာပါတော့၏။

အမှတ်တစ်က ဒေါသဖြစ်ကာ....

‘ကျုပ်တို့က အမှန်အတိုင်း ပြောနေတာ၊ ခင်ဗျားတို့မယုံလဲ ဘာမှ မတတ်နိုင်ဘူး၊ ခင်ဗျားတို့ကို ကြောက်လို့ ပြောနေတာ မထင်နဲ့’

ဟု ခံပြင်းသော လေသံဖြင့် ပြောလေ၏။

စုပေချန်းက....

‘ကောင်းလိအကြောင်းကို မင်းတို့ တကယ်ပဲ မသိကြဘူးပေါ့’

အမှတ်တစ်က....

‘မသိလို့ မသိဘူး ပြောနေတာပေါ့ဗျ၊ ဒီလောက်ကောင်နဲ့ ကျုပ်တို့ ဘာမှ ပတ်သက်တာ မဟုတ်ဘူး၊ ရှင်းရှင်းပြောရရင် ဆရာကျင်းဟူက ဒီကောင့်ကို မျက်နှာသာသိပ်ပေးတာကြောင့် ကျုပ်တို့ သဘောကျတာ မဟုတ်ဘူးဗျာ’

ကောင်းလီသည် အမှတ်တစ်၏ရင်ထဲမှ စကားကို ကြားလိုက်ရသဖြင့် မကူခဲ့ခြင်းကို နောင်တမရတော့ချေ။

စုပေချန်းက....

‘ကောင်းပြီ၊ မင်းတို့က သူ့အကြောင်းကို မသိကြဘူးဆိုရင်တော့ ခွေးအကြီး ကျင်းဟူအကြောင်းကို ပြောပြရလိမ့်မယ်၊ သူက ကောင်းလီအကြောင်းကို သိနေနိုင်တာပေါ့’

အမှတ်တစ်က ခေါင်းငွေ့ယမ်းလိုက်၏။

'ရတယ်၊ ခင်ဗျားတို့အမေးကို ကျုပ်တို့ရဲ့ ခေါင်းတွေက အဖြေပေးပါလိမ့်မယ်ဗျာ'

စုပေချွန်းက....

'စိတ်ချ၊ ကျုပ်က ရအောင်မေးမှာပါ'

စကားဆုံးလျှင် ရှေ့သို့ လျှပ်တစ်ပြက် တိုးသွား၏။

အမှတ်တစ်နှင့် အမှတ်နှစ်တို့က....

'ယား'

ညာသံပေးကာ ပြိုင်တူ တိုက်ခိုက်လိုက်ကြလေ၏။

သူတို့၏တိုက်ခိုက်မှုမှာ ကြောက်ခမန်းလိလိ ပြင်းထန်နေပါသည်။

သို့သော်....

စုပေချွန်းက လက်ငွေ့ယမ်းလိုက်လျှင်....

'ခြွမ်း....ခြွမ်း'

ကျယ်လောင်သောမြည်သံများ ထွက်ပေါ်လာလေ၏။

အမှတ်တစ်တို့ ကိုင်ဆောင်ခဲ့သည့် ဓားနှစ်လက်မှာ အဝေးသို့ လွင့်စင်သွားလေ၏။

အမှတ်တစ်တို့ ရင်ထိတ်သွားကြ၏။

အခြေအနေမဟန်မှန်းသိ၍ ကဗျာကယာ နောက်ဆုတ်လိုက်ကြ၏။



စုပေချွန်းက....

မင်းတို့ ထွက်ပြေးလို့ မရပါဘူး'

ဟုပြောကာ ရှေ့သို့ သပ်မံ တိုးပြီး တိုက်ခိုက်လိုက်လျှင်....

'ဝုန်း'

'အား'

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာ၏။

အမှတ်တစ်နှင့် အမှတ်နှစ်တို့သည် စူးရှစွာ အော်ဟစ်လိုက်ကြပြီး မြေပေါ် လဲကျသွားလေ၏။

စုပေချွန်း၏လက်ချက်ကြောင့် သတိလစ် မေ့မျောသွားကြပြီဖြစ်၏။

စုပေချွန်းသည် တုကုဝေဘက်သို့လှည့်ကာ ပြုံးပြလိုက်ပြီး-

'သူတို့နှစ်ယောက်ကို ဖမ်းခေါ်သွားပြီး စစ်ဆေးကြတာပေါ့'

ဟု ပြောလိုက်၏။

တုကုဝေက....

'သူတို့ဖွင့်ပြောနိုင်မယ့်နည်းလမ်း ကျုပ်မှာ ရှိပါတယ်ဗျာ'

ဟု ထောက်ခံ ပြောဆိုလိုက်သည်။

ဤသို့ဖြင့်....

လောင်းကစားသမား လက်ဝါးကြီး အီထင်းကဲ့သို့ မရဏ နတ်ဆိုးနှစ်ယောက်သည်လည်း အဖမ်းခံလိုက်ကြရလေတော့ ၏။

+ * +

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်သွား၏။

လမ်းပေါ်မှတိုက်ပွဲသည် ပြီးဆုံးသွားပြီဖြစ်၏။

မရဏနတ်ဆိုးသုံးယောက်အနက် အသက်ရှင်လျက် ကျန် ရစ်ခဲ့သော အမှတ်တစ်နှင့် အမှတ်နှစ်တို့အား စုပေချန်းတို့က ဖမ်းဆီးခေါ်ဆောင်သွားကြပြီဖြစ်၏။

ပတ်ဝန်းကျင်တွင် လူသူအရိပ်အရောင် လုံးဝ မတွေ့ တော့ပါ။

ထိုအခါမှ ကောင်းလိက သစ်ပင်ပေါ်မှ ခုန်ဆင်းလာလေ ၏။

မြေပေါ်သို့ ခြေချလိုက်လျှင် ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်ပြီး လဲကျသေဆုံးနေသည့် အမှတ်သုံးထံသို့ လျှမ်း သွားလိုက်လေ၏။



အမှတ်သုံး၏အလောင်းကား လမ်းပေါ်၌ စန့်စန့်ကြီး ဖြစ်နေ၏။

အားလုံးက သူ့အား ဥပေက္ခာပြုထားလိုက်ကြပြီဖြစ်၏။

ကောင်းလိသည် အမှတ်သုံး၏ခန္ဓာကိုယ်ပေါ်၌ ရှာဖွေ ကြည့်လိုက်လေ၏။

ငွေထုပ်တစ်ထုပ်မှလွဲပြီး အခြား ထွေထွေထူးထူး ဘာမှ မတွေ့ရပါ။

ငွေထုပ်ထဲတွင် ငွေလွှဲလက်မှတ်၊ ငွေတုံးကလေးများ အတော်များများရှိနေသည်ကို မြင်တွေ့ရ၏။

မွေးစားသား ရှောင်စုထံမှ မျိုးမျိုးမြက်မြက် ရထားခဲ့ ဟန် တူ၏။

ကောင်းလိက....

'အမှတ်သုံး၊ ခင်ဗျားအတွက် ငွေသုံးစရာမလိုတော့လို့ ကျုပ် ယူသွားပြီ'

ဟု ပြောလိုက်၏။

သို့သော်....

သူ၏ခြေလှမ်းများ တုံ့ခနဲ ရပ်သွား၏။

မျက်နှာတွင် ပြင်းထန်သော ဝေဒနာတစ်ခုကို မခံမရပ်နိုင် အောင် ခံစားလိုက်ရသည့်အလား ရှုံ့မဲ့သွား၏။

ခန္ဓာကိုယ်တစ်ခုလုံးလည်း တုန်တုန်ယင်ယင် ဖြစ်သွား၏။

မရဏာနတ်ဆိုးသုံးဖော် မရှုမလှခံလိုက်ရသည့် အဖြစ်ကို တွေ့မြင်ပြီးသည့်နောက် စန်းတုံးနယ်မှ အမြန်ဆုံး ထွက်ခွာ ရှောင်တိမ်းသွားဖို့ ဆုံးဖြတ်လိုက်ပါသည်။

အခြေအနေအရ အသက်ရှင် လွတ်မြောက်ရေးအတွက် ရန်သူများနှင့်ဝေးရာသို့ ရှောင်တိမ်းသွားရမည် မဟုတ်ပါ လား။

ကောင်းလိုသည် ထွက်သွားဖို့ ခြေလှမ်း သွက်နေပြီးမှ ရပ်တန့်သွားခြင်းမှာ အဘယ်ကြောင့်ပါနည်း။

ကောင်းလို၏ မျက်လုံးထဲ၌ မြင်းဖြူဘုံကျောင်းဘေးမှ ပန်းဥယျာဉ်အတွင်း၌ သူ၏လက်ချက်ဖြင့် လူမှားအသတ်ခံ ရသော ချန်မင်းဆိုသည့်လူရွယ်၏မျက်နှာကို မြင်ယောင်လာ သည်။

အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်း၊ ကြေကွဲခြင်း ပူပန်ခြင်း စသည့် အရိပ်အရောင်များ လွှမ်းမိုးနေသည့် ချန်မင်း၏ အကြည့်သည် သူ၏အသည်းနှလုံးကို ဓားပါးကလေးများ ဖြင့် ထိုးဆွသလို ခံစားလိုက်ရပါသည်။

ချန်မင်း၏အကြည့်ကို ကောင်းလို ဘယ်သောအခါမှ မေ့ပျောက်နိုင်တော့မည် မဟုတ်ပါ။

ကောင်းလိုသည် တကယ့်ကိုပင် အသက်ကင်းမဲ့သူ တစ် ယောက်ပမာ ရှိနေပါသည်။

သူ၏ခြေလှမ်းများသည် ရှေ့သို့ လှမ်းသွား၏။

အိပ်မက်မက်ပြီး လမ်းထလျှောက်နေသူ တစ်ယောက်၏ ဟန်ပန်မျိုးဖြစ်သည်။



မှန်ပေသည်။

ကောင်းလိုသည် မှားယွင်းခြင်းတစ္စေ ခြောက်ခံနေရ၏။ ယခုမူ မှားယွင်းခဲ့သည်မှာ အတန်ကြာပြီဖြစ်သည်။

မှားယွင်းခြင်းကြောင့်လည်း ကြေးစား လူသတ်သမား ဘဝ ရောက်ခဲ့ရသည် မဟုတ်ပါလား။

ကောင်းလိုသည် တရွေ့ရွေ့လှမ်းသွားနေသည့်တိုင် သူ၏ စိတ်အစဉ်ကား ခန္ဓာကိုယ်နှင့်ယှဉ်တွဲမနေဘဲ အဝေးသို့လွင့် မျောနေလေတော့သည်။

အတိတ်ကာလ....

အလွန်ထိခိုက် ကြေကွဲဖွယ်ကောင်းသော အတိတ်ကာလ ဖြစ်သည်။

ကောင်းလိုသည် မိခင်ဖြစ်သူသေဆုံးသွားပြီး ဆရာဖြစ်သူ ကလည်း မောင်းထုတ်လိုက်ခြင်းကြောင့် စိတ်ထိခိုက်ကြေကွဲ စွာဖြင့် ဇာတိရပ်ရွာကို စွန့်ခွာထွက်လာခဲ့လေသောအခါ....

## ဇာတာညှိုးချိန်

ကောင်းကင်ပေါ်တွင် လဝန်း ထိန်ထိန်သာနေသည်။

လရောင်အောက်တွင် **ဝန်းကျင်တစ်ခုလုံး** သာယာလှပနေသည်။

သို့သော်—

ကောင်းလိ၏ဘဝကား သာယာလှပနေသည်။

သို့သော်....

ဇာတိရပ်ရွာကို စွန့်ခွာကာ ဘယ်ဆီဘယ်ဝယ် သွားရလေမည်မသိ၊ ခြေဦးတည့်ရာ ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။

ညမိုးချုပ်သွားသောအခါ ဗိုက်လည်းဆာ၊ မောလည်းမောသဖြင့် လမ်းဘေးသစ်ပင်ကြီး တစ်ပင်အောက်၌ ဝင်နားရင်း အိပ်ပျော်သွားခဲ့လေသည်။



ဘဝဒုက္ခများကို အရွယ်နှင့်မမျှအောင် ခါးစည်းခံလာခဲ့ရသူ ဖြစ်ပေရာ စိတ်နှလုံး ပျော်ရွှင် ကြည် မွေ့ နိုင် ခြင်းအလျဉ်းမရှိတော့ချေ။

အိပ်ပျော်သွားချိန်၌ပင် အိပ်မက်ဆိုးများ မက်နေမိ၏။ ပထွေးချုပင်းသည် အိပ်မက်ထဲ၌ပင် သူ့အား လိုက်လံနှိပ်စက်နေပါသည်။

ငယ်စဉ်ကပင် သူ့အားအနိုင်ကျင့်ခဲ့သော ကျောက်ဖြုန်းကလေးတို့ ဆိုးသွမ်းလူငယ်တစ်စုကလည်း ဝိုင်းဝန်းနှိပ်စက်ကြပါသေးသည်။

ကောင်းလိသည် အရက်ဆိုင်လေး၌ ရက်စက်ကြမ်းကြုတ်သူတစ်ယောက် ဖြစ်ခဲ့ပါသည်။

အမှန်တကယ် သူ၏အတွင်းစိတ်ထဲ၌ကား ပျော့ညံ့သူ၊ ကြောက်တတ်သူ၊ အားငယ်သူ၊ ခိုကိုးရာမဲ့သူ၊ ပျော်ရွှင်မှုကင်းမဲ့သူ ဖြစ်နေသည်တကား။

ထိုခံစားချက်များသည် နှလုံးသားအတွင်း၌ စူးနစ်ဝင်ရောက်နေသည်။

ထိုသို့သော ခံစားချက်များက တစ်ချိန်လုံး ဖိနှိပ် ညှဉ်းပန်းခြင်းဒဏ်ကို ခံရလေသောအခါ ဆန့်ကျင်ဘက်အသွင်သို့ ပြောင်းလဲခဲ့ရခြင်း ဖြစ်ပါသည်။

ကောင်းလိ၏ ဘဝပေးအခြေအနေနှင့် ရင်တွင်း ခံစားချက်ကို ခံစားနားလည်နိုင်သူရှိခဲ့ပြီး အားပေးနှစ်သိမ့်မည့် ဘဝခရီးလမ်းအတွက် ကောင်းသောလမ်းကို ညွှန်ပြပေးမည်

ဆိုပါက ကောင်းလိသည် လူကောင်းလေးတစ်ယောက်ဖြစ်
သွားမည်မှာ သေချာလှပေတော့သည်။

ယခုမူ....

ကောင်းလိသည် ရုတ်တရက် ထွက်ပေါ်လာသော သူသူ
ညံညံ အသံများကြောင့် လန့်နိုးလာလေသည်။

သူ၏တစ်ကိုယ်လုံး ချွေးစေးများဖြင့် စိုရွဲကာ အေးစက်
နေသည်။

ကောင်းလိသည် ကဗျာကယာ လူးလိမ့်ထကာ လှမ်းကြည့်
လိုက်၏။

'မလွှတ်စေနဲ့'

'လိုက်ကြဟေ့'

ဩသံပေးသံများနှင့် အတူ လူတစ်စု ပြေးလွှားလာနေ
ကြသည်ကို တွေ့မြင်ရလေသည်။

ထိုလူစုမှာ လူတစ်ယောက်အား လိုက်လံဖမ်းဆီးနေကြ
ခြင်းဖြစ်၏။

လူတစ်ယောက်သည် နောက်မှ လိုက်လံဖမ်းဆီးနေသူ
များ၏လက်ထဲမှ လွတ်မြောက်ရလေအောင် ဒရောသောပါ
ပြေးလွှားလာလေ၏။

တိုက်တိုက်ဆိုင်ဆိုင်ပင် ကောင်းလိရှိနေသောနေရာသို့ ဦး
တည်လာနေခြင်းဖြစ်၏။

ကောင်းလိ အထိတ်တလန့်ဖြစ်သွားကာ ဆတ်ခနဲ ထရပ်
လိုက်မိ၏။



ပြေးလွှားလာသူသည်လည်း ကောင်းလိအား အမှတ်
မထင် တွေ့မြင်လိုက်ရသဖြင့် အံ့ဩထိတ်လန့်သွားပုံ ရလေ၏။

'မင်း—မင်း'

'ခင်....ခင်ဗျား'

ကောင်းလိကလည်း ထစ်ထစ်ငေါ့ငေါ့ ရေရွတ်လိုက်၏။
ထိုလူသည် အကင်းပါးသူဖြစ်ပုံ ရလေ၏။

ကောင်းလိသည် သူ့အား အန္တရာယ်ပြုမည်မဟုတ်သည့်
အပြင် ထိတ်လန့်နေသည့်သဘော ရှိသည်ကို သတိပြုမိလိုက်ပြီး

'ရော့....ဖမ်းထားလိုက်'

ဟုပြောကာ တစ်စုံတစ်ခု ပစ်ပေးလိုက်၏။

ကောင်းလိက အမှတ်တမဲ့ ဖမ်းယူထားလိုက်မိသည်။

အဝတ်ဖြင့်ထုပ်ထားသော အထုပ်ကလေးတစ်ထုပ်ဖြစ်၏။

အထုပ်ထဲ၌ မည်သည့်ပစ္စည်းများ ရှိနေသည်ကို ကောင်း
လိ မသိနိုင်ပါချေ။

ထိုလူသည် ကောင်းလိအား အထုပ်ကလေး ပစ်ပေးလိုက်
ပြီးနောက် ဆက်လက် ပြေးလွှားသွားရာ သစ်ပင်များကြား
သို့ တိုးဝင်ပျောက်ကွယ်သွား၏။

ကောင်းလိသည် နားမလည်နိုင်စွာဖြင့် ငေးမောကြည့်
နေစဉ်မှာပင်....

'မင်း ဘယ်ပြေးမလဲ'

အော်ငေါက်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာ...

ပြေးလိုက်လာကြသူများသည် အနီးသို့ ရောက်ရှိလာ... ပြီး ပတ်ပတ်လည် ဝိုင်းရံထားလိုက်ကြလေတော့၏။

\+ * +

ကောင်းလိသည် လက်ထဲ၌ အထုပ်ကိုကိုင်ကာ ငူငူ... ရပ်နေ၏။

ထွက်ပြေးသွားသူသည် လည်းကောင်း၊ နောက်မှ လိုက်လာ... ကြပြီး သူ့အား ဝိုင်းရံထားကြသူများသည်လည်းကောင်း... မည်သို့ အကြောင်းကိစ္စရှိနေသည်ကို နားမလည်နိုင်ပါ... ချေ။

ကောင်းလိသည် ဝိုင်းရံထားသူများအားငေးမောကြ... နေမိ၏။

ထိုလူများသည် အလွန်ဒေါသထွက်သည့်အသွင် ရှိနေ... ပါ၏။

လက်နက်ကိုယ်စီကိုင်ဆောင်ထားကြပြီးကောင်းလိ ... အပိုင်းပိုင်းအထစ်ထစ်ဖြစ်အောင် ဝိုင်းဝန်း ခုတ်ထစ်ပစ်... တော့မည့်အသွင် ရှိလေ၏။



ကောင်းလိ ကြောင်အမ်းအမ်းဖြစ်နေစဉ်မှာပင်....

'ဟေ့ ကောင်....မင်းဘယ်ပြေးမလဲ'

အော်ငေါက်သံနှင့်အတူ လူတစ်ယောက်က ရှေ့သို့လှမ်း ထွက်လာသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူမှာ ခန္ဓာကိုယ် ထွားကြိုင်းသန်မာလှသော လူသန် ကြီးတစ်ယောက် ဖြစ်လေ၏။

လက်ထဲ၌ ဓားရှည်တစ်လက်ကို ဆွဲကိုင်ထားပြီး မိုးခြိမ်း သံကဲ့သို့ ကျယ်လောင်သော အသံကြီးဖြင့် အော်ငေါက် မေးမြန်းလာခြင်းဖြစ်၏။

ကောင်းလိ သတိဝင်လာ၏။

'ကျွန်တော်'

သူက စကားပြောရန် ဟန်ပြင်လိုက်သော်လည်း ထစ်ထစ် ငေါ့ငေါ့ဖြစ်ကာ ရှေ့ဆက်မပြောနိုင်ချေ။

ထိုလူသန်ကြီးမှာ ဝိုင်းရံထားကြသူများအား ဦးဆောင် လာခြင်း ဖြစ်ပုံရ၏။

ကောင်းလိအား ခြေဆုံးခေါင်းဆုံးစိုက်ကြည့်လိုက်ရင်း•

'ခွေးကောင်၊မင်းက ရွာမှာ ဓားပြဝင်တိုက်ပြီး လူသတ် သွားတယ်မဟုတ်လား၊ မင်းအဖော်တွေကော ဘယ်မှာလဲ၊ မင်းထွက်ပြေးလို့ မရတော့ဘူးဆိုတာ မှတ်ထား'

ဟု ကြိမ်းမောင်းလိုက်၏။

ကောင်းလိ ပါးစပ်အဟောင်းသားဖြစ်သွားကာ....

‘ဟာ....ကျွန်တော် ဓားပြမတိုက်ပါဘူး’

ဟု ကပျာကယာ ပြောလိုက်၏။

လူသန်ကြီးက....

‘ဘာကွ....ဓားပြမတိုက်ဘူး ဟုတ်လား’

‘ဟုတ်....ဟုတ်ပါတယ်ဗျာ’

‘ဟား....ဟား..ဟား၊ . မင်းလက်ထဲကအထုပ်က သက်သေခံနေတာတောင် မင်းကငြင်းချင်သေးသလား’

‘ဗျာ’

ကောင်းလိသည် လက်ထဲမှ အထုပ်ကို ယောင်ယမ်းပြီး ကြည့်လိုက်မိလေ၏။

ဘုမသိ ဘမသိ လူစိမ်းတစ်ယောက် ပစ်ပေးသွားသော အထုပ်ကို အမှတ်မထင် ဖမ်းယူ ထားခဲ့မိခြင်းသာ ဖြစ်ပေသည်။

ထိုအထုပ်သည်ပင် သက်သေခံပစ္စည်း ဖြစ်နေ၏။

ကောင်းလိ ခေါင်းခါယမ်းလိုက်၏။

‘ဒါ....ဒါ ကျွန်တော့်ပစ္စည်း မဟုတ်ဘူးဗျ’

ငြင်းဆန်ရင်း အထုပ်ကလေးကို လွှတ်ချလိုက်၏။

‘ခွမ်း’

မြေပေါ်ကျသွားသော အထုပ်ကလေးသည် ချည်နှောင်ထားရာမှ ပြေသွားပြီး အထုပ်ထဲမှ ပစ္စည်းများ ထွက်ကျလာလေတော့၏။



ထိုအခါ....

အထုပ်ထဲ၌ ရွှေငွေ လက်ဝတ်ရတနာများ ပါရှိနေပြီး လရောင်အောက်တွင် အရောင်ပြိုးပြိုးပြက်ပြက် ဝင်းလက်နေပါတော့၏။

‘ဒါ တို့ရွာက ဓားပြတိုက်သွားတဲ့ ပစ္စည်းတွေပဲ’

‘တစ်အိမ်သားလုံးကိုလဲ ရက်ရက်စက်စက်သတ်သွားသေးတယ်၊ ဒီကောင့်ကို မလွှတ်စေနဲ့’

‘ကြာပါတယ်ကွာ....ဆုံးမလိုက်ရအောင်’

တစ်ယောက်တစ်ပေါက် ပြောဆိုသံများ ထွက်ပေါ်လာလေ၏။

ဝိုင်းရံထားသူများက ရှေ့တိုးလာကြ၏။

‘နေဦး’

လူသန်ကြီး လက်ကာပြကာ ဟန့်တားလိုက်ပြီး....

‘နေဦး....ဒီကောင့်ကို ငါတာဝန်ယူမယ်၊ သူ့ကို စစ်ဆေးမေးမြန်းရဦးမယ်၊ ဒါမှ ကျန်တဲ့ကောင်တွေကိုပါ ဖော်ထုတ်လို့ရမှာ’

ဟု ပြောလိုက်၏။

ထိုအခါ....

ကျန်လူများသည် သဘောတူလိုက်ကြပြီး နောက်ဆုတ်လိုက်ကြလေ၏။

လူသန်ကြီးက ကောင်းလိကို စေ့စေ့ကြည့်ကာ—

‘ကဲ....ပြောစမ်း၊ မင်းရဲ့ အဖော်တွေ ဘယ်မှာလဲ’

ဟု မေးလေ၏။

ကောင်းလီ ခေါင်းခါယမ်းလိုက်၏။

'ကျုပ်....ကျုပ် ဘာမှမသိဘူးဗျ'

'အံမယ်....ဒီကောင် တော်တော် ခေါင်းမာပါလား။ဒေ
ချင်ပြီ ထင်တယ်'

လူသန်ကြီးက ဒေါက်ကာ လက်သီးဖြင့် ထိုးချလိုက်ဒေ
သည်။

'ခွပ်'

'အား'

မမျှော်လင့်ဘဲ ခံလိုက်ရခြင်းကြောင့် ကောင်းလီ လွတ်အ
အော်ကာ ဖင်ထိုင်ကျသွားတော့၏။

လူသန်ကြီးက....

'ခွေးကောင် ပြောစမ်း'

ဟု ဒေါက်ရင်း ခြေထောက်ဖြင့် လှမ်းကန်လိုက်လေ၏

'ဂုန်း....'

'အား'

ကောင်းလီ မြေပေါ် သုံးလေးပတ်မျှ လိမ့်သွားလေ၏

'ဟား ဟား ဟား'

'ခွေးကောင်....ဓားပြတိုက်၊လူသတ်ပြီး ခုတော့ ကြောင်
နေပြီလား'

'မင်းရဲ့ အစွမ်းသတ္တိတွေ ပြဦးလေကွာ'



ဝိုင်းရံထားသူများက လှောင်ပြောင် ရယ်မောလိုက်ကြ
လေ၏။

ကောင်းလီက မြေပေါ်မှ လူးလှိမ့်ထရန် ကြိုးစားလိုက်
သည်။

'ဓားပြကောင် ငြိမ်ငြိမ်နေစမ်း'

လူသန်ကြီးက အော်ဒေါက်ရင်း ကောင်းလီ၏ ရင်ဝကို
ခြေထောက်ဖြင့် ဖိနင်းထားလိုက်လေ၏။

ကောင်းလီ အသက်ရှူ ကျပ်သွား၏။

သူ၏ နှုတ်ခမ်းထောင့်မှ လည်းကောင်း၊ နှာခေါင်းမှ
လည်းကောင်း သွေးများ ယိုစီးကျလာ၏။

လူသန်ကြီးက—

'မင်းအဖော်တွေ ဘယ်မှာလဲ ပြောစမ်း'

ဟု ဒေါက်လိုက်၏။

ကောင်းလီက

'ကျုပ် ကျုပ် မသိ'

သူ၏ စကား မဆုံးမီ....

'ကဲ....မသိဦးကွာ၊ လိမ်ချင်ဦးကွာ'

လူသန်ကြီးက အော်ဒေါက်ရင်း ကောင်းလီ ရင်ဘတ်ကို
ခြေထောက်ဖြင့် ဆောင့်ကာ ဆောင့်ကာ ချလိုက်၏။

'အား'

'ဖြောက်'

ကောင်းလီ၏ စူးရှသော အော်ဟစ်သံ ကျယ်လောင်
စွာ ထွက်ပေါ်လာ၏။

လူသန်ကြီး၏ လက်ချက်ကြောင့် ကောင်းလိ၏ နံရိုးတ ချောင်း ကျိုးသွားလေ၏။

ကောင်းလိ အသက်ရှူ ကျပ်လာ၏။

'ဝေါ့'

ပါးစပ်မှ သွေးများ အန်ထုတ်လိုက်၏။

လူသန်ကြီးတို့ လူစုသည် သူ့အား အထင်အမြင် မှား ကြပြီ ဖြစ်လေ၏။

လူသန်ကြီးတို့၏ လက်ချက်ကြောင့် မရှူမလှ ဇာတ်သိမ်း တော့မည့် အခြေအနေ ရောက်နေ၏။

မည်သို့မျှ ရှင်းပြ၍ ရမည်မဟုတ်ဘဲ သေဆုံးသွားရမည် အရေးကို တွေးကာ ကြောက်ရွံ့လာ၏။

ထို့အပြင်....

တစ်သက်လုံး အနှိပ်စက်ခံဘဝ ရောက်ခဲ့ရသည်ကို ပြ ပြောင်း သတိရလာ၏။

အသက်သေဆုံးသွားချိန်အထိ သူတစ်ပါး၏ နှိပ်စက်ညှ ပန်းခြင်း ခံသွားရမည်လော။

ရုတ်တရက်....

ကောင်းလိ၏ နှလုံးသားထဲ ကိန်းအောင်းနေသော ဝ နည်းကြေကွဲမှု၊ နာကျည်းမှု၊ မုန်းတီးမှုများ ရှုန်းကန် ထ လာလေ၏။

'ကျုပ်ကို မတရားမလုပ်နဲ့'

ဟု အော်ငေါက်လိုက်မိလေ၏။



ထိုအခါ....

'ဒီကောင် တော်တော် ခေါင်းမာပါလား'

'သူခိုးက လူကို ဟစ်နေသေးတယ်'

'ချကွာ'

ခြေသွက် လက်သွက်ရှိသူ သုံးယောက်သည် လူသန်ကြီး ဟန့်တားခြင်း မပြုနိုင်မီ ပြေးဝင်လာကြပြီး ကောင်းလိအား ထိုးကြိတ် ကန်ကျောက်လိုက်လေ၏။

'ဝုန်း'

'ခွပ်'

'အား'

ကောင်းလိ မြေပေါ် လိမ့်သွားပြန်၏။

အသက်ကိုပင် မနည်း ရှူရှိုက်နေရတော့၏။

ကောင်းလိ မခံမရပ်နိုင်အောင် ဖြစ်လာတော့၏။

မုန်ယိုနေသော ဆင့်ဆိုးကြီးတစ်ကောင်ပမာ စိတ်ရိုင်း ဝင်လာလေ၏။

'ဒီလောက်တောင် နိုင့်ထက်စီးနင်း နှိပ်စက်ချင်ကြတာ သိကြသေးတာပေါ့'

စိတ်ထဲမှ ကြုံးဝါးရင်း လူးလိမ့်ခုန်ထလိုက်သည်။

သူ၏လက်တစ်ဖက်လည်း လှုပ်ရှားသွားလေသည်။

လရောင်အောက်တွင် ဝင်းလက်တောက်ပသော ဓား ရောင်များ ထွက်ပေါ်လာလေသည်။

တစ်ဆက်တည်းမှာပင်....

'အား'

'အမလေး'

'သေပါပြီဗျ'

အထိတ်တလန့် အော်ဟစ်သံများ တခဲနက်ထွက်ပေါ်လာတော့သည်။

ခြေသွက်လက်သွက် ထိုးကြိတ်ကန်ကျောက်လာသူ သုံးယောက်မှာ ကောင်းလိ၏လက်ချက် မိသွားကြပြီး မြေပေါ်အတုန်းအရုန်း လဲကျသွားကြလေသည်။

'ဟင်'

လူသန်ကြီး ကြောင်အမ်းအမ်း ဖြစ်သွား၏။

ကောင်းလိကို မျက်လုံးပြူးကာ ကြည့်ရင်း....

'မင်း..မင်း'

စကား ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသည်။

ကောင်းလိက မတ်တတ် ရပ်လာနိုင်ပြီဖြစ်သလို လူသန်ကြီးနှင့် မျက်နှာချင်းဆိုင်လိုက်ပြီ ဖြစ်သည်။

သူ၏အသွင်သည် ကြောက်ရွံ့နေသော ယုန်သူငယ်လေးတစ်ကောင်နှင့် မတူတော့ပါ။

အရက်သမား ပထွေးချိုပင်းအား သွေးအေးအေးဖြင့် သုတ်သင်ရှင်းလင်းပစ်ခဲ့စဉ်က ခံစားချက်ကင်းမဲ့သော လူသေအလောင်းတလောင်း၏ အသွင်မျိုး ဖြစ်လေသည်။



ကောင်းလိသည် လူသန်ကြီးကို စိုက်ကြည့်လိုက်ပြီး

'ကျုပ်က ဓားပြမဟုတ်ဘူး၊ ခင်ဗျားတို့က ကျုပ်ရှင်းပြတာကို လက်မခံဘဲ ရက်စက်ခဲ့တယ်၊ ဒါကြောင့် ကျုပ်က ခေါင်းငုံ့မခံနိုင်တော့ဘူး'

ဟု ပြောလိုက်သည်။

စကားဆုံးသည်နှင့် သူ၏လက်တစ်ဖက်သည်လည်း လှုပ်ရှားသွားပြီးသား ဖြစ်သွားလေသည်။

အင်္ကျီလက်အိုးထဲ၌ ဝှက်ထားသောဓားသည် လျှောခနဲထွက်လာပြီး လက်ထဲရောက်လာသည်။

ကောင်းလိက ဓားရိုးကို တင်းကြပ်စွာဆုပ်ကိုင်ကာ လူသန်ကြီး၏ ရင်ဝကို ထိုးသွင်းလိုက်၏။

သူ၏လှုပ်ရှားမှုသည် လျှပ်ပြက်သလို လျင်မြန်လှပေ၏။

လူသန်ကြီးသည် ကောင်းလိအား ကြောင်အမ်းအမ်းဖြင့် ကြည့်နေစဉ် ကောင်းလိ၏ဓားသည် လူသန်ကြီး၏ အသည်းနှလုံးထဲသို့ ထိုးဖောက်ဝင်ရောက်သွား၏။

ကောင်းလိက လက်ကိုပြန်ရုပ်လိုက်လျှင် ဓားကိုဆွဲနုတ်ကာ အင်္ကျီလက်အိုးအတွင်း၌ သိုဝှက်သိမ်းဆည်းထားပြီးဖြစ်သွားလေသည်။

လူသန်ကြီး အော်ပင်မအော်နိုင်တော့ပါ။

'ဝုန်း'

မြေပေါ် အရုပ်ကြိုးပြတ် လဲကျသွားလေသည်။

လူသန်ကြီးနှင့် အဖော်သုံးယောက် မရှုမလှခံလိုက်ရသည်ကို တွေ့ရလျှင် ဝိုင်းရံထားကြသူများ ထိတ်လန့်သွားကြလေသည်။

ကောင်းလိက ဝေ့ကြည့်လိုက်လျှင် အားလုံး အလျှိုလျှိုနောက်ဆုတ်သွားကြလေသည်။

ထို့နောက်တွင်ကား..

'ပြေးဟေ့....ပြေး....ပြေး'

'မြန်မြန်ပြေးပါဟ'

'အရေးထဲ မသာပေါ်ချင်ပြန်ပြီ ထင်တယ်'

တစ်ယောက် တစ်ပေါက် အော်ပြောကာ ဖနောင့်နှင့် တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးသွားကြသည်။

မြင်းများ ကဆုန်စိုင်းပြေးသလို လမ်းပေါ်၌ ဖုန်တထောင်းထောင်း ထသွားလေသည်။

ကောင်းလိကား မလှုပ်မယှက်ရပ်လျက်....

သူ့အတွက် အတွေ့အကြုံနှင့် သင်ခန်းစာ တစ်ရပ် ရလိုက်ပြီဖြစ်လေသည်။

## ပျားအုံကို တုတ်နဲ့ထိုးတဲ့သူ

နေမွန်းတည့်တော့မည် ဖြစ်လေသည်။

ကောင်းလိသည် မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာ၏။ စားပြ လိုက်ဖမ်းသည့် လူသန်ကြီးတို့ လူစု၏ လက်ချက်ကြောင့် သူ၏နံရိုးတစ်ချောင်း ကျိုးခဲ့ရပြီး ဒဏ်ရာများရလာခဲ့ရသည်။

သို့သော်....

ကောင်းလိသည် ဒဏ်ရာဒဏ်ချက်များကို လုံးဝ အမှုမထားပါချေ။

သူ့တွင် ရည်ရွယ်ချက် တစ်ခုသာရှိနေ၏။

ကောင်းလိ မြို့ထဲသို့ရောက်လျှင် စားသောက်ဆိုင် တစ်ဆိုင်သို့ဝင်ကာ အေးအေးဆေးဆေး စားသောက်လိုက်လေသည်။

သူလုပ်ကိုင်ဆောင်ရွက်ရမည့် ကိစ္စမှာ အချိန်ယူရမည့်သဘောရှိနေသည် မဟုတ်ပါလား။

ငယ်စဉ် ဘဝကိုလည်းကောင်း၊ တွေ့ကြုံခံစားခဲ့ရသည့် အဖြစ်အပျက်များကိုလည်းကောင်း လတ်တလော မေ့ထားလိုက်လေ၏။

သူက ဝမ်းဗိုက်ပြည့်အောင် အရင်ဆုံးစားသောက်လိုက်သည်။

ပြီးမှ လူတစ်ယောက်အား လိုက်လံရှာဖွေရန် ဆုံးဖြတ်ထား၏။

သို့သော်....

ကောင်းလိက လိုက်မရှာခဲ့ပါ။

ထိုလူသည် သူ့အား လာရောက်တွေ့ဆုံခဲ့လေ၏။

* * *

ကောင်းလိက စားသောက်နေ၏။

သူ၏ လှုပ်ရှားမှုတိုင်းသည် စိတ်ပါလက်ပါမရှိဘဲအသာကင်းမဲ့နေလေ၏။



အခြားသူ တစ်ယောက်ယောက်သာလျှင် ကောင်းလိကဲ့သို့ ခံစားရမည်ဆိုပါက လောကဓံကို ခံနိုင်စွမ်းမည် မဟုတ်ဘဲ ရူးသွပ်သွားမည်မှာသေချာလှ၏။

ကောင်းလိသည်လည်း မည်မျှလောက်ကြာကြာ ခံနိုင်ပါမည်နည်း။

ကောင်းလိသည် ဒဏ်ရာရထားသည်ကိုပင် မေ့ထားနိုင်ရကား သာမန်လူတို့ထက်ပိုသော ခံစားချက်ရှိနေကြောင်း ထင်ရှားနေပါတော့၏။

ကောင်းလိ စားသောက်နေစဉ်မှာပင် လူတစ်ယောက်က သူ့ထံသို့ ဦးတည်ကာ လှမ်းလာနေသည်ကို တွေ့လိုက်ရလေ၏။

ကောင်းလိ မော့ကြည့်လိုက်၏။

ထိုလူက ပြုံးပြရင်း ကောင်းလိနှင့် မျက်နှာချင်းဆိုင်တွင် ခုံတစ်လုံးဆွဲကာ ထိုင်ချလိုက်၏။

ကောင်းလိမှာ ထိုလူကို မသိပါချေ။

ထိုလူက ရင်းရင်းနှီးနှီး ပြောဆိုလာလေ၏။

'မင်း စားလို့သောက်လို့ ကောင်းတယ် မဟုတ်သား၊ အားလုံးအေးအေးချမ်းချမ်းပဲ မဟုတ်လား'

'ဗျာ....'

'မင်း ဒီကိုရောက်လာတာ ဝမ်းသာပါတယ်ကွာ၊ကျုပ်တို့က မင်းကို မျှော်လင့်နေကြတာ'

ကောင်းလိက....

'ခင်ဗျား ဘယ်သူလဲ၊ ဘာတွေပြောနေတာလဲ'

ဟု မေးလိုက်လေ၏။

ထိုလူက....

'ငါ့ညီကို ကြည့်ရတာ မှတ်ဉာဏ်မကောင်းဘူးထင်တယ်၊ တို့တတွေ ညကပဲ တွေ့ခဲ့ကြသေးတယ်လေ၊ မင်း မေ့နေပြီ လား'

ဟု ပြောလေ၏။

'ဗျာ....'

ကောင်းလိ ကြောင်အမ်းအမ်း ဖြစ်သွားလေ၏။

ထိုလူက ရယ်မောလိုက်လေ၏။

'ငါ့ညီက မှတ်မိပါလျက်နဲ့ တမင်မေ့ချင်ဟန် ဆောင်နေ တာ မဟုတ်လား'

ကောင်းလိကျဲမြိုးတို့သွား၏။

'ခင်ဗျား ဘယ်သူလဲ ခင်ဗျားကို ကျုပ်မသိဘူး'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်မိလေ၏။

ထိုလူငယ်မျက်နှာပေါ်မှ အပြုံးရိပ်များ ချက်ချင်းကွယ် ပျောက်သွား၏။

မျက်နှာထားတင်းသွားသလို လေသံလည်း မာကျော လာလေ၏။

'မင်းက ကျုပ်ကို မသိဘူးဆိုရင်လည်း ပြောပြရသေး တာပေါ့လေ'



ထိုလူသည် လေသံကို နှိမ့်ချကာ သွားကြားလေသံဖြင့်....

'ညက တို့တတွေခါးပြတိုက်လို့ရတဲ့ ပစ္စည်းထုပ်ကို မင်း ကို ပေးခဲ့တယ်၊ ကဲ....မင်း ဘာပြောချင်သေးသလဲ'

ဟု ပြောလေ၏။

'ဟင်....'

ကောင်းလိ လှုပ်လှုပ်ရှားရှားဖြစ်သွားလေ၏။

ထိုလူအား စိုက်ကြည့်လိုက်ပြီး....

'လက်စသတ်တော့ ခင်ဗျားကိုး'

ဟု ရေရွတ်လိုက်လေ၏။

ထိုလူက....

'ငါတို့အသက်စွန့်ပြီး တိုက်ခိုက်လုယက်လို့ရလာတဲ့ပစ္စည်း တွေ မင်းလက်ထဲကို ငါကိုယ်တိုင် ပေးခဲ့တာပဲ ကဲ....မင်း ငြင်းချင်သေးသလား'

ဟု ပြောလေ၏။

ကောင်းလိက....

'လက်စသတ်တော့ ညကတွေ့ခဲ့ရတာ ခင်ဗျားကိုး'

ဟု ပြောလိုက်၏။

ထိုလူက....

'ဟုတ်တယ်၊ မင်း မှတ်မိပြီလား'

ကောင်းလိ ခေါင်းညိတ်လိုက်၏။

'မှတ်မိပါပြီဗျာ'

သူ၏အသံ အေးစက်စက်ဖြစ်လာ၏။

မျက်လုံးများက တောက်ပြောင်နေသော်လည်း မျက်နှာကား ခံစားချက် ဟန်မူရာ ကင်းမဲ့သွား၏။

ထိုလူက....

'ကဲ....ညက ငါပေးခဲ့တဲ့ အထုပ်ကော'

ဟု မေးလေ၏။

ကောင်းလိက....

'ခင်ဗျားက အဲဒီအထုပ်ကို ပြန်လိုချင်လို့လား'

'ဟုတ်တယ်'

'အန္တရာယ်တွေ ဝိုင်းနေတဲ့ကြားမှာ ကျုပ်ကို ဓားစာခံဖြစ်အောင် အထုပ်ကိုပေးပြီး ထွက်သွားတာကိုကော ခင်ဗျား ဘယ်လိုဖြေရှင်းမလဲ'

ထိုလူ မျက်မှောင်ကုတ်သွားလေ၏။

'မင်း ဘာကို ဆိုလိုတာလဲ'

ကောင်းလိက...

'ကျုပ်ကို သေတွင်းထဲ ပို့ခဲ့တာလေ'

ထိုလူက ချက်ချင်း ရယ်မောလိုက်လေ၏။

'ဒီလောက်လဲ မဟုတ်ပါဘူးကွ၊ မင်း အခုအသက်ရှင်နေတာပဲမဟုတ်လား'

'ကျုပ်က ဒီလိုအသက်ရှင်အောင် ဘယ်လိုရုန်းကန်ခဲ့ရတယ်ဆိုတာကို ခင်ဗျားတို့ ထည့်မတွက်လို့တော့ မဖြစ်ဘူးဗျ'



ထိုလူသည် ကောင်းလိအား စိုက်ကြည့်လိုက်ပြီး....

'ဪ....မင်းကလဲ ဝေစုလိုချင်တယ်ပေါ့ ဟုတ်လား'

ဟု မေးလာလေ၏။

ကောင်းလိက

'ကျုပ်လိုချင်တာ အတော်ကို တန်ဖိုးများတယ်ဗျ'

ထိုလူ ခေါင်းခါယမ်းလိုက်၏။

'မင်းက လောဘကြီးရင် ဒုက္ခ ရောက်သွားမှာပေါ့ကွာ၊ င်း အသက်ရှင်ပြီး လွတ်မြောက်လာလို့ ကိုယ့်ကိုကိုယ် ထင်မကြီးနဲ့၊ သူတို့နဲ့ ကျုပ်တို့ဟာ တူတာမဟုတ်ဘူးဆိုတာ င်းသဘောပေါက်ထားဖို့ လိုလိမ့်မယ်'

ကောင်းလိက ...

'ခင်ဗျားတို့ဟာ ဓားပြတိုက်ပြီး အိမ်ရှင်တွေကို ရက်ရက်က်စက် သတ်ခဲ့ကြတယ်ဆိုတာ ကျုပ် သိထားပြီးပါပြီဗျာ'

ထိုလူက....

'အေး....မင်းသိတယ်ဆိုရင် ပစ္စည်းတွေကို ပြန်ပေးဖို့စဉ်းား၊ ကြားဖြတ်ယူမယ် မကြိုးစားနဲ့၊ ဒုက္ခရောက်သွားလိမ့်ယ်'

ြိမ်းခြောက်သလို ပြောလာလေ၏။

ကောင်းလိက သရော်ပြုံး ပြုံးလိုက်၏။

'ကျုပ်အတွက် ထိုက်တန်တဲ့ အခွင့်အရေးတော့ ရမှ ဖြစ်ယ်'

'မင်းက ဝေစုကို လိုချင်တာလား၊ ရှင်းရှင်းပြောစမ်းပါ၊ အေး....ဝေစုလိုချင်တယ်ဆိုရင်တော့ ကျုပ်တို့ဟာ ခွေးအကြီးကျင်းဟူရဲ့ အမိန့်အတိုင်း ဆောင်ရွက်ခဲ့ကြရတဲ့ လူတွေဆိုတော့ မင်းအရင်ဆုံး နားလည် သဘောပေါက်ထားမှ ဖြစ်လိမ့်မယ်'

ခွေးအကြီးကျင်းဟူ၏ အမည်ကို ကြားရလျှင် ကောင်းလိ ကြောက်ရွံ့သွားလိမ့်မည်ဟု ထိုလူယုံကြည်ထားပုံ ရလေတော့သည်။

သို့သော်....

ကောင်းလိက လုံးဝ အမှုမထားပါချေ။

'ကျုပ်လိုချင်တာက ဘုမသိဘမသိနဲ့ ကျုပ်ကို သေတွင်းထဲ ပို့ခဲ့တဲ့ အဖိုးအခပါဗျာ'

ဟု ပြောလိုက်၏။

'ဟား ဟား ဟား'

ထိုလူက ဟားတိုက် ရယ်မောလိုက်လေ၏။

'မင်းဟာ ပြောလေ ကဲလေပါလား၊ ဒုက္ခရောက်ချင်နေပြီ ထင်တယ်'

ကောင်းလိက....

'ကျုပ်ကို ဒုက္ခပေးခဲ့တဲ့ ခင်ဗျားသာ တကယ်တမ်း ဒုက္ခရောက်သွားလိမ့်မယ်ဆိုတာ မှတ်ထားပါဗျာ'

ဟု ပြန်လည် ချေပလိုက်လေ၏။



ထိုလူက—

'ကဲပါလေ....မင်းရထားတဲ့ ပစ္စည်းတွေ ထုတ်ပေးပါ'

ဟု ပြောလေ၏။

ကောင်းလိက....

'ခါးပြတိုက်ခဲ့တာ ခင်ဗျား တစ်ယောက်တည်းလား'

'ဘယ်က ဟုတ်ရမှာလဲ၊ ငါတို့ သုံးယောက် လုပ်ခဲ့ကြတာ'

'ဒါဖြင့်....ခင်ဗျား အဖော်တွေကော'

'သူတို့စောင့်နေကြတယ်'

'ကောင်းပြီ....ကျုပ်က သူတို့နဲ့ တွေ့ချင်တယ်'

ကောင်းလိ၏ စကားကြောင့် ထိုလူ နှာခေါင်း ရှုံ့လိုက်လေ၏။

'ကြီးကြီးကျယ်ကျယ်နဲ့ မင်းက ဘာကြောင့် တွေ့ချင်ရတာလဲ'

ဟု ပြော၏။

ကောင်းလိက....

'ခင်ဗျားတို့ သုံးယောက် ခါးပြတိုက်ခဲ့ကြပေမယ့် ကျုပ်နဲ့သာ မတွေ့ရင် ပစ္စည်းတွေ ဆုံးရှုံးသွားမှာပဲ မဟုတ်ဘူးလားဗျ'

ထိုလူက ပါးစပ် ပိတ်ထားလိုက်လေ၏။

ကောင်းလိက....

'ကျုပ်ကို ဝေစု တစ်ပုံခွဲပေးရမှာကို ခင်ဗျားတို့မနေ့မြောသင့်ပါဘူးဗျာ'

ထိုလူသက်ပြင်းချလိုက်၏။

'ကောင်းပြီလေ….မင်းအတွက်လဲ ဝေစုရမှာပေါ့၊ ပစ္စည်းတွေကိုသာ ပေးပါ'

ဟု သဘောတူလိုက်၏။

ကောင်းလိက….

'ခင်ဗျားတစ်ယောက်စာညီးကို ပေးလိုက်လို့ ဘယ်ဖြစ်မလဲ'

'ဟင်'

'ခုဆိုရင် အားလုံး လေးယောက် ဖြစ်သွားပြီ၊ ဒါကြောင့် လေးယောက် ဆုံပြီး ညီတူညီမျှ ထုခွဲ ဝေယူကြမှ ဖြစ်မှာပေါ့'

ထိုလူ မျက်မှောင်ကုတ်သွား၏။

ကောင်းလိကို စိုက်ကြည့်လိုက်၏။

သို့သော် –

ချက်ချင်းပင် ရယ်မောလိုက်လေ၏။

'ဟား ဟား ဟား'

သူ၏ ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ကောင်းလိက မလှုပ်မယှက် ထိုင်နေ၏။

သူ၏ မျက်လုံးအစုံသည် ထိုလူအား စိုက်ကြည့်နေ၏။



သတိထား ကြည့်မည်ဆိုပါက..

ကောင်းလိ၏ အသွင် သဏ္ဍာန်သည် သားကောင်အား ခုန်အုပ်တော့မည့် ကျားတစ်ကောင်ပမာ ရှိနေသည်ကို တွေ့မြင်ရမည် ဖြစ်လေ၏၊

ထိုလူကမူ ကောင်းလိအား အထင်သေးသော သဘော ရှိနေခြင်းကြောင့် သတိထားမိလိုက်မည် မဟုတ်ပါချေ။

အတန်ကြာ ရယ်မောပြီးမှ

'ကောင်းတယ်….ကောင်းတယ်….မင်းရဲ့ဆန္ဒ ပြည့်ဝရစေမှာပေါ့ကွာ'

ဟု ပြောကာ ထိုင်ရာမှ ထလိုက်လေ၏။

'ကဲ.. သွားကြစို့၊ ကျုပ်လူတွေ စောင့်နေကြလိမ့်မယ်'

ဟုလည်း ပြောလေ၏။

ကောင်းလိက ဆိုင်လုလင် တစ်ယောက်ကို ခေါ်ကာ စားသောက်ခ ကျသင့်ငွေ ပေးချေလိုက်၏။

ထို့နောက်

သူ့အား သေတ္တင်းထဲသို့ ပို့ခဲ့သူ နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားလေတော့၏။

* * *

လမ်းကြားလေးတစ်ခု။

ကောင်းလိသည် သူ့အား ခေါ်ဆောင်လာသူနှင့် အတူ လိုက်လာရင်း လမ်းကြားလေး တစ်ခုအတွင်းသို့ရောက်ရှိလာလေ၏။

လမ်းကြားလေး အတွင်း၌ လူသွားလူလာ ရှင်းနေပါသည်။

လမ်းဘေး တစ်ဖက်တစ်ချက်တွင် ခြံဝင်းကျယ်ကြီးများက အုတ်တံတိုင်းများ ကာရံထားသည်ဖြစ်၍ ပို၍ တိတ်ဆိတ်ငြိမ်သက်နေ၏။

နှစ်ယောက်သား လမ်းကြားလေး အတွင်းသို့ လှမ်းဝင်လိုက်ကြသည်နှင့်

'ကြာလှချည်လားကွ'

စကားသံနှင့်အတူ လမ်းဘေးရှိ သစ်ပင်တစ်ပင် နောက်ကွယ်မှ လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ရလေ၏။

ကောင်းလိအား ခေါ်လာသူက ခြေလှမ်းရပ်ကာ....

'အေး....သူ့ကိုလဲ ဝေစု ခွဲပေးရမယ် ပြောနေလို့ ကြာသွားတယ်ကွ'

ဟု ပြန်ပြောလိုက်၏။

သစ်ပင်နောက်ကွယ်မှ ထွက်လာသူသည် ကောင်းလိကို မျက်လုံးပြူးကာ ကြည့်လိုက်လေသည်။



ပြီးလျှင်....

'ဟား....ဟား....ဟား'

အခြောက်တိုက် ရယ်မောလိုက်လေသည်။

ကောင်းလိအား ခေါ်လာသူက....

'တို့လူတစ်ယောက်ကော'

ဟု မေးလေသည်။

သစ်ပင်နောက်ကွယ်မှ ထွက်လာသူက....

'သူက စောင့်နေရတာကြာလို့ ဆရာကြီးကျင်းဟူဆီကို သွားပြီး သတင်းပို့နေတယ်၊ မကြာခင် ပြန်ရောက်လာလိမ့်မယ်'

ထိုသို့ပြောပြီး ကောင်းလိအား ခြေဆုံးခေါင်းဆုံးကြည့်ကာ....

'မင်းက ဝေစုလိုချင်တယ်ဟုတ်လား'

ဟု မေးလာသည်။

ကောင်းလိက....

'မဟုတ်ဘူး'

'ဟင်'

'ကျုပ်က ဝေစုလိုချင်တာ မဟုတ်ဘူး၊ ကျုပ်ကို ဒုက္ခရောက်အောင်လုပ်ခဲ့တဲ့ ခင်ဗျားတို့ကို ဆုံးမချင်လို့ပါ'

'ဘာကွ'

လူဆိုးနှစ်ယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေ၏။

တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီးလျှင်-

'ဒီကောင် တော်တော်လူဝါးဝပါလား'

'ငါတို့အကြောင်း မသိသေးဘူးထင်တယ်'

'ဟုတ်တယ်၊ ချကွာ'

'ကောင်းပြီ'

သူတို့သည် ဒေါပွသွားကြသလို ကောင်းလိအား ဆုံးမ မည်ဟု ဆုံးဖြတ်လိုက်ကြလေသည်။

ချက်ချင်းပင် ဓားကိုယ်စီဆွဲထုတ်ကာ....!

'သေဖို့သာပြင်ထား'

'ယား'

ဓြာသံများပေးကာ တရကြမ်း တိုက်ခိုက်လိုက်ကြသော် ကောင်းလိက အံ့ကြိတ်လိုက်သည်။

ထိုလူနှစ်ယောက်၏အဖော်ကို စောင့်နေဖို့ အချိန်မ တော့ပါ။

မည်သို့ဆိုစေ....

ညက သူ့အား သေတွင်းထဲသို့ပို့သွားသူအား တွေ့ ရပြီမို့ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ပြန်လည် တိုက်ခိုက်လိုက်လေသည်။

ဆရာကြီးလိဖုံး သင်ကြားပေးထားသော သိုင်းကွက် များကို အသုံးပြုကာ တိုက်ခိုက်လိုက်ခြင်းဖြစ်ပါသည်။

ယခုအချိန်တွင် ကောင်းလိသည် လူကောင်းတစ်ယောက် ဟု မဆိုသာပါချေ။



ဒဏ်ရာများရထားသလို နံရိုးတစ်ချောင်း ကျိုးနေသည်။ တိုက်ပွဲဝင်ဖို့ လုံးဝမသင့်လျော်သော အခြေအနေဖြစ် လေသည်။

သို့သော်....

ကောင်းလိသည် သူ့အား ဒုက္ခပေးခဲ့သူအပေါ် အခဲ မကျေ ဖြစ်နေရကား ဘာဆိုဘာမှ မစဉ်းစားဘဲ ရင်ဆိုင် လိုက်ခြင်း ဖြစ်ပေတော့သည်။

ဆရာကြီးလိဖုံး သင်ပေးသော သိုင်းကွက်များသည် အစွမ်းထက်မြက်မှု ရှိပေသည်။

လူဆိုးနှစ်ယောက်အား ကောင်းကောင်းကြီး ခုခံ ကာ ကွယ် တိုက်ခိုက်နိုင်ခဲ့လေသည်။

ထိုလူနှစ်ယောက်သည် ကောင်းလိအား လွယ်လင့်တကူ အနိုင်မရနိုင်မှန်း သိကြသောအခါ....

'ယား'

ဓြာသံပေးကာ ပို၍ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ကြ သည်။

ဝဲယာ တစ်ဖက်တစ်ချက်မှ ညှပ်ကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

ကောင်းလိကလည်း ပြန်လည်တိုက်ခိုက်၏။

လမ်းကြားကလေးအတွင်း၌ ပြင်းထန်သောတိုက်ပွဲ ပေါ် ပေါက်လာသည်။

အတန်ကြာသော်လည်း မည်သူမျှ အနိုင်မရဘဲ လက်ရည်ညီမျှနေကြလေသည်။

ထိုစဉ်မှာပင်....

'ငါလာပြီဟေ့'

ကျယ်လောင်သော အော်ပြောသံနှင့်အတူ လူတစ်ယောက် ပြေးလွှား ရောက်ရှိလာလေသည်။

လူဆိုးနှစ်ယောက်၏ အဖော်ဖြစ်သူ ရောက်ရှိလာခြင်း ဖြစ်လေသည်။

ထိုလူသည် ရောက်လျှင်ရောက်ချင်းပင် တိုက်ပွဲအတွင်းသို့ ခုန်ဝင်လာလေ၏။

ဓားတစ်လက် ဆွဲကိုင်ကာ ကောင်းလိအား ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေတော့၏။

သုံးယောက် တစ်ယောက် ဖြစ်လာလေသောအခါ ကောင်းလိ အခြေအနေ ဆိုးသွားလေတော့သည်။

လူဆိုးသုံးယောက်၏ ဓားသုံးလက်သည် သူ၏သေကွင်းသေကွက်များကို ဦးတည်ထိုးနှက် တိုက်ခိုက်လာကြလေ၏။

ကောင်းလိမှာ ဒဏ်ရာရထားသလို မောဟိုက်နွမ်းနယ်နေပြီ ဖြစ်လေ၏။

သူ၏လှုပ်ရှားမှုများ နှေးကွေးလေးလံလာသလို တိုက်ခိုက်မှု အရှိန်အဟုန် လျော့ကျလာလေ၏။



ဤတွင်....

'ဝှစ်'

'အား'

လူဆိုး တစ် ယောက် ၏ ဓားချက်သည် ကောင်းလိ၏ ဝဲဘက်ပခုံးကို ရှပ်ပြီး ခုတ်ချလိုက်မိလေ၏။

ကောင်းလိ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်ရ၏။

'သေဖို့သာပြင်ထား'

'ဒီကောင့်ဆီမှာ ပစ္စည်းတွေရှိတယ်'

'ရှင်းပစ်ကွာ'

လူဆိုးသုံးယောက်သည် အားတက်သရော ပြောကာ ဖို၍ တိုက်ခိုက်လိုက်ကြလေ၏။

ကောင်းလိအား အရှင်မထားဘဲ သုတ်သင်ရှင်းလင်းပစ်တော့မည်မှာ သေချာလှပေသည်။

ကောင်းလိမျက်လုံးများ ပြာဝေသွားသည်။

လူဆိုးသုံးယောက်၏ လက်ချက်ဖြင့် သေရမည်ကို မလိုလားပါချေ။

ဆရာကြီးလိဖုံး၏သိုင်းကွက်များသည် ထက်မြက်မှုရှိသော်လည်း လက်ရှိ သူကြုံတွေ့နေရသည့် အခြေအနေနှင့် ကိုက်ညီခြင်း မရှိတော့ပါ။

ဆရာကြီးလိဖုံး သင်ပေးသည့်သိုင်းကွက်များမှ လွဲပြီး ကောင်းလိက တခြားသိုင်းကွက်ပညာ တတ်မြောက်ထားခြင်း မရှိပါ။

လူဆိုးသုံးယောက်အား အရှုံးပေးရတော့မည့် အခြေအနေနှင့် ကြုံတွေ့လာရတော့သည်။

အခြေအနေဆိုးနှင့် ကြုံတွေ့လိုက်ရလျှင် ကောင်းလိ၏ရင်ထဲ ငုပ်လျှိုးနေသော နာကျည်းခံပြင်းမှုများ၊ မုန်းတီးခြင်းများ စုန်းခနဲ ဖြစ်ပေါ်လာလေသည်။

မတရားသဖြင့် အနိုင်ကျင့် ညှဉ်းပန်းခြင်းကို ဘဝတစ်လျှောက်လုံး ခံစားခဲ့ရသူဖြစ်၍ မုန်းတီးစိတ်၊ လက်တုံ့ပြန်လိုစိတ်များက ကြီးစိုးနေပါ၏။

အသက်သေရမည်ကိုလည်း မကြောက်တော့ပါ။

တစ်ဖက်ရန်သူအား သူသေကိုယ်သေ ရင်ဆိုင်လိုစိတ်များ ဖြစ်ပေါ်လာလေသည်။

ကောင်းလိ၏ အသွင်သဏ္ဌာန်သည် ချက်ချင်းပြောင်းလဲသွားသည်ဟုဆိုနိုင်ပါ၏။

သူ၏မျက်နှာသည် အေးစက်ခက်ထန်သွားရာမှ လူသေအလောင်းပမာ ခံစားချက်ကင်းမဲ့သော ဖြူလျော်လျော်မျက်နှာထား ဖြစ်သွားလေ၏။

ခြေလှမ်းများကို နောက်မဆုတ်တော့သည့်အပြင် ရင်ကော့ပြီး ရှေ့တိုးလိုက်၏။

အင်္ကျီလက်အိုးထဲမှဋ္ဌားသည် သူ၏လက်ထဲ၌ ရောက်ရှိနေပြီ ဖြစ်ပါ၏။

ကောင်းလိသည် ဓားကို တင်းကြပ်စွာ ဆုပ်ကိုင်ရင်း ရှေ့ဆုံးမှဝင်လာသည့် လူဆိုးအား ထိုးစိုက်ချလိုက်၏။



ထိုလူသည် အသားစူးစီးရနေပြီဖြစ်၍ ကောင်းလိအား အပြီးသတ်သင်ပစ်တော့မည်ဟု ရည်ရွယ်ကာ ဓားကို ကိုင်မြှောက်ပြီး ပြေးဝင်လာခြင်း ဖြစ်လေ၏။

သို့သော်....

ကောင်းလိက ရှေ့တိုးပြီး ဓားဖြင့် ထိုးသွင်းလာသော အခါ မရှောင်နိုင်တော့ပါချေ။

'အင့်'

မသဲမကွဲညည်းညူလိုက်ပြီး ခန္ဓာကိုယ် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားလေ၏။

ထို့နောက်....

'ဖုတ်'

မြေပေါ် အရုပ်ကြိုးပြတ်လဲကျသွားသေ၏။

ထိုလူ၏ အဖော်နှစ်ယောက် ကြောင်အမ်းအမ်းဖြစ်သွားကြ၏။

ကောင်းလိသည် မရှုမလှ ရှုံးနိမ့်တော့မည့် အချိန်မှာပင် အခြေအနေတစ်မျိုး ပြောင်းလဲသွားကာ ကြောက်မက်ဖွယ်ကောင်းအောင် ပြန်လည်တိုက်ခိုက်လိုက်သည် မဟုတ်ပါလား။

ထိုစဉ်မှာပင်....

ကောင်းလိသည် သူတို့ထံသို့ တစ်ဟုန်ထိုး ပြေးဝင်လာပြီး တရကြမ်း တိုက်ခိုက်လိုက်လေ၏။

လူဆိုးနှစ်ယောက် သတိဝင်လာကာ ကပျာကယာရှောင်တိမ်းလိုက်ကြ၏။

သို့သော်....

သူတို့၏လှုပ်ရှားမှုသည် ကောင်းလီ၏ လှုပ်ရှားမှုထက် အနည်းငယ် နောက်ကျနေပါ၏။

အသာစီးရထားပြီဖြစ်ကြ၍ ကောင်းလီအား အမှုထား ရန်မလိုဟု သဘောပိုက်ထားကြရာမှ အမှတ်မထင် ကြောက် မက်ဖွယ်အရှိန်အဟုန်ဖြင့် လျင်မြန်စွာ တိုက်ခိုက်လာသော အခါ ရုတ်တရက် မရှောင်နိုင်အောင် ဖြစ်သွားကြလေ တော့၏။

ကောင်းလီ၏ဓားသည် ဒုတိယလူဆိုး၏ ရင်ဝ၌ ထိုးစိုက် မိလိုက်ပြန်လေ၏။

'အား'

စူးရှသော အော်သံနှင့်အတူ ဒုတိယလူဆိုးမှာ မြေပေါ် လဲကျသွားလေတော့၏။

တတိယမြောက်လူသည် အခြေအနေကို ကောင်းစွာ သဘောပေါက်လိုက်ပြီ ဖြစ်လေ၏။

သူက ကောင်းလီအား ဆက်၍တိုက်ခိုက်လျှင် အနိုင်ရ ကောင်း ရနိုင်ပေ၏။

အနိုင်ရသည့်တိုင်အောင် ကောင်းလီ၏ တုန့်ပြန်မှုကို ဂရု မထား၍ မဖြစ်ချေ။

ကောင်းလီသည် အသက်ကို ပဓာနမထားဘဲ သူ့သေ ကိုယ်သေ တိုက်ခိုက်နေသည် မဟုတ်ပါလား။



ရှေ့ဆက်တိုက်ခိုက်နေလျှင် နှစ်ယောက်စလုံး သေဖို့သာ ရှိတော့သည်ဟု ကောင်းကောင်းကြီး သဘောပေါက်သွား လေ၏။

ထို့ကြောင့်....

ကောင်းလီက သူ့ဆက်လှည့်လာသည်နှင့် ရှည်ရှည်ဝေး ဝေး စဉ်းစားမနေတော့ဘဲ နောက်သို့ ခုန်ဆုတ်လိုက်၏။

ကောင်းလီ၏ ဓားထိုးသွင်းချက်မှ ပွတ်ကာသီကာလေး လွတ်မြောက်သွားသည်နှင့် အဝေးသို့ ခုန်ထွက်လိုက်၏။

ထို့နောက်....

ကောင်းလီအား လုံးဝမကြည့်တော့ဘဲ ဖနောင့်နှင့်တင် ပါး တစ်သားတည်းကျအောင် ထွက်ပြေးသွားလေတော့ သည်။

ထိုလူဆိုးသည် ကံကောင်းထောက်မပြီး ကောင်းလီ၏ လက်ချက်မှ လွတ်မြောက်သွားလေတော့၏။

* * *

ထွက်ပြေး လွတ်မြောက်သွားသော လူဆိုး၏အမည်မှာ ကျုံဝါဖြစ်လေ၏။

ကျုံ့ဝါသည့် ချက်ချင်းပင် သူတို့၏ ခေါင်းဆောင်ဖြစ်သော ခွေးအကြီးကျင့်ဟူထံသို့ ရောက်ရှိသွားပြီး အကျိုးအကြောင်း ပြောပြလိုက်၏။

ခွေးအကြီးကျင့်ဟူ မကျေမနပ်ဖြစ်သွား၏။

'ဒီကောင်ကို တွေ့တဲ့နေရာကရှာပြီး ဖမ်းခေါ်လာခဲ့'

ဟု သူ့လူများကို အမိန့်ပေးလိုက်သည်။

ထိုအခါ....

ခွေးအကြီးကျင့်ဟူ၏ လက်အောက်ရှိ လူဆိုးများသည် ကောင်းလိအား သဲကြီးမဲကြီး လိုက်လံရှာဖွေကြလေတော့သည်။

ကောင်းလိသည် ပျားအုံကို တုတ်နဲ့ထိုးမိသူတစ်ယောက် ဖြစ်သွားလေတော့၏။

* * *

ဆရာကြီးလိဖုံးသည် လက်နှစ်ဖက်နောက်ပစ်ကာခေါင်းတုန်ခေါက်ပြန် လမ်းလျှောက်နေ၏။

သူ၏မျက်နှာတွင် ခံပြင်းဒေါသထွက်သည့် သဏ္ဌာန်များ အထင်းသား ပေါ်လွင်နေ၏။



ကောင်းလိနှင့် ပတ်သက်ပြီး သူ၏စိတ်ထဲ ဘဝင်မကျဖြစ်ခဲ့ရသည်မှာ အတော်ကြာပြီ ဖြစ်ပါ၏။

ကောင်းလိမှာ ပထွေးဖြစ်သူအား ရက်ရက်စက်စက် သတ်ပစ်လိုက်ပြီးနောက် ကြောက်စရာကောင်းသူ တစ်ယောက်ဖြစ်လာသည်။

နာမည်နှင့် ဂုဏ်သိက္ခာကို ဦးစားပေးသည့် ဆရာကြီးလိဖုံးအတွက်ကား တပည့်ဆိုးတပည့်မိုက်ကိုမှ ပညာသင်ပေးမိပြီဟုတွေးကာ ယူကြုံးမရဖြစ်ရလေတော့သည်။

ထို့ကြောင့်လည်း ကောင်းလိအား မောင်းထုတ်လိုက်ခြင်းဖြစ်လေသည်။

ကောင်းလိသည် သူ၏စကားကို နားထောင်ကာ ထွက်သွားသည် မှန်သော်လည်း ကောင်းလိအား ဆရာကြီးလိဖုံးစိတ်မချနိုင်သေးပါချေ။

ကောင်းလိ၏ ရက်စက်ကြမ်းကြုတ်မှုနှင့် ပတ်သက်ပြီး လူဆိုးလေးတစ်ယောက် ဖြစ်သွားပြီဟု သတ်မှတ်ထားလိုက်သည်။

ရှေ့ဆက် မည်သို့ဖြစ်ပေါ်လာမည်ကို သတင်းစုံစမ်းနေခဲ့သည်။

ညတွင်...

ကျေးရွာကလေးတစ်ရွာ၌ ဖြစ်ပွားသော ဓားပြမှုတွင် ကောင်းလိ ပါဝင်နေသည်ဟု သိလာရတော့သည်။

ကောင်းလိ၏ လက်ချက်ကြောင့် လိုက်လံဖမ်းဆီးရန် ကြိုးစားခဲ့ကြသော ရွာသားအချို့ သေဆုံးခဲ့ကြောင်းလည်း သိလာရလေသည်။

ဆရာကြီးလိဖုံး အကြီးအကျယ် ဒေါသထွက်သွားသည်။

'လက်စသတ်တော့ ဒီကောင်ဟာ ငါသင်ပေးထားတဲ့ သိုင်းပညာကို မကောင်းတဲ့ဘက်မှာ အသုံးချနေပြီကိုး'

ဟုလည်း တစ်ချိန်လုံး တွေးနေမိသည်။

ကောင်းလိနှင့်ပတ်သက်ပြီး အမျိုးမျိုး တွေးတောစဉ်းစားပြီးနောက် ဆုံးဖြတ်ချက်တစ်ခုချလိုက်လေသည်။

ဤနယ်တစ်ဝိုက်ကို တာဝန်ယူရသော အာဏာသားခေါင်းဆောင် ဝေ့ထင်းယန်နှင့် သွားရောက်တွေ့ဆုံဖို့ ဖြစ်လေသည်။

## မုဆိုးနဲ့ သားကောင်

ဟူပေမြို့....

ဟူပေမြို့သည် စည်ကားသိုက်မြိုက်လှသော မြို့တော်ကြီးတစ်ခုဖြစ်လေသည်။

ဆရာကြီးလိဖုံးသည်ဟူပေမြို့သို့ရောက်ရှိလာပြီဖြစ်လေ၏။

ဆရာကြီးလိဖုံးသည် အာဏာသားခေါင်းဆောင် ဝေ့ထင်းယန်ထံသို့ သွားရောက်တွေ့ဆုံလိုက်လေသည်။

ဝေ့ထင်းယန်သည် တစ်နယ်လုံးအတွက် တာဝန်ယူရသော ခေါင်းဆောင်ဖြစ်သည်နှင့်အညီ အလုပ်တာဝန်များဖြင့် မအားလပ်နိုင်အောင် ဖြစ်နေသည်ဟု ဆရာကြီးလိဖုံးယုံကြည်ထား၏။

အာဏာသားခေါင်းဆောင် စခန်းချထားသည့်နေရာသို့ ရောက်သွားသောအခါ ဝေ့ထင်းယန်သည် သူ၏နေအိမ်မှ ပင် နေထိုင်ကာ လက်အောက်ငယ်သားများအား လိုအပ် သည့် ကိစ္စအဝဝကို စီစဉ်ညွှန်ကြားပေးလေ့ရှိကြောင်း သိ ရ၏။

ထို့ကြောင့်—

ဆရာကြီးလိဖုံးက ဝေ့ထင်းယန်၏အိမ်ကို မေးမြန်း စုံစမ်းကာ လိုက်သွားခဲ့ရလေသည်။

ဝေ့ထင်းယန်၏အိမ်သို့ ရောက်သွားသောအခါ....

* * *

ဝေ့ထင်းယန်၏အိမ်သည် ခမ်းနား ထည်ဝါလှသော စံအိမ်ကြီးတစ်လုံး ဖြစ်လေသည်။

စံအိမ်အဝင် တံခါးမကြီးနံဘေး၌ အစောင့်နှစ်ယောက် စောင့်ကြည့်နေကြလေသည်။

ဆရာကြီးလိဖုံး ရောက်လာလျှင်....

'ရပ်လိုက်'



'ဘာကိစ္စလဲ ပြောပါ'

ဟု အစောင့်များက ဟန့်တားမေးမြန်းလာကြလေ၏။

ဆရာကြီးလိဖုံးက....

'ကျုပ်က အာဏာသားခေါင်းဆောင် ဝေ့ထင်းယန်နဲ့ တွေ့ချင်လို့ လာခဲ့တာပါ'

ဟု ပြောလိုက်သည်။

အစောင့်တို့က ခေါင်းခါယမ်းလိုက်ကြသည်။

'ခင်ဗျားတွေ့ချင်တိုင်း တွေ့လို့မရဘူး၊ ဆရာမအားဘူးဗျ'

'ဟုတ်တယ်၊ ခင်ဗျားတွေ့ချင်ရင် နောက်မှလာခဲ့'

မလိုလား မနှစ်မြို့သည့်ဟန်ဖြင့် ပြောကြလေသည်။

ဆရာကြီးလိဖုံး ပင့်သက်ရှိုက်လိုက်မိသည်။

သူ၏ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန် အာဏာ သား ခေါင်းဆောင် ဝေ့ထင်းယန်နှင့် တွေ့မှဖြစ်မည်မဟုတ် ပါလား။

ထို့ကြောင့်....

'ကျုပ်က အရေးကြီးတဲ့ကိစ္စရှိလို့ ခရီးဝေးက လာခဲ့ရ တာပါ၊ ဝေ့ထင်းယန်နဲ့တွေ့ရမှ ဖြစ်ပါလိမ့်မယ်'

ဟု စောဒက တက်လိုက်သည်။

အစောင့်တစ်ယောက်က....

'ဆရာဝေ့ထင်းယန် မအားဘူးလို့ ဘယ်နှစ်ခါ ပြောရ မလဲ၊ ခင်ဗျားတွေ့ချင်ရင် နောက်မှလာခဲ့၊ ခုတော့ တွေ့ခွင့် ရမှာ မဟုတ်ဘူး'

ဟု ခပ်ပြတ်ပြတ်ပင် ပြောလာလေသည်။

လိဖုံးက....

'ကျုပ်က.... လူသတ်မှု၊ ခိုးပြမှု ကျူးလွန်နေတဲ့ လူ

တစ်ယောက် အကြောင်း သတင်းပေးချင်လို့ပါ'

အာစောင့်က....

'ဘာကိစ္စဖြစ်ဖြစ် နောက်မှလာခဲ့ဗျာ'

လုံးဝလက်မခံဘဲ ထွက်သွားဖို့သာ ပြောနေသည်။

လိဖုံး အံ့ဩသွားလေသည်။

အစောင့်တို့သည် တာဝန်ရှိသောအာ ဏာသားများဖြစ်

ကြလေသည်။

ရာဇဝတ်မှု ကျူးလွန်သူအကြောင်းကို သတင်းပေးဖို့လာ

သူအား ကောင်းမွန်စွာ ကြိုဆိုဧည့်ခံသင့်သည်ဟု ယူဆမိ၏

ယခုတော့....

အာဏာသား အစောင့်နှစ်ယောက်သည် ဘာကိုမှ ဂရု

မစိုက်ကြသည့်အသွင် ရှိနေပါသည်။

လိဖုံးက....

'ကျုပ်ပြောနေတဲ့ လူဆိုးလေးဟာ အင်မတန် ဒုက္ခပေး

နိုင်ပါတယ်, သူဟာ....'

ကောင်းလိအကြောင်းကို ပြောရန် ဟန်ပြင်လိုက်သော်

လည်း အစောင့်နှစ်ယောက်က လုံးဝအမှုမထားကြပါချေ။

တစ်ယောက်က လက်ဝှေ့ယမ်းပြလိုက်ပြီး....

'နောက်မှလာလို့ ပြောနေပြီပဲဗျာ၊ ဘာကြောင့် ခင်ဗျား

လျှာရှည်ချင်နေရသေးတာလဲ'



'ကဲ....ကဲ.... သွားပါတော့ဗျာ'

ဟု မောင်းထုတ်လိုက်ကြလေသည်။

လိဖုံး မကျေမနပ်ဖြစ်သွားသည်။

အစောင့်နှစ်ယောက်အား ဒေါသတကြီး ပြောဆိုရန်

ဟန်ပြင်လိုက်ပြီးမှ တစ်စုံတစ်ခုကို သတိရသွားလေသည်။

အစောင့်နှစ်ယောက်ကို သေသေချာချာ ကြည့်လိုက်၏။

အစောင့်တို့သည် သောက်စားမူးယစ်ကာ လောင်းကစား

အပျော်အပါး လိုက်စားသူတို့၏ ပုံသဏ္ဌာန်မျိုးရှိနေသည်ကို

အကဲခတ်မိလေသည်။

ထို့ကြောင့်....

'ကျုပ် တကယ်အရေးကြီးလို့ ဆရာဝေ့ထင်းယန်နဲ့ တွေ့

ပါရစေ၊ ကျေးဇူးပြုပြီး ဝင်ခွင့်ပြုကြပါ'

ပြောပြောဆိုဆို အိတ်ထဲ လက်နှိုက်လိုက်လေသည်။

အစောင့်နှစ်ယောက် ဘာမှမပြောကြပါ။

ဒေါသတကြီး မောင်းထုတ်ခြင်း မရှိပါ။

အင်္ကျီအိတ်ထဲမှ ပြန်ထွက်လာမည့် လိဖုံး၏လက်ကို စိုက်

ကြည့်နေကြလေသည်။

လိဖုံး ကောင်းကောင်းကြီး သဘောပေါက်လိုက်ပြီ ဖြစ်

ပါသည်။

သူ၏လက်ကို ပြန်ထုတ်လိုက်သောအခါ ငွေတစ်ထောင်

တန်သည့် ငွေလွှဲလက်မှတ်တစ်ခု ပါလာသည်။

လိဖုံးက....

'မိတ်ဆွေလေးတို့ရဲ့ကျေးဇူးကို မမေ့ပါဘူးဗျာ၊ ကျုပ်ကို ဆရာဝေ့ထင်းယန်နဲ့ တွေ့ခွင့်ရအောင် ဆောင်ရွက်ပေးစေချင်ပါတယ်'

ပြောရင်း ငွေလွှဲလက်မှတ်ကို အစောင့်တစ်ယောက်၏ လက်ထဲသို့ ထည့်ပေးလိုက်လေသည်။

ယခုမှ....

အစောင့်နှစ်ယောက်မျက်နှာ ပြုံးပြုံးရွှင်ရွှင် ဖြစ်သွားလေသည်။

'ဆရာကို ချက်ချင်းကြီး ဝင်တွေ့လို့ မဖြစ်သေးဘူး၊ ဆရာက အသစ်ကလေးနဲ့ ပျော်နေတာဗျ'

'ဟင်'

လိဖုံး အံ့သြသွားလေသည်။

ဝေ့ထင်းယန် ကိုယ်တိုင်သည် အကျင့်ပျက်သူ တစ်ယောက် ဖြစ်နေသည် မဟုတ်ပါလား။

လိဖုံးက....

'ဩော်....ဆရာဝေ့ထင်းယန် အလုပ်များနေတာ ဒါကြောင့်ကိုး၊ ကိစ္စမရှိပါဘူး ကျုပ် စောင့်နေပါ့မယ်ဗျာ'

ဟု ပြောလိုက်သည်။

ငွေမျက်နှာကြောင့် အစောင့်နှစ်ယောက်သည် ပြောင်းလဲနေကြပြီဖြစ်သည်။



'လာဗျို့ ဧည့်ခန်းထဲမှာ ထိုင်စောင့်နေပါ၊ ခင်ဗျားက အရက် သောက်တတ်တယ် မဟုတ်လား၊ အကောင်းစားအရက်နဲ့ဧည့်ခံပါ့မယ်ဗျာ'

ချက်ချင်းပင် လိဖုံးအား ဧည့်ခန်းအတွင်းသို့ ခေါ်ဆောင်သွားကြသည်။

ဧည့်ခန်းတွင် နေရာထိုင်ခင်း ပေးပြီးလျှင် အကောင်းစားအရက်ဖြင့် ဧည့်ခံကြလေသည်။

လိဖုံးက အရက်တစ်ခွက်သာ သောက်လိုက်ပါသည်။

အစောင့်နှစ်ယောက်သည် လိဖုံးကို ရင်းရင်းနှီးနှီးဆက်ဆံလာကြသည်။

တစ်ယောက်က....

'ခင်ဗျားမှာ ဘယ်လိုအရေးကြီးတဲ့ ကိစ္စရှိနေလို့လဲ ပြောစမ်းပါဦးဗျ'

ဟု မေးလိုက်လေသည်။

လိဖုံးက....

'ကျွန်တော်တို့မြို့က လူငယ်တစ်ယောက်ဟာ လူသတ်မှုတွေ ဓားပြမှုတွေ ကျူးလွန်နေတာကြောင့် အချိန်မီ တားဆီးနိုင်အောင် သတင်းလာပို့တာပါ....၊

'ပြီးတော့ ဆရာဝေ့ထင်းယန်နဲ့ တိုင်ပင်ဆွေးနွေးစရာလဲ နည်းနည်းရှိလို့ပါ'

အစောင့်တစ်ယောက်က

'ဒါများဗျာ ရေးကြီးခွင်ကျယ်လုပ်ပြီး အပင်ပန်းခံနေရတယ်လို့'

'ဟုတ်သားပဲ သူ့ဘာသာသူ လူသတ်ခဲ့ပြီးတိုက်တာ ခင်ဗျားကို မထိခိုက်ရင် ပြီးတာပဲ မဟုတ်လားဗျာ'

ကျန်တစ်ယောက်ကလည်း ပြောလာလေသည်။

လီဖုံး ပင့်သက်ရှိုက်လိုက်သည်။

ဝေ့ထင်းယန်၏ လူနှစ်ယောက်အပေါ် စိတ်ပျက်သွားတော့သည်။

သူတို့သည် မိမိတို့ဘာဝန်နှင့် ဝတ္တရားများအပေါ် ထိုလျှို့ရှုကာ သောက်စား မူးယစ်ပျော်ပါးခြင်းဖြင့် အချိန်ဖြုန်းနေကြသည် မဟုတ်ပါလား။

'ဒီကောင်လေးဟာ သူ့ရဲ့ပထွေးကို ရက်ရက်စက်စက်သတ်ပစ်လိုက်တယ်ဗျ'

'ပြီးတော့မြို့က ထွက်သွားသေးတယ်၊ သူဟာ ကျုပ်တို့မြို့ဘက်ကို ပြန်လာပြီး ယောင်းကျန်းမှာကို အားလုံးစိတ်ပူနေကြတယ်လေ'

ဟု ပြောလိုက်လေသည်။

'ဟား....ဟား....ဟား'

'ဟား....ဟား..ဟား'

အစောင့်နှစ်ယောက် ဟားတိုက် ရယ်မောလိုက်ကြလေသည်။



လီဖုံး ကြောင်အမ်းအမ်းဖြစ်သွားကာ....

'ဘာဖြစ်လို့လဲ'

ဟု မေးလိုက်မိသည်။

အစောင့်တစ်ယောက်က....

'ဘာဖြစ်ရမှာလဲ ခင်ဗျားဟာမိုးပြိုမှာကို တွေးကြောက်နေတဲ့ တစ်တီတူးလို ဖြစ်နေလို့ပေါ့ဗျာ'

လီဖုံး ပါးစပ်ပိတ်ထားလိုက်လေသည်။

အစောင့်က....

'နေပါဦး၊ ခင်ဗျားပြောတဲ့ပထွေးကို ရက်ရက်စက်စက်သတ်ပစ်လိုက်တယ်ဆိုတာ ကောင်းလီဆိုတဲ့ ကောင်လေးကိုပြောတာမဟုတ်လား'

ဟု မေးလာလေသည်။

'ဟုတ်ပါတယ်ဗျာ သူပါပဲ'

ကောင်းလီ၏ အမည်ကို သိနေကြသဖြင့် ဝမ်းသာသွားသည်။

အစောင့်က....

'ဒါဆိုရင်မပူနဲ့တော့ ကောင်းလီရဲ့ကိစ္စကို ဆရာရှမ်းကုံးက တာဝန်ယူထားတယ်....၊

'ဆရာကြီးဝေ့ထင်းယန်နဲ့တောင်တွေ့စရာမလိုတော့ဘူး၊ အိမ်ကို အေးအေးဆေးဆေးသာ ပြန်ပေတော့'

လိဖုံးက....

'ဆရာရှမ်းကုံးက—'

'သူက ကောင်းလိ အကြောင်းကို လိုက်ပြီးစုံစမ်းနေအယ်လေ....'

'ကောင်းလိမှာ အပြစ်ရှိတယ်ထင်ရှားရင်တော့ ဖမ်းဆီးအရေးယူမှာပဲ'

'ဟာ....အပြစ်ရှိပြီလားဗျာ'

'အပြစ်ရှိတယ်ဆိုရင် ကျိန်းသေအဖမ်းခံရမှာပဲ၊ဘာမှမပူနဲ့ဗျို့'

လိဖုံးက-

'ကျုပ်က ဒီကိစ္စကို ထိထိရောက်ရောက် ဖြစ်စေချင်တာ'

အစောင့်နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြ၏။

တစ်ဖန် လိဖုံးကို ကြည့်လိုက်ပြီး....

'ခင်ဗျားနဲ့ ကောင်းလိ ပတ်သက်စရာ အကြောင်းတစ်ခုခု ရှိနေပြီထင်တယ်'

ဟု ပြောပြလေ၏။

လိဖုံး မငြင်းနိုင်တော့ပါချေ။

'ဟုတ်တယ်....သူဟာ ကျုပ်ရဲ့ ဂုဏ်သိက္ခာ ကျဆင်းအောင် လုပ်ခဲ့တယ်၊ ကျုပ်ကို အရှက်ကွဲစေခဲ့သို့ပဲ'

'ဩော်–ဒီလိုကိုး'

'ခင်ဗျားက သူ့ကို ဆုံးမချင်နေတာပေါ့'

လိဖုံး ခေါင်းညိတ်လိုက်လေ၏။



ထိုစဉ်....

အတွင်းဘက်မှ မိန်းကလေး တစ်ယောက် ထွက်လာသည်ကို တွေ့လိုက်ရလေ၏။

ထိုမိန်းကလေးမှာ အသက် ဆယ့်ငါးနှစ်၊ ဆယ့်ခြောက်နှစ်ခန့်သာ ရှိဦးမည် ဖြစ်လေ၏။

အနီးရောင်အဝတ်အစားများ ဝတ်ထားပြီး လှပချောမောသူလေး ဖြစ်ပါ၏။

ယခု....

သူမ၏ အဝတ်အစားများ ကြေမွနေသလို ဆံပင်များလည်း ရှုပ်ပွနေ၏။

မျက်ဝန်းအစုံမှာ ငိုထားသဖြင့် နီရဲ မို့မောက် နေလေသည်။

သူမသည် လိဖုံးတို့အား တစ်ချက်ကြည့်လိုက်ပြီး ခပ်သွက်သွက် ပြေးထွက်သွားလေ၏။

အစောင့်နှစ်ယောက်ကား ထိုမိန်းကလေးကိုတပ်မက်မောသော အကြည့်ဖြင့် ကြည့်ရင်း....

'ငယ်လဲငယ်တယ်၊ ချောလဲ ချောတယ်ကွ'

ဟု တစ်ယောက်က ပြော၏။

ကျန်တစ်ယောက်က....

'အင်း....ဆရာကြီး ဝေ့ထင်းယန်က နွားအိုမြက်နုကြိုက်ဆိုတဲ့ စကားပုံအတိုင်းပေါ့ကွာ၊ ဒီကောင်မလေးကို ၂ သူစိတ်ကုန်သွားရင် တို့အတွက်ပေါ့'

နှစ်ယောက်သား သဘောကျစွာ ရယ်မောလိုက်ကြလေသည်။

ထိုအချိန်မှာပင် –

'မင်းတို့ ဘာတွေ သဘောကျနေတာလဲကွ'

စကားသံနှင့်အတူ လူတစ်ယောက် လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရ၏။

အစောင့်နှစ်ယောက် ချက်ချင်းပင် ထိုင်ရာမှ ထကာ ဦးညွှတ် ဂါရဝပြုလိုက်ကြ၏။

'ဆရာကြီးကို ဂါရဝပြုပါတယ်'

တစ်ဆက်တည်းမှာပင်....

'ဆရာကြီးကို တွေ့ချင်တဲ့ ဧည့်သည်တစ်ယောက် ရောက်နေပါတယ်ခင်ဗျာ'

လိဖုံးအား ညွှန်ပြကာ ပြောလိုက်ကြလေ၏။

လိဖုံးကလည်း ထိုင်ရာမှ ထကာ ဦးညွှတ်လိုက်၏။

အခန်းတွင်းမှ ထွက်လာသူမှာ အာဏာသား ခေါင်းဆောင် ဝေ့ထင်းယန် ဖြစ်ပေ၏။

ဝေ့ထင်းယန်သည် အပေါ်ပိုင်း အင်္ကျီမပါ ဗလာကျင်းလျက် ရှိပြီး သအာက်တစ်ထည် လွှမ်းခြုံထား၏။

အရက်သောက်ထားသဖြင့် မျက်နှာတစ်ခုလုံး နီရဲနေသလို တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက် ကျနေ၏။

မျှော့သို့ စူထွက်နေသော ဝမ်းဗိုက်ကြီးက ဝေ့ထင်းယန် သည် မည်သို့သော လူစားမျိုး ဖြစ်ကြောင်းကို ဖော်ပြနေသည်။



ဝေ့ထင်းယန်သည် လိဖုံးအား အကဲခတ်လိုက်ပြီး....

'ကျုပ်ကို တွေ့ချင်တယ် ဟုတ်လား'

ဟု မေးလာလေ၏။

လိဖုံးသည် ဝေ့ထင်းယန်အား ကြည့်ကာ စိတ်ပျက်နေပြီဖြစ်ပါ၏။

သို့သော်....

တွေ့ဖို့ ရောက်လာပြီးပြီမို့....

'ဟုတ်ပါတယ် ခင်ဗျာ'

ဟု ပြောလိုက်၏။

ဝေ့ထင်းယန်က....

'ကဲ....ထိုင်ပါဦး၊ အေးအေးဆေးဆေးပေါ့'

လိဖုံးအား ထိုင်ခိုင်းလိုက်သလို သူကိုယ်တိုင်လည်းထိုင်ချလိုက်လေ၏။

အစောင့်နှစ်ယောက်သည်ကား ဝေ့ထင်းယန်အတွက် လိုလေသေးမရှိ ပြုစု ဆောင်ရွက်ပေးလိုက်ကြလေ၏။

စားပွဲပေါ်၌ စားသောက်ဖွယ်ရာများနှင့် အရက်များ အလျှံအပယ် ဖြစ်သွား၏။

ဝေ့ထင်းယန်က အရက်တစ်ခွက် မော့သောက် လိုက်ပြီးမှ–

'ကဲ....ကျုပ်ကို ဘယ်လို ကိစ္စကြောင့် တွေ့ချင်တာလဲပြောပါဗျာ၊ ကျုပ်ရဲ့ အိမ်ကိုတောင် လိုက်လာတယ် ဆိုတော့ အတော့်ကိုအရေးကြီးမယ် ထင်တယ်'

လိဖုံးက....

'ဟုတ်ပါတယ်၊ ကျုပ်ရဲ့တပည့်မိုက်အကြောင်း တိုင်တန်းချင်လို့ပါ'

ဝေ့ထင်းယန်က....

'ခင်ဗျားရဲ့တပည့်မိုက် ဟုတ်လား၊ ဘယ်သူလဲ'

'ကောင်းလိပါ'

လိဖုံးက အကျိုးအကြောင်း ရှင်းပြလိုက်လေ၏။

ဝေ့ထင်းယန်က....

'လက်စသတ်တော့ ပထွေးကို ပြန်ပြီး သတ်ပစ်လိုက်တဲ့ ကောင်လေးအကြောင်း ပြောနေတာကိုး'

'ဟုတ်ပါတယ်ဗျာ'

'ဒီကောင်လေးက အတော်ကို သတင်း ကြီးသွားတာဗျ'

'သူဟာ မြို့ကို ထွက်ပြေးသွားရင်း လမ်းခရီးမှာ ရွာတစ်ရွာကိုဝင်ပြီး ဓားပြတိုက် လုယက်သွားသေးတယ်လို့ သိရပါတယ်'

ဟု ပြောလိုက်၏။

သူသည် ကောင်းလိအား မုန်းတီးနေပြီဖြစ်၏။

ကောင်းလိကြောင့် သူ၏ဂုဏ်သိက္ခာ ကျဆင်းရသည်ဟု ယုံကြည်ထား၏။

ကောင်းလိအား ထိရောက်စွာ အပြစ်ပေး အရေးယူဖြစ်မည်ဟု ခံယူထား၏။



ဝေ့ထင်းယန်က....

'ဒီကိစ္စအတွက်ဆိုရင် မပူပါနဲ့ဗျာ၊ ဆရာရှမ်းကုံးကို ကျုပ်တာဝန်ပေးထားပါတယ်၊ သူဟာ ကောင်းလိကို ဖမ်းမိဖို့ ခရီးထွက်သွားပါပြီ'

ဟု ပြော၏။

'လိဖုံးက....

'ကျုပ်က ကောင်းလိနဲ့ပတ်သက်ပြီး မိတ်ဆွေဆီမှာ အကူအညီတောင်းချင်လို့ လာခဲ့တာပါ'

ဝေ့ထင်းယန်က ခေါင်းညိတ်လိုက်၏။

'ဩော်....ဒီလိုလား၊ ကဲ ကျုပ်က ဘယ်လိုအကူအညီပေးရမယ်ဆိုတာ ပွင့်ပွင့်လင်းလင်းသာ ပြောပါဗျာ'

လိဖုံး အားတက်သွား၏။

ဝေ့ထင်းယန်သည်သဘောမနောကောင်းသူတစ်ယောက်ဖြစ်သည်ဟုလည်း ယုံကြည်သွား၏။

ထို့ကြောင့် .

'ကောင်းလိဟာ ကျုပ်ကိုယ်တိုင် သိုင်းပညာသင်ပေးခဲ့တဲ့ တပည့်လေးတစ်ယောက်ပါ၊ ခုလို ဆိုးသွမ်းနေတာကြောင့် ကျုပ် အခက်ကြုံနေရပါတယ်'

ဟု ပြောလိုက်၏။

ဝေ့ထင်းယန်က ရယ်မောလိုက်ပြီး နောက်ထပ် အချက်တစ်ချက် သောက်လိုက်၏။

ပြီးမှ....

'လက်စသတ်တော့ ခင်ဗျားရဲ့တပည့်အတွက် စိတ်ပူနေတာကိုး၊ သူ့ရဲ့လုပ်ရပ်က အတော်ကိုဆိုးဝါးတာပဲ၊ လူတွေပြောစမှတ်တွင်အောင် လုပ်လိုက်သလို ဖြစ်နေတယ်၊ ဒါကြောင့် ကျုပ်တို့က အရေးယူဖို့ စီစဉ်ခဲ့ရတာ၊ ဒါပေမယ့် ခင်ဗျားရဲ့ တပည့်ဖြစ်နေတော့လဲ အတတ်နိုင်ဆုံး ကြည့်ပြီး ဆောင်ရွက်ပေးရမှာပေါ့ဗျာ'

ဟု ပြောလေ၏။

အစောင့်တစ်ယောက်က....

'ကျုပ်ဆရာက ခင်ဗျားတပည့် မှုတစ်ပေါက်မစွန်းရအောင် တာဝန်ယူ ဆောင်ရွက်ပေးမယ်လို့ ပြောနေပြီပဲဗျာ၊ ခင်ဗျား စိတ်အေးရပြီပေါ့၊ ကျုပ်ဆရာရဲ့ကျေးဇူးကို သိတတ်ဖို့ပဲ လိုတော့တယ်ဗျ'

ဝေ့ထင်းယန်က ရယ်မောလိုက်လေ၏။

လီဖုံးက

'စိတ်ချပါဗျာ၊ ကျုပ်က ကျေးဇူးသိတတ်ပါတယ်'

ပြောပြောဆိုဆို ငွေလွှဲလက်မှတ်တစ်စောင် ထုတ်ယူကာ စားပွဲပေါ်သို့ တင်လိုက်လေ၏။

ဝေ့ထင်းယန်နှင့် အစောင့်နှစ်ယောက်၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပလာလေတော့၏။



ထိုလူများသည် အကျင့်စာရိတ္တပျက်ပြားနေသူများ ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါတော့၏။

ဝေ့ထင်းယန်က ကျေနပ်အားရသော လေသံဖြင့်....

'မိတ်ဆွေ ဘာမှမပူပါနဲ့၊ ခင်ဗျားတပည့် ဘာမှမဖြစ်စေရဘူး၊ ကျုပ်က ရှမ်းကုန်းကို ပြန်ခေါ်လိုက်မယ်၊ ခင်ဗျားတပည့်ရဲ့ကိစ္စကို လစ်လျူရှုထားလိုက်မယ်'

ဟု ပြောလေ၏။

လီဖုံး ခေါင်းခါယမ်းလိုက်၏။

'အာဏာသား ရှမ်းကုန်းကို ပြန်ခေါ်စရာ မလိုတော့ပါဘူးဗျာ'

ဝေထင်းယန် မျက်မှောင်ကုတ်သွား၏။

'ရှမ်းကုန်းကို ပြန်ခေါ်စရာမလိုဘူး ဟုတ်လား'

'ဟုတ်ပါတယ်ဗျာ'

'ခင်ဗျားတပည့်ကို ဖမ်းဆီးဖို့ ရှမ်းကုန်းကို လွှတ်ထားလိုက်တာဗျ'

လီဖုံးက တည်ကြည်သောမျက်နှာဖြင့်....

'တကယ်ဆိုရင် ကျုပ်တပည့်ဟာ ကျုပ်ရဲ့ မျက်နှာကို မထောက်ထားဘဲ ဆိုးသွမ်း မိုက်မဲခဲ့တာကြောင့် ကျုပ်ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေခဲ့ပါတယ်..

'ကျုပ် တစ်သက်လုံး စောင့်ထိန်းလာခဲ့တဲ့ ဂုဏ်သိက္ခာဟာ ခုတော့ တပည့်မိုက်ကြောင့် ကျဆင်းရတော့မှာပါ၊ ဘယ်လောက်ရှက်ဖို့ ကောင်းသလဲဗျာ၊ ကျုပ်တော့မျက်နှာကို ဓားနဲ့တောင်မှ လှီးပစ်လိုက်ချင်တော့တယ်'

ဝေ့ထင်းယန်က....

'ဒီလိုလဲ့ သဘောမထားပါနဲ့ဗျာ၊ မလိမ္မာ တစ်ခါမိုက် စမြဲပဲမဟုတ်လား၊ နောက်ဒီလိုမဖြစ်အောင် သေသေချာချာ ထိန်းကျောင်းပြုပြင်သွားမယ်ဆိုရင် လူကောင်းလေးပြန်ဖြစ် သွားမှာပါ၊ ကျုပ်တို့ကလဲ သူ့ကို လစ်လျူရှုထားလိုက်ပါ မယ်၊ ကဲ....ကျေနပ်ပြီလား'

ငွေမျက်နှာကြောင့် တရားဥပဒေကိုပင် မျက်နှာလွှဲထား လိုက်ပြီ ဖြစ်၏။

လိဖုံးက....

'မိတ်ဆွေ....ခုလိုလိုက်လျှောတာကို ကျေးဇူးတင်ပါတယ် ပြတ်ပြတ်သားသား ဆုံးဖြတ်ထားတယ်၊ ဒါပေမယ့် တပည့် မိုက်နဲ့ ပတ်သက်ပြီး ဆုံးဖြတ်ထားပါတယ်၊ သူ့ကို တပည့် တစ်ယောက်လို မသတ်မှတ်နိုင်တော့ပါဘူး၊ သူ့ကြောင့် ကျုပ်ရဲ့ဂုဏ်သိက္ခာ ကျဆင်းခဲ့ရတာကိုလဲ့ ဘယ်နည်းနဲ့မှ ခွင့် မလွှတ်နိုင်ပါဘူး'

ဟု ပြောလိုက်၏။

ဝေ့ထင်းယန် ကြောင်အမ်းအမ်းဖြစ်သွား၏။

လိဖုံးအား နားမလည်နိုင်စွာကြည့်ရင်း....

'မိတ်ဆွေက...'



လိဖုံးက....

'ကျုပ်ရဲ့သဘောထားကတော့ ကျုပ်တပည့်ကို ပြတ်ပြတ်သားသား အရေးယူစေချင်တာပါပဲ'

'ဪ....'

ဝေ့ထင်းယန် သက်ပြင်းချလိုက်၏။

'လက်စသတ်တော့ ခင်ဗျားက တပည့်ဖြစ်သူကိုအရေးယူ အပြစ်ပေးစေချင်တာကိုး'

လိဖုံး ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်ဗျာ'

ဝေ့ထင်းယန်က..

'ခင်ဗျား ဒီလိုလုပ်မယ်ဆိုရင် ခင်ဗျားရဲ့ ဂုဏ်သိက္ခာကို ပိုပြီးထိခိုက်သွားမှာပေါ့'

ဟု ပြောလေ၏။

လိဖုံးက....

'ဟုတ်ပါတယ်၊ ဒီလိုဖြစ်လာမယ်ဆိုတာကို ကျုပ်သိပါ တယ်၊ မိတ်ဆွေဆီက အကူအညီတောင်းချင်တာပါ'

ဝေ့ထင်းယန်က...

'ကဲ....ကျုပ် ဘယ်လိုကူညီရမယ်ဆိုတာကိုသာ ရှင်းရှင်း ပြောပါဗျာ'

ဟု မေးလေ၏။

လိဖုံးမျက်နှာ တည်ကြည်သွား၏။

'ကျုပ်ရဲ့ဆန္ဒကတော့ ဒီကောင်လေးကို အသေဖမ်းဆီး ပေးစေချင်တာပါပဲ'

ဟု ပြောလိုက်၏။

ဤတွင်....

အကင်းပါးလှသည့် ဝေ့ထင်းယန်မှာ လီဖုံး၏ သဘောထားကို ကောင်းကောင်းကြီး နားလည် သဘောပေါက်သွားတော့၏။

ကောင်းလီအား ဘေးမဲ့လစ်လျူရှုထားရခြင်းထက် ဖမ်းဆီး အရေးယူရခြင်းက ပိုပြီးအဆင်ပြေသည်မဟုတ်ပါလား။

ဝေ့ထင်းယန်သည် လီဖုံး၏တောင်းဆိုချက်ကို ချက်ချင်းပင် သဘောတူလိုက်၏။

လီဖုံးနှင့် ဝေ့ထင်းယန်တို့ နားလည်မှု ရသွားကြပြီဖြစ်၏။

ကောင်းလီအတွက်ကား ...

## ဘေးကြပ်နံကြပ်

'ဂျိမ်း....'

ကျယ်လောင်သော မိုးခြိမ်းသံ ထွက်ပေါ်လာ၏။

ကောင်းကင်ပေါ်တွင် လျှပ်နွယ်လျှပ်ပန်းများ ပြိုးခနဲ ပြက်ခနဲ ဝင်းလက်သွား၏။

လေပြင်းများလည်း တဟူးဟူးမြည်ကာ တိုက်ခတ်လာသည်။

ကောင်းကင်ပေါ်တွင် တိမ်ညိုတိမ်မည်းများအလိပ်လိုက် အလိပ်လိုက် တက်လာ၏။

ကြယ်ကလေးများနှင့် လဝန်းသည် မိုးသား တိမ်လိပ်များ၏ ဖုံးလွှမ်းခြင်းကိုခံရရာ လောကကြီး တစ်ခုလုံး အမှောင်ဖုံးသွားတော့၏။

'ဝှီး....ဝှီး ဝှီး'

လေပြင်းများသည် ပို၍ခက်ထန်ကြမ်းတမ်းစွာ တိုက်ခတ်လာလေသည်။

အေးစိမ့်မှုသည် ဝန်းကျင်တစ်ခုလုံး လွှမ်းမိုးသွားသည်။

မကြာပါချေ။

'ဝေါ ဝေါ ဝေါ'

'ဖြောင်း ဖြောင်း ဖြောင်း'

မိုးသီးမိုးပေါက်များ အဆက်မပြတ် ကျဆင်းလာလေတော့သည်။

မိုးရေစက်များသည် လောကကြီးတစ်ခုလုံးအား ရွှဲစိုသွားစေလေသည်။

မြေပေါ်တွင် ရွှံ့ဗွက်အိုင်များ ရေစီးကြောင်းများ ဖြစ်ပေါ်လာသည်။

မိုးကြိုးပစ်သံ လေပြင်းတိုက်သံ မိုးသည်းထန်စွာ ရွာသွန်းသောအသံများသည် ကမ္ဘာလောက၏ နောက်ဆုံးနေ့ရက်အလား ကြောက်မက်ဖွယ်ကောင်းအောင် မြည်ဟီးထွက်ပေါ်နေပါသည်။

ထိုအချိန်တွင်....

တစ်ခုသော ဇရပ်ပျက်ပေါ်၌ လူတစ်ယောက်ရှိ၏။



မိုးသံလေသံကြားမှ ထိုလူ၏ ချောင်းဆိုးသံ တဟွတ်ဟွတ်မြည်ကာ ထွက်ပေါ်လာလေသည်။

ကောင်းလိသည် ဇရပ်ပျက်ပေါ်၌တိုင်တစ်လုံးကို ကျောမှီကာ ထိုင်နေ၏။

သူ့အား ဒုက္ခပေးသွားသော လူဆိုးများကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ပြီ ဖြစ်ပါသည်။

သို့သော်....

သူကိုယ်တိုင်လည်း ဒဏ်ရာဗလပွ ရထားပြီ ဖြစ်လေသည်။

ကောင်းလိသည် မျက်လုံးမှိတ်ကာ အမောဖြေနေလိုက်သည်။

ကံဆိုးလှသည့် သူ၏ဘဝအကြောင်းတွေကာ ဝမ်းနည်းကြေကွဲလာလေသည်။

မိဘမဲ့တစ်ကောင်ကြွက် မည်သူမျှ မလိုလားသူ လက်မခံနိုင်သူ ဖြစ်နေရချေပြီ။

အဘယ်ကြောင့် ဤမျှခါးသီးဆိုးဝါးလှသော ကြမ္မာဆိုးသည် သူ့အပေါ်ကျရောက်လာခဲ့ရပါသနည်း။

'ငါဟာ ငယ်စဉ်ကတည်းက မိဘကို လုပ်ကိုင်ရှာဖွေကျွေးမွေးခဲ့ပါတယ်...၊

'မကောင်းတာ ဘာမှမလုပ်ခဲ့ပါဘူး၊ ဒါပေမယ့် ငါ့ဘဝဟာ တစ်ချိန်လုံးကံဆိုးမိုးမှောင်ကျခဲ့ရတယ်....၊

'ဘာကြောင့်များ ငါဒီလောက်တောင် ကံဆိုးနေပါလိမ့်'

ကောင်းလိသည် တွေးရင်းတွေးရင်း ခံပြင်းဒေါသထွက်လာသည်။

အရာရာတိုင်းကို မုန်းတီးနာကျည်းလာလေတော့သည်။

'တောက်'

ကောင်းလိ ခံပြင်းစွာ တက်ခေါက်လိုက်မိလေသည်။

သူ၏မျက်လုံးများ ဝင်းလက်တောက်ပြောင်လာ၏။

မျက်နှာတစ်ခုလုံး ကြောက်မက်ဖွယ်ကောင်းအောင် ခက်ထန်လာ၏။

တစစ်စစ်နာကျင်နေသော ခန္ဓာကိုယ်မှ ဝေဒနာများကို အမှုမထားတော့ပါ။

ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။

ယိုနောက်....

'ဟား ဟား ဟား'

ကျယ်လောင်စွာ ရယ်မောလိုက်လေသည်။

သူ၏အသံသည် မိုးသံလေသံများကြားမှ ကျယ်လောင်စွာ ထိုးဖောက်ပေါ်လာလေသည်။

ကောင်းလိသည် အရူးတစ်ယောက်ပမာ အူလှိုက်သည်းလှိုက် ရယ်မောလိုက်ပြီးလျှင် ဇရပ်ပျက်ပေါ်မှ ခုန်ဆင်းလိုက်သည်။



မိုးရေကြားထဲ ပြေးလွှားသွားလေသည်။

သူ၏ခြေလှမ်းများသည် မည်သည့်နေရာသို့ ဦးတည်နေသည်ကို သူကိုယ်တိုင်လည်း သိနိုင်မည်မဟုတ်ပါချေ။

* * *

ညသန်းခေါင်ချိန်သို့ ရောက်ပြီဖြစ်သည်။

ညဦးပိုင်းကတည်းက သည်းထန်စွာ ရွာခဲ့သောမိုးသည် ယခုတော့ အရှိန်အဟုန်လျော့ကျသွားပြီဖြစ်သည်။

မိုးဖွဲကလေးများကမူ ကျဆင်းနေဆဲ....

ဆီစိမ်ထီးတစ်လက် ဆောင်းထားသူ တစ်ယောက်သည် လမ်းကြားလေးတစ်ခုအတွင်းသို့ ရောက်ရှိလာလေသည်။

ညဥ့်နက်ပြီဖြစ်သလို မိုးရွာနေသဖြင့် လမ်းပေါ်၌ ခွေးတစ်ကောင် ကြောင်တစ်မြီးမှပင် မတွေ့ရပါချေ။

ဝန်းကျင်တစ်ခုလုံး ချောက်ချားဖွယ်ကောင်းအောင် လူသူကင်းမဲ့နေလေသည်။

ဆီစိမ်ထီး ဆောင်းထားသူကား ညအမှောင်ထုကို စိုးရွံခြင်းမရှိပါချေ။

လမ်းကြားလေးအတွင်း၌ ခပ်သုတ်သုတ် လျှောက်သွားနေသည်။

မကြာပါချေ။

မှောင်မည်းနေသော အဆောက်အဦး တစ်ခုရှေ့သို့ရောက်ရှိသွားလေသည်။

ဆီစိမ်ထီး ဆောင်းထားသူသည် ထိုအဆောက်အဦး၏တံခါးရှေ့၌ ခြေလှမ်းရပ်လိုက်ပြီး တံခါးခေါက်လိုက်လေသည်။

'ဒေါက် ဒေါက် ဒေါက် ဒေါက်'

တံခါးခေါက်သံမှာ အတွဲလိုက်အတွဲလိုက်ထွက်ပေါ်လာလေသည်။

လျှို့ဝှက်သင်္ကေတစာဖြင့် တံခါးခေါက်ခြင်းဖြစ်ကြောင်းထင်ရှားနေပါ၏။

မကြာပါချေ။

'ချပ်'

မြည်သံသဲ့သဲ့နှင့်အတူ တံခါးပွင့်သွားပြီး....

'ဘယ်သူလဲ'

ကီးတိုးမေးသံ ထွက်ပေါ်လာ၏။

တံခါးပွင့်သွားသော်လည်း အိမ်ထဲ၌ မှောင်မည်းနေရာဘာဆိုဘာမှ မတွေ့ရချေ။



ဆီစိမ်ထီး ဆောင်းလာသူက ထီးကို ပိတ်လိုက်ပြီး....

'နဂါး အမှတ်သုံး နဂါး'

ဟု ပြောလိုက်လေ၏။

သူ၏အသံနှင့် မရှေးမနှောင်းမှာပင်....

'ဝင်ခဲ့ပါ'

အတွင်းဘက်မှစကားသံ ထွက်ပေါ်လာသည်။

ဆီစိမ်ထီး ဆောင်းလာသူ(ဝါ)အမှတ်သုံး နဂါးဆိုသူသည် အိမ်ထဲသို့ လှမ်းဝင်လိုက်၏။

'ချက်'

အိမ်တံခါး ပြန်ပိတ်သွား၏။

'ကျုပ်နောက် လိုက်ခဲ့'

အိမ်ထဲမှလူက အသံတိုးတိုးဖြင့်ပြောကာ လမ်းပြ ခေါ်ဆောင်သွား၏။

အမှတ်သုံးနဂါးသည် အမှောင်ထဲမှာပင် ထိုလူ၏နောက်သို့မှန်းဆကာ လိုက်သွား၏။

မကြာပါချေ။

အရှေ့ဘက်၌ မီးရောင်များ တွေ့လိုက်ရ၏။

မီးလင်းနေသောအခန်းတစ်ခု ရှိနေခြင်း ဖြစ်၏။

အမှတ်သုံးနဂါးအား ခေါ်လာသူက....

'မင်း ဝင်သွားပါ၊ အစ်ကိုကြီးက မင်းကို စောင့်နေတယ်'

ဟု ပြော၏။

'ကောင်းပါပြီဗျာ'

အမှတ်သုံး နဂါးသည် မီးလင်းနေသောအခန်းဆီသို့ ခပ်သွက်သွက် လှမ်းသွားလိုက်၏။

အခန်းတံခါး ဖွင့်ထားပါ၏။

အမှတ်သုံးနဂါးက အခန်းတွင်းသို့ လှမ်းဝင်လိုက်လျှင် သူ့အား အသင့်ထိုင်စောင့်နေသူ တစ်ယောက်ကို တွေ့မြင်လိုက်ရ၏။

ထိုလူက....

'နဂါး၊ မင်း နောက်ကျတယ်၊ မင်းရဲ့အဖော်တွေကော'

ဟု ခရီးရောက်မဆိုက် မေးလာလေ၏။

အမှတ်သုံး နဂါးကဲ....

'သူတို့ သေသွားပါပြီ အစ်ကိုကြီး'

ဟု ပြောလိုက်၏။



'ဘာကွ'

ထိုင်နေရာက ဆတ်ခနဲ ထရပ်လိုက်၏။

အမှတ်သုံးနဂါးကို မျက်လုံးပြူးကြည့်ကာ....

'အမှတ်တစ်နဲ့ အမှတ်နှစ်တို့ သေသွားကြပြီ ဟုတ်လား

ဟု မေးလေ၏။

အမှတ်သုံးနဂါးက....

'ဟုတ်ပါတယ် အစ်ကိုကြီး ကျင်းဟူ'

အခန်းတွင်း၌ရှိနေသူမှာ အနက်ရောင်သိုင်းသမားလောကတွင် နာမည်တစ်လုံးဖြင့် ရပ်တည်နေသော ခွေးအကြီးကျင်းဟူ ဖြစ်ပါ၏။

ခွေးအကြီးကျင်းဟူသည် မကောင်းမှုဒုစရိုက်လုပ်ငန်း မှန်သမျှကို လက်မရှောင်ဘဲ လုပ်ကိုင်သူဖြစ်၏။

တပည့်တပန်းလည်း အများအပြား ရှိ၏။

ခွေးအကြီးကျင်းဟူအား အဖြူရောင်သိုင်းလောကသားများနှင့် အာဏာသားများက အသေရရ အရှင်ရရ လိုချင်နေကြ၏။

သို့သော်....

ခွေးအကြီးကျင်းဟူသည် ယခုတိုင် အသက်ရှင်နေဆဲ.... မကောင်းမှုဒုစရိုက်လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နေဆဲ ဖြစ်၏။

ကျင်းဟူသည် အမှတ်သုံးနဂါးကို မျက်လုံးပြူး၍ကြည့်လိုက်ပြီးလျှင်....

'အမှတ်တစ်နဲ့နှစ် သေသွားပြီ ဟုတ်လား'

မယုံကြည်နိုင်သောလေသံဖြင့် မေး၏။

အမှတ်သုံးနဂါးက —

ဟုတ်ပါတယ် အစ်ကိုကြီး'

'ကျင်းဟူက....

'ရွာထဲမှာ သိုင်းပညာတတ်တဲ့လူတချို့ ရှိနေတယ်လို့ မင်းတို့ကို ငါ ကြိုတင် သတိပေးလိုက်တာပဲ၊ ပြီးတော့ သေသေချာချာ အစီအစဉ်လုပ်ပေးလိုက်တာပဲ ဘယ်လို ဖြစ်ရတာလဲ'

ဟု မေးလေ၏။

အမှတ်သုံး နဂါးက....

'ရွာထဲ ဝင်ပြီး ဓားပြတိုက်တာ အောင်မြင်ခဲ့ပါတယ် အစ်ကိုကြီး၊ ဒါပေမယ့်....ရွာထဲက ပြန်အထွက်မှာ ကင်းလှည့်နေတဲ့ သိုင်းသမားတွေနဲ့ မမျှော်လင့်ဘဲ ရင်ဆိုင်တိုးမိလို့ ကျွန်တော်တို့ ထွက်ပြေးခဲ့ကြရပါတယ်...၊

'....ဒီလိုနဲ့ပဲ....'

သူတို့ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကိုပြောပြလိုက်လေ၏။



ကျင့်းဟူက သေသေချာချာ နားထောင်နေပါ၏။

အမှတ်သုံး နဂါး၏ စကားဆုံးသွားတော့မှ—

'လက်စသတ်တော့ သူခိုးလက်က သူ့ခိုးက်လုတဲ့ အဖြစ်ပဲ ကိုး'

ဟု မှတ်ချက်ချ၏။

အမှတ်သုံး နဂါးက....

'ဒီကောင်လေးဟာ အတော့်ကို ကြောက်စရာကောင်းပါတယ်၊ ပစ္စည်းတွေ ရသွားပေမယ့် ထွက်ပြေးမသွားဘဲ ကျွန်တော်တို့ကို လိုက်ရှာခဲ့ပါတယ်၊ သူ့ကို ဒုက္ခပေးရမလား ဆိုပြီး ချန်ပြီ တိုက်ခိုက်ခဲ့ပါတယ်'

ဟု ပြောလိုက်၏။

ကျင်းဟူ မကျေမနပ်ဖြစ်သွား၏။

'ငါ့လူတွေကို ဒီလိုလုပ်သို့ ဘယ်ရမလဲ၊ ငါ့အကြောင်းမြရသေးတာပေါ့၊ ကွမ်းကြူးခက်'

လူတစ်ယောက်၏ အမည်ကို ခေါ်လိုက်လေ၏။

မရှေးမနှောင်းမှာပင်....

အခန်းတွင်းသို့ လူသန်ကြီး တစ်ယောက် ဝင်ရောက်လာလေ၏။

ထိုလူမှာ ဒုစရိုက် သမားများက လူ့ဘီလူးကြီးဟု တင်စား ခေါ်ကြသည့် ကွမ်းကြူးခက်ဆိုသူ ဖြစ်လေ၏။

ကွမ်းကြိုးခက်သည်—

ကြောက်မက်ဖွယ် ကောင်းသော ကြေးစား လူသတ်သမား တစ်ယောက် ဖြစ်၏။

ကွမ်းကြိုးခက်သည် အခန်းတွင်းသို့ ရောက်လာလျှင် ကျွင်းဟူကို ဦးညွတ်လိုက်ပြီး....

'အမိန့်ရှိပါ အစ်ကိုကြီး'

ဟု ပြောလိုက်၏။

ကျင်းဟူက....

'ကွမ်းကြိုးခက်၊ မင်းက လူတစ်ယောက်ကို ရှင်းပစ်ရလိမ့်မယ်၊ အမှတ်သုံး နဂါးကို ခေါ်သွား'

ဟုအမိန့်ပေးလိုက်လေ၏။

ကွမ်းကြိုးခက်က....

'ကောင်းပါပြီ အစ်ကိုကြီး'

စကားဆုံးလျှင် အမှတ်သုံး နဂါးဘက်သို့ လှည့်ကာ....

'သွားကြစို့'

ဟု ပြောလိုက်လေ၏။

အမှတ်သုံး နဂါးသည် ကျင်းဟူကို ဦးညွတ်လိုက်ပြီးလျှင် ကွမ်းကြိုးခက်ကို ခေါ်ကာ အခန်းတွင်းမှ ထွက်သွားတော့သည်။

\+ * +



စားသောက်ဆိုင်ထဲ၌ လူစည်ကားနေပါ၏။

အသက် လေးဆယ်ခန့် ရှိပြီး အကောင်းစား ပိုးဖဲအင်္ကျီ ဝတ်ဆင်ထားသူ တစ်ယောက်သည် စားပွဲတစ်လုံး၌ ထိုင်ကာ အကျအန စားသောက်နေ၏။

ထိုလူသည် ဥပဓိရုပ် ကောင်းပြီး သိုင်းပညာ တတ်မြောက်ထားသူဖြစ်ကြောင်း ထင်ရှား ပေါ်လွင်နေ၏။

ငွေကို ရေလို သုံးနိုင်သူ တစ်ယောက် ဖြစ်ကြောင်းလည်း ထင်ရှား ပေါ်လွင်နေပါ၏။

ထိုလူသည် အစားအသောက်များကို အရသာခံကာအေးအေး ဆေးဆေး စားသောက်လိုက်ပြီးမှ အင်္ကျီ အိတ်ထဲသို့ လက်နှိုက်လိုက်၏။

လက်ကို ပြန်ထုတ်လိုက်သောအခါ စာတစ်စောင် ပါလာသည်။

ထိုလူက စာအိတ်ကို ကြည့်လိုက်၏။

ထိုစာအိတ်ပေါ်တွင်....

'ရှမ်းကိုးသို့ ပေးရန်'

ဝေ့ထင်းယန်

ဟု ရေးသားထားလေ၏။

ထိုလူသည် စာအိတ်ပေါ် ရေးထားသည့် စာများကို ဖတ်ကြည့်လိုက်ပြီးလျှင်....

'ဆရာ ဝေထင်းယန်ကတော့ ဘာတွေများ အကြောင်းထူးနေပြန်ပြီလဲ မသိဘူး'

ဟု ရေရွတ်လိုက်၏။

စာအိတ်ကို ဖောက်ကာ အထဲမှ စာကိုယူပြီး ဖတ်ကြည့်လိုက်၏။

စာကို ဖတ်ကြည့်လိုက်သောအခါ ထိုလူ မျက်မှောင်ကုတ်သွားလေ၏။

ထိုလူမှာ ဝေထင်းယန်၏ လက်အောက်၌ အမှုထမ်းနေသည့် အာဏာသား ရှမ်းကုံး ဖြစ်ပါ၏။

ရှမ်းကုံးက....

'ကောင်းလီဆိုတဲ့ ကောင်လေးကို ဖမ်းဆီး အရေးယူဖို့ထက် တွေ့တဲ့နေရာမှာ သုတ်သင် ရှင်းလင်းပစ်ရမယ် ဆိုပါလား'

ဟု ရေရွတ်လိုက်၏။

မှန်ပေ၏၊

ဝေထင်းယန်သည် လိဖုံး၏တောင်းဆိုချက်ဖြင့် ကောင်းလီအား သုတ်သင်ရှင်းလင်းပစ်ဖို့ ရှမ်းကုံးအား အမိန့်ပေးလိုက်ပြီ ဖြစ်၏။

ရှမ်းကုံး ပြုံးလိုက်၏။



အကြောင်းမှာ ဝေထင်းယန် ဆက်လက်ရေးသားထားသည့် စာများကြောင့် ဖြစ်လေ၏။

'ကောင်းလီကိုရှင်းပစ်လိုက်၊မင်းအတွက် ငွေတစ်သောင်းရမယ်'

ဟူ၍ ဖြစ်၏။

ရှမ်းကုံးက....

'ငွေရှာတဲ့ နေရာမှာတော့ ငါ့ဆရာ ဝေထင်းယန်က တကယ်တော်ပါလား၊ ကောင်းလီဆိုတဲ့ ကောင်လေးကို ဘယ်သူကများ သေသွားစေချင်နေပါလိမ့်'

သူသည် ကောင်းလီအကြောင်း စုံစမ်းသိရှိထားပြီ ဖြစ်လေသည်။

ကောင်းလီသည် မိဘမဲ့ တစ်ကောင်ကြွက်ဘဝသို့ ရောက်နေပြီဖြစ်၏။

သူ့တွင် ရန်သူ မယ်မယ်ရရမရှိပါ။

ပထွေးဖြစ်သူ၏ ရက်စက်မှုကြောင့် ဒေါ်သ ပေါက်ကွဲလာကာ သတ်ပစ်လိုက်ခြင်းဖြစ်၏။

တစ်သက်လုံး ခေါင်းငုံ့ခံနေခဲ့ပြီး မိခင် အသတ်ခံလိုက်ရသဖြင့် ပထွေးဖြစ်သူအား ရင်ဆိုင်လိုက်ခြင်းလည်း ဖြစ်လေ၏။

ကောင်းလိသည် အလွန် သနားစရာ ကောင်းလှသည့် ကောင်လေးတစ်ယောက်ဖြစ်ကြောင်း ရှမ်းကုန်းက ကောင်းစွာ သဘောပေါက်ထားပါ၏။

မြို့သူမြို့သားများသည် ပထွေးဖြစ်သူအပေါ် ကောင်းလိ၏ ရက်စက်မှုကြောင့်အထိတ်တလန့် ဖြစ်သွားကြသော်လည်း နောက်ပိုင်းတွင် ကောင်းလိ၏အကြောင်းစုံကို သိသွားကြပြီး သနားကရုဏာ သက်နေကြ၏။

ကောင်းလိအား ဒုက္ခပေးလိုသူ မရှိသလောက်ပင်။

အခြေအနေအရပ်ရပ်ကို စုံစမ်းသိရှိထားသော ရှမ်းကုန်းသည် ကောင်းလိအပေါ် ကရုဏာသက်မိ၏။

သို့သော်....

ဝေ့ထင်းယန်ထံမှ စာကို လက်ခံ ရရှိလိုက်သောအခါ သူ၏စိတ်နေသဘောထား ပြောင်းလဲသွားလေ၏။

'ကောင်းလိ....မင်းကို ငါ သနားပါတယ်၊ ဒါပေမယ့် ခုတော့ မင်း ကံဆိုးသွားပြီဟု ရေရွတ်လိုက်၏။

ဝေ့ထင်းယန်၏ အမိန့်အတိုင်း အကောင်အထည်ဖော်ရန် သူက ဆုံးဖြတ်လိုက်ပြီ ဖြစ်၏။

ရှမ်းကုန်း ထိုင်ရာမှထလိုက်၏။

ဆိုင်ထုလင်တစ်ယောက်ကို ခေါ်ကာ စားသောက်ခကျသင့်ငွေကို ပေးချေလိုက်၏။



ထို့နောက် ဆိုင်အပြင်ဘက်သို့ ထွက်လာခဲ့၏။

ဆိုင်အပြင်ဘက်သို့ရောက်လျှင် —

'သနားကြပါခင်ဗျာ'

သူတောင်းစားတစ်ယောက်သည်ရှမ်းကုန်းအနီးသို့ရောက်လာ၏။

ရှမ်းကုန်း၏မျက်နှာ ပြုံးရွှင်သွား၏။

အင်္ကျီအိတ်ထဲမှ ငွေအချို့ထုတ်ယူကာ သူတောင်းစားလက်ထဲ၌ ကိုင်ထားသော ခွက်ထဲသို့ ထည့်လိုက်၏။

သူက ငွေကို ခွက်ထဲထည့်လိုက်ပြီး ခွက်ထဲ၌ရှိနေသော စာတစ်စောင်ကို နှိုက်ယူလိုက်ခြင်းဖြစ်၏။

'ကျန်းမာချမ်းသာပါစေ'

သူတောင်းစားသည် ရှမ်းကုန်းအတွက် ဆုမွန်ကောင်းတောင်းလိုက်ပြီး ထွက်ခွာသွား၏။

ရှမ်းကုန်းကလည်း ရှေ့ဆက်လျှောက်သွား၏။

စားသောက်ဆိုင်နှင့် ခပ်လှမ်းလှမ်းသို့ရောက်သွားတော့မှ သူတောင်းစားထံမှ ယူလာသည့်စာကို ဖြန့်၍ဖတ်လိုက်၏။

စာထဲ၌....

'ဝမ်ဝေမြို့မှာ ကောင်းလိရောက်နေတယ်'

ဟု ရေးထားသည်ကို တွေ့ရ၏။

ရှမ်းကုိး ပြုံးလိုက်၏။

သူ့တွင် သတင်းပေးများစွာရှိသည် မဟုတ်ပါလား....

ယခု....

ကောင်းလီအကြောင်း သတင်းရလိုက်ပြီဖြစ်၏။

ရှမ်းကုိးသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ဝမ်ဝေမြို့သို့သွားရန် ဆုံးဖြတ်လိုက်တော့၏။

ကောင်းလီအား ခွေးအ,ကြီး ကျင်းဟူ၏ လူများက လိုက်ရှာနေကြသကဲ့သို့ လိဖုံး၏တောင်းဆိုမှုကြောင့် ဝေ့ထင်းယန်က ရှမ်းကုိးကို စေလွှတ်လိုက်ပြီဖြစ်၏။

သူတို့သည် ကောင်းလီအား တွေ့ရာသင်္ချိုင်းမြေမဆိုင်းဘဲ သုတ်သင်ကြတော့မည် ဖြစ်၏။

ကောင်းလီအတွက် အဆိုးဝါးဆုံး ဘေးကြပ်နံကြပ် အခြေအနေနှင့် ရင်ဆိုင်ရတော့မည်ဖြစ်လေသည်။

☆

## ဇာမဏီငှက်

ဝမ်ဝေမြို့....

ဝမ်ဝေမြို့သည် စည်ကားသိုက်မြိုက်လှသော မြို့ကြီးတစ်မြို့ဖြစ်လေသည်။

ကောင်းလီသည် ဝမ်ဝေမြို့သို့ ရောက်ရှိလာခဲ့ပြီဖြစ်လေသည်။

နေရောင်ခြည်အောက်တွင် လမ်းပေါ်၌ အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြသူများ ဥဒဟိုသွားလာနေသည်ကို တွေ့ရမည်ဖြစ်လေသည်။

ကောင်းလီ ဝမ်ဝေမြို့ထဲဝင်လာသည်။

ညက မိုးမိခဲ့သောကြောင့် အဝတ်အစားများ စိုထိုင်း ထိုင်းဖြစ်နေသည်။

အသားအရည်လည်း အေးစက်ကာ ဖြူဖတ်ဖြူလျော် ဖြစ်နေ၏။

မျက်လုံးများကား ရဲရဲနီနေသည်။

ကောင်းလိသည် ဒဏ်ရာများရထားသည့်အပြင် မိုးမိခဲ့ ခြင်းကြောင့် အပြင်းဖျားနေပြီ ဖြစ်ပါသည်။

သူ၏တစ်ကိုယ်လုံး ခြစ်ခြစ်တောက် ပူလောင်နေလေ သည်။

ကောင်းလိ၏ ခြေလှမ်းများ ယိမ်းယိုင်နေသည်။

သူက ရှေ့သို့လျှောက်သွားနေသော်လည်း မည်သည့်နေ ရာသို့ သွားမည်ဟူသော ဦးတည်ချက်များ မရှိခဲ့ပါ တ ကား...

လမ်းသွားလမ်းလာများသည် ကောင်းလိအား အထူး အဆန်းသဖွယ် ကြည့်ကာ မသိမသာ ရှောင်ကွင်းသွားကြ လေသည်။

သို့ဖြင့် လူစည်ကားသော မြို့လယ်ပိုင်းသို့ ရောက်သော အခါ....

'ဘေးကို ဘေးကို'

'ခွပ် ခွပ် ခွပ် ခွပ်'



ကျယ်လောင်သော အော်သံများနှင့်အတူ မြင်းခွာသံ း ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မြင်းလှည်းတစ်စီးသည် မင်းလမ်းမကြီးအတိုင်း မောင်း ်လာနေသည်ကို တွေ့ရ၏။

ကောင်းလိ ငူငူကြီးဖြစ်ကာ ရှေ့ဆက်သွားနေ၏။

လမ်းလယ်မှသွားနေသည် ဖြစ်ရကား မြင်းလှည်းနှင့် ်တိုက်မိမလိုဖြစ်ရလေတော့သည်။

'ဟေ့လူ မြန်မြန်ရှောင်လိုက်လေ'

'တိုမှာ မြင်းလှည်းလာနေတယ်'

လမ်းသွားလမ်းလာများသည် ကောင်းလိ၏ အခြေ နကိုမြင်လျှင် စိုးရိမ်ကာ အော်ပြောကြလေသည်။

မြင်းလှည်းမောင်းလာသူကလည်း ...

'ဘေးကို ဘေးကို'

ဟု အော်ပြောလိုက်လေသည်။

မြင်းလှည်း အရှိန်ကိုလည်း လျှော့ချလိုက်လေသည်။

ဆူဆူညံညံအသံကြားမှ ကောင်းလိ သတိဝင်လာ၏။

နောက်လှည့်ကြည့်လိုက်ရာ မြင်းလှည်းသည် သူနှင့်နီးကပ် ဖြစ်သည်ကို တွေ့ရလျှင် ကဗျာကယာ ရှောင်တိမ်းလိုက် ည်။

သို့သော်..

စိတ်အလိုကို ခန္ဓာကိုယ်က မလိုက်နိုင်တော့ပါ။

နောက်ဆုတ်လိုက်သည့် တစ်ခဏတွင် ခန္ဓာကိုယ်ယိမ်းယိုင်သွားပြီး

'ဝုန်း'

မြေပေါ် အရုပ်ကြိုးပြတ် လဲကျသွားလေသည်။

ကောင်းလိက လူးလိမ့်ထရန်ပင် မကြိုးစားနိုင်ပါချေ။

အကြောင်းကား....

ရရှိထားသော ဒဏ်ရာများကြောင့် လည်းကောင်း၊ မိုးမိကာအပြင်းဖျားနေခြင်းကြောင့် လည်းကောင်း၊ အားအင်ကုန်ခမ်းချည့်နဲ့ကာ လဲကျသွားသည်နှင့် သတိလစ်မေ့မျောသွားလေတော့သည်။

'ဟေး ဟေး'

မြင်းလှည်းမောင်းလာသူသည် အော်ဟေါက်ကာ မြင်းလှည်းကို အရှိန်သတ်၍ ရပ်တန့်လိုက်သည်။

'မြင်းလှည်းပေါ်မှ ကဗျာကယာ ခုန်ဆင်းလာပြီး....

'ညီလေး ညီလေး ဘာဖြစ်သွားသေးလဲ'

ဟု မေးလေသည်။

လမ်းသွားလမ်းလာသူများလည်း ဝိုင်းအုံလာကြသည်။

တစ်ယောက်တစ်မျိုး ဝေဖန်ပြောဆိုသံများ ထွက်ပေါ်လာ၏။



မြင်းလှည်းမောင်းသူမှာ အသက် သုံးဆယ်ကျော်ခန့်ရှိသောလူရွယ်တစ်ယောက် ဖြစ်ပါသည်။

ထိုလူရွယ်က....

'ကျုပ်ရဲ့မြင်းလှည်းနဲ့တိုက်မိတာ မဟုတ်ပါဘူးဗျား သူ့ဘာသာသူ လန့်ပြီး ခုန်ရှောင်လိုက်ရင်း ခုလို ဖြစ်သွားတာပါဗျာ'

ကဗျာကယာ ရှင်းပြလိုက်၏။

'ဟုတ်ပါတယ်၊ ခင်ဗျားမြင်းလှည်းနဲ့တိုက်မိတာ မဟုတ်ပါဘူး၊ ဒါပေမယ့် ဒီလူကို ကြည့်ရတာ ကောင်းကောင်းကျန်းမာပုံမရဘူး၊ သမားတော်ဆီကိုခေါ်သွားရင် ကောင်းလိမ့်မယ်'

'ဟုတ်တယ်၊ အချိန်မီ ဆေးကုပေးလိုက်တာ ကောင်းမယ်'

'မြန်မြန်ခေါ်သွားပါလား'

'မြင်းလှည်းနဲ့ တင်သွားလေ'

ဝိုင်းအုံနေကြသော လမ်းသွားလမ်းလာသူများ၏စကားသံ ကျွက်ကျွက်ညံသွား၏။

မြင်းလှည်းသမား မျက်နှာလေး ငယ်သွား၏။

'ကောင်း....ကောင်းပါပြီခင်ဗျာ၊ ကျွန်တော် ခေါ်သွားပါ့မယ်'

ချက်ချင်းပင် ကောင်းလိကို ပွေ့ထူကာ မြင်းလှည်းပေါ် တင်လိုက်၏။

ထို့နောက်....

'ဟေး ...ဟေး'

မြင်းလှည်းကို ခပ်သွက်သွက်လေး မောင်းနှင် ထွက်ခွာသွားလေတော့၏။

* * *

မြင်းလှည်းသမားသည် တင်းကျူးဟုအမည်ရှိပြီး မြို့စွန် ဆင်းရဲသားရပ်ကွက်လေး၌ နေထိုင်သူဖြစ်၏။

တင်းကျူးသည် ကောင်းလိအား မြင်းလှည်းပေါ် တင်ခေါ်လာခဲ့သော်လည်း သမားတော်အိမ်သို့မသွားဘဲ သူ၏ အိမ်သို့ ပြန်လာခဲ့လေ၏။

အကြောင်းမှာ....

မြင်းလှည်းသည် သက်ကယ်မိုးအိမ်ကလေးဆီသို့ အရောက်တွင်....

'အစ်ကို ပြန်လာပြီ'



ချိုလွင်သောစကားသံနှင့်အတူ တဲအိမ်အတွင်းမှ မိန်းကလေးတစ်ယောက် ပြေးထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုမိန်းကလေးမှာ ဟောင်းနွမ်းသော ချည်ထည်အဝတ်အစား ဝတ်ဆင်ထားသော်လည်း ချောမော၍ လှပသူလေးဖြစ်ကြောင်း အထင်းသား ပေါ်လွင်နေပါသည်။

သူမသည် မြင်းလှည်းသမား တင်းကျူး၏ညီမ တင်းတင်းဖြစ်လေသည်။

တင်းတင်းသည် အိမ်အပြင်ဘက်သို့ ပြေးထွက်လာပြီး အစ်ကိုဖြစ်သူအား ကြိုဆိုလိုက်၏။

သို့သော်....

အစ်ကိုဖြစ်သူ မျက်စိမျက်နှာမကောင်းဘဲ ဖြစ်နေသည်ကို တွေ့ရလျှင်..

'အစ်ကိုကြီး ဘာများဖြစ်လာသို့လဲဟင်၊ ဒီကနေ့ ပစ္စည်းတွေ သယ်စရာရှိတယ်ဆို'

ဟု မေးလိုက်၏။

တင်းကျူးက ...

'ညီမရေ....အစ်ကို ခရီးသည်တစ်ယောက်ကို အရင်လိုက်ပို့ပြီးမှ ပစ္စည်းသယ်ဖို့ သွားတာ၊ အဲဒါ....'

လမ်း၌ ကြုံတွေ့ခဲ့ရသည့်အဖြစ်အပျက်ကို ပြောပြလိုက်လေသည်။

တင်းတင်း အထိတ်တလန့် ဖြစ်သွား၏။

'ဒုက္ခပါပဲ၊ အစ်ကိုတော့ ဆွမ်းခံရင်း ငှက်သင့်လာပါပြီ'

ဟု ညည်းတွားလိုက်လေ၏။

ထိုငှက်သည် ရိုးရိုးငှက် မဟုတ်ဘဲ ဇာမဏီ ငှက်တစ်ကောင်ဖြစ်သည်ကို သူတို့မောင်နှမ မသိနိုင်ပါချေ။

တင်းကျူးက –

ဘယ်တတ်နိုင်ပါ့မလဲ ညီမရယ်၊ ဒုက္ခရောက်နေတဲ့လူ တစ်ယောက်ကို ကူညီရတာ ကုသိုလ်တောင် ရပါသေးတယ်၊ ကဲ- အစ်ကိုတို့အိမ်မှာပဲ ဆေးကုပေးကြတာပေါ့'

ဟု ပြောလိုက်၏။

တစ်ဖန်....

သတိမေ့မျောနေသော ကောင်းလိကို ပွေ့ချီကာ အိမ်ထဲသို့ ခေါ်ဆောင်သွား၏။

တင်းတင်းသည် ကောင်းလိကိုကြည့်လိုက်ရာ သူမ၏စိတ်ထဲ၌ ကြောက်ရွံ့မှုနှင့် ကြရုဏာသက်မှုများ ရောယှက် ဖြစ်ပေါ်လာ၏။

တင်းကျူးက....

'ညီမ မြန်မြန်သွားလေ'

ဟု ပြောမှ....



'ဟုတ်....ဟုတ်ကဲ့ အစ်ကို'

'တင်းတင်း ကဗျာကယာ ပြေးလွှားသွားလေတော့သည်။

* * *

တင်းကျူးသည် ကောင်းလိအား သူ၏အိပ်ရာထက်၌ပင် နေရာချပေးလိုက်၏။

တင်းကျူး ခေါ်ဆောင်လာသဖြင့် သမားတော် တစ်ယောက်လည်း ရောက်ရှိလာ၏။

သမားတော်သည် ကောင်းလိအား စစ်ဆေးကြည့်လိုက်ပြီး....

'ဒီကောင်လေး တော်တော်အသက်ပြင်းတာပဲ'

ဟု မှတ်ချက်ချလိုက်၏။

ထို့နောက်....

အသင့်ပါလာသော ဆေးအိတ်ထဲမှ ဆေးပုလင်းများထုတ်ယူကာ ကောင်းလိ၏ ဒဏ်ရာများကို ဆေးလိမ်းပေး၏။ ပတ်တီးစည်းပေးလေ၏။

ထို့ပြင် ကောင်းလိအား တိုက်ကျွေးရမည့်ဆေးများကို တင်းကျူးအား ပေးလိုက်ပြီး မည်သို့မည်ပုံ တိုက်ကျွေးရမည်ကို သေသေချာချာ မှာကြား၏။

သူကိုယ်တိုင် ဆေးတစ်ခွက်တိုက်ကျွေးပြီးမှ သမားတော်ကြီး ပြန်သွားလေ၏။

ကောင်းလိအတွက် ဆေးကုသခကုန်ကျငွေကို တင်းကျူးတို့ မောင်နှမ ပေးလိုက်၏။

သမားတော်ကြီး ပြန်သွားပြီး မကြာမီ ကောင်းလိ သတိရလာလေ၏။

* * *

ကောင်းလိ သတိရလာပြီ ဖြစ်လေ၏။

မျက်လုံးဖွင့်ကြည့်လိုက်သည်နှင့် အတန်းလိုက် အတန်းလိုက်ရှိနေသော ခေါင်မိုး သက်ကယ်ပျစ်များကို တွေ့ရလေသည်။

ကောင်းလိ အံ့ဩသွား၏။

'ငါ ဘယ်ရောက်နေပါလိမ့်'

ဟု ရေရွတ်ကာ ကပျာကယာ လူးလိမ့်ထလိုက်၏။

ထိုစဉ်....

'အို....မထနဲ့လေ'

စိုးရိမ်ပူပန်သော စကားသံလေး ထွက်ပေါ်လာ၏။



ကောင်းလိမှာ ခုတင်ပေါ်၌ လဲလျောင်းနေရာမှ လူးလိမ့်ထထိုင်လိုက်ပြီ ဖြစ်လေ၏။

စကားသံထွက်ပေါ်လာသည်ကို ကြားရသဖြင့် ချာခနဲ လှည့်ကြည့်လိုက်၏။

မိန်းမချောလေး တစ်ယောက်အား တွေ့လိုက်ရလျှင် ကြောင်အမ်းအမ်း ဖြစ်သွား၏။

'မင်း....'

ကောင်းလိ၏ ပုံပန်းသဏ္ဌာန်ကြောင့် တင်းတင်းမှာ ကြောက်လန့်နေ၏။

'ကျွန်....ကျွန်မအစ်ကို တင်းကျူးက ရှင့်ကို စေတနာနဲ့ ခေါ်လာတာပါရှင်'

'မင်းရဲ့အစ်ကို တင်းကျူး'

'ဟုတ်ပါတယ်'

'တင်းကျူးက ဘယ်သူလဲ၊ ကျုပ်မသိဘူး'

ကောင်းလိက ခုတင်ပေါ်မှဆင်းလိုက်၏။

တင်းတင်းသည် ကြောက်လန့်နေပါသော်လည်း ကောင်းလိအတွက် စိုးရိမ်သွား၏။

'အို....မထနဲ့လေ၊ ရှင်ဟာ ဒဏ်ရာ ပြင်းပြင်းထန်ထန်ရထားတဲ့အပြင် အပြင်းဖျားနေတာမို့ သမားတော်ကြီးက ပြောသွားတယ်ရှင့်'

'သမားတော်'

'ဟုတ်ပါတယ်ရှင်'

ကောင်းလိသည် တင်းတင်းကို စိုက်ကြည့်လိုက်ပြီး....

'ဘယ်ကသမားတော်လဲ'

ဟု မေးလိုက်၏။

တင်းတင်းက....

'အစ်ကိုက မြို့ထဲမှာ ပစ္စည်းသယ်ဖို့သွားရင်း ရှင်က မြင်းလှည်းလာတာကို ရှောင်မလိုလုပ်ပြီး လမ်းပေါ်လဲကျ သတိလစ်သွားဟာကြောင့် အိမ်ကိုခေါ်လာပြီး ဆေးကုပေးထားတာပါ'

အဖြစ်အပျက်များကို အကျဉ်းချုံးကာ ရှင်းပြလိုက်လေသည်။

'ဪ—'

ကောင်းလိ လွတ်ခနဲ ရေရွတ်လိုက်မိ၏။

အဖြစ်အပျက်များကိုလည်း ပြန်လည်သတိရလာ၏။

တင်းကျူးတို့မောင်နှမနှင့် တွေ့ရသည်မှာ ကံကောင်းသည်ဟု ဆိုနိုင်ပေ၏။

ခင်မင်ရင်းနှီးခြင်း သိကျွမ်းခြင်း မရှိပါဘဲ သူ့အား မေတ္တာရှေ့ထားကာ အိမ်သို့ ခေါ်ဆောင်လာပြီး ဆေးကုပေးခဲ့ကြသည် မဟုတ်ပါလား။



ကောင်းလိသည် ကြုံလိုက်ရသည့်အဖြစ်ကို မယုံကြည်နိုင်အောင် ဖြစ်သွား၏။

သူ့အပေါ် ရက်စက်မည့်သူ အနိုင်ကျင့်သူများနှင့်သာ တွေ့ဆုံခဲ့ရပါ၏။

သူ့အပေါ် မေတ္တာစေတနာထားသူများနှင့် ဝေးခဲ့၏။ ယခုမူ....

ကောင်းလိက စိုက်ကြည့်နေသဖြင့် တင်းတင်း ခေါင်းကလေး ငုံ့ထားလိုက်၏။

ကောင်းလိသည် အတန်ကြာငြိမ်နေပြီးမှ—

'ကျေးဇူးတင်ပါတယ်ဗျာ'

ဟု ပြောလိုက်လေ၏။

သူ၏ စကားသည် တိုတောင်း သော်လည်း အဓိပ္ပာယ်လေးနက်ပေ၏။

ရင်ထဲ အသည်းထဲမှ ထွက်ပေါ်လာသော စကားသံ ဖြစ်လေ၏။

တင်းတင်းသည် ခေါင်းမော့လာပြီး မျက်လုံးရွဲကြီးများဖြင့် ကောင်းလိကို ကြည့်လိုက်၏။

ကောင်းလိက ဘာမှ ထပ်မပြောတော့ပါ။

ဒယီးဒယိုင်ဖြင့် အိမ်ထဲမှ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

တင်းတင်း ဂဏှာမငြိမ် ဖြစ်သွား၏။

'ရှင် ရှင် ဘယ်သွားမလို့လဲ'
ဟု မေးလိုက်လေ၏။

ကောင်းလိက ဘာမှ မပြောပါ။

အိမ်ထဲမှ ထွက်သွားဖို့သာ ဟန်ပြင်နေ၏။

တင်းတင်းက..

'ရှင့်ဒဏ်ရာတွေက သက်သာသေးတာ မဟုတ်ဘူး၊အိပ်ရာထဲ လှဲနေတာ ကောင်းမယ်ရှင့်'

ဟုလည်း ပြောလိုက်လေ၏။

ကောင်းလိ၏ ခြေလှမ်း တုံ့ခနဲ ရပ်သွား၏။

တင်းတင်းကို လှမ်းကြည့်လိုက်မိ၏။

တင်းတင်းက....

'ရှင်က အားနာလို့ ထွက်သွားတော့မလို့ မဟုတ်လား၊ မလုပ်ပါနဲ့ရှင်၊ အစ်ကိုကြီး ပြန်လာချင် ကျွန်မကို အပြစ်တင်နေပါလိမ့်မယ်....

'....ရှင့်ဒဏ်ရာတွေ သက်သာ ပျောက်ကင်းတဲ့အထိ ဆေးကုပေးမယ်လို့ အစ်ကိုကြီး ပြောတယ်ရှင့်'

ကောင်းလိက ခေါင်းခါယမ်းလိုက်၏။

'ကျုပ်သွားမှ ဖြစ်မယ်'

'ရှင်က....'



ကောင်းလိသည် တင်းတင်းတို့မောင်နှမအပေါ် ကျေးဇူးတင်မိသော်လည်း သံယောဇဉ် ဖြစ်မိမည်ကို စိုးရိမ်နေမိလေသည်။

သူ့အား အာဏာ သားများက လိုက်လံ ဖမ်းဆီးနေကြမည့်အပြင် လူဆိုးများကလည်း ရန်ငြိုးထားနေကြသည်မဟုတ်ပါလား။

သူ့ကြောင့် တင်းတင်းတို့ မောင်နှမ နှစ်ယောက် ဒုက္ခရောက်မည်ကို မလိုလားပါချေ။

တင်းတင်းအား ရှင်းပြနေ၍လည်း အကြောင်းထူးမည်မဟုတ်မှန်း ဆင်ခြင်မိ၍ ဘာမှ မပြောတော့ဘဲ ရှေ့ဆက်လှမ်းသွားလိုက်လေ၏။

တင်းတင်းသည် ကောင်းလိအား ဟန့်တား၍ရမည်မဟုတ်ကြောင်း ဆင်ခြင်မိကာ ငိုင်သွားလေ၏။

ထိုစဉ်....

'ခွပ်ခွပ်....ခွပ်ခွပ်'

မြင်းခွာသံများ မြင်းလှည်း ဘီးလိမ့်သံများ ထွက်ပေါ်လာ၏။

မြင်းလှည်းတစ်စီးသည် အိမ်ရှေ့သို့ ရောက်လာ၏။

တင်းတင်းက....

'ဟော....အစ်ကိုပြန်လာပြီ'

ဟု ဝမ်းသာအားရ ရေရွတ်လိုက်၏။

ကောင်းလိ ခြေလှမ်း တုံ့ခနဲ ရပ်သွားလေတော့၏။

* * *

တင်းတင်း ဝမ်းသာအားရ ဖြစ်သွား၏။

ကောင်းလိ ထွက်သွားတော့မည့် အချိန်တွင် တင်းကျူး၏ မြင်းလှည်း ရောက်လာသည် မဟုတ်ပါလား။

သူမသည် ကောင်းလိအား ထွက်မသွား စေလိုသည်မှာ ကောင်းလိသည် ကောင်းစွာ မကျန်းမာသေး ခြင်းကြောင့် ဖြစ်ပါ၏။

လူဆိုးဖြစ်စေ၊ လူကောင်း ဖြစ်စေ၊ မျက်နှာစိမ်း ဖြစ်စေ၊ ရင်းနှီးသူဖြစ်စေ သူတို့ ကူညီမိပြီဆိုလျှင် ထိထိရောက်ရောက် ကူညီလိုစိတ်ရှိခြင်းကြောင့် ဖြစ်ပေ၏။

ထို့အပြင်....

နေထိုင်မကောင်းပါဘဲ ကောင်းလိက ဇွတ်ထွက်သွားမည် ဆိုပါလျှင် ကျိန်းသေ ဒုက္ခရောက်လိမ့်မည်ဟုလည်း ယုံကြည် ထားလေ၏။

'အစ်ကို ပြန်လာပြီ'



တင်းတင်းသည် ဝမ်းသာအားရ ပြောလိုက်၏။

အိမ်ပြင်သို့ ပြေးထွက်ရန် ဟန်ပြင်လိုက်လေ၏။

မြင်းလှည်းသည် အိမ်ရှေ့တွင် ရပ်တန့်သွားပြီ ဖြစ်သော်လည်း တင်းကျူး၏ အရိပ်အယောင် မတွေ့ရချေ။

ကောင်းလိက ခြေလှမ်းရပ်ကာ ရီဝေသောမျက်လုံးများဖြင့် အိမ်တံခါးဝဆီသို့ ကြည့်နေ၏။

သူ၏ ဒဏ်ရာများကား နာကျင်နေ၏။

သူ၏ ခန္ဓာကိုယ်သည် အဖျားကြီးသဖြင့် ခြစ်ခြစ်တောက် ပူလောင်နေဆဲ။

မျက်လုံးများလည်း ကျိန်းစပ် ရီဝေနေ၏။

အမြင်အာရုံမှာ ကောင်းစွာ ရှင်းရှင်း လင်းလင်း မမြင် သေးချေ။

ကောင်းလိနှင့်တင်းတင်းတို့ စိုက်ကြည့်နေစဉ်မှာပင် လူ တစ်ယောက် အိမ်ထဲသို့ လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရ၏။

* * *

လူတစ်ယောက်က အိမ်ထဲသို့ လှမ်းဝင်လာ၏။

ထိုလူမှာ တင်းကျူး မဟုတ်ပါ။

တင်းတင်းသည် အစ်ကိုဖြစ်သူ ပြန်လာပြီထင်ကာ ဝမ်းသာအားရ ဖြစ်နေရာမှ လူစိမ်းတစ်ယောက်ကို တွေ့မြင်လိုက်ရသဖြင့်....

'အို....'

ဟအံ့တသြဖြစ်ကာ လွတ်ခနဲ ရေရွတ်လိုက်၏။

ကောင်းလိကိုယ်တိုင်လည်း ကျေးဇူးရှင်တင်းကျူးကို တွေ့ရမည်ဟု မျှော်လင့်ခဲ့၏။

အိမ်ထဲဝင်လာသူကို တွေ့လိုက်ရလျှင် မျက်နှာ ကွက်ခနဲ ပျက်သွားတော့၏။

ထိုလူသည် အိမ်ထဲသို့ရောက်လာသည်နှင့် ကောင်းလိအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး....

'မင်းက ကောင်းလိလား'

ဟု မေးလာ၏။

ထိုလူမှာ လူသန်ကြီးတစ်ယောက် ဖြစ်လေ၏။

ခွေးအကြီးကျင်းဟု စေလွှတ်လိုက်သည့် ကြေးစားလူသတ်သမား ကွမ်းကြိုးခက် ဖြစ်၏။

ကောင်းလိသည် ကွမ်းကြိုးခက်အား တွေ့လိုက်ရသောအခါ မကောင်းသော အငွေ့အသက်များ ခံစားလိုက်ရပြီး



ရင်ထိတ်သွားစဉ် ကွမ်းကြိုးခက်က သူ၏အမည်ကို မေးလာခြင်းကြောင့် အခြေအနေမဟန်မှန်း သဘောပေါက်လိုက်လေ၏။

ကွမ်းကြိုးခက်၏အမေးကို မဖြေသေးဘဲ တင်းတင်းဘက်သို့လှည့်ကာ....

'မင်း ထွက်သွားတော့'

ဟု ပြောလိုက်၏။

သို့သော်....

ကွမ်းကြိုးခက်က တံခါးပေါက်ကို ပိတ်ထားသဖြင့် တင်းတင်း ထွက်သွား၍ရမည် မဟုတ်ပါ။

တင်းတင်းကလည်း ထွက်မသွားဘဲ မလှုပ်မယှက် ရပ်နေ၏။

ကောင်းလိသည် တင်းတင်းကို ပြောလိုက်ပြီး ကွမ်းကြိုးခက် ဘက်သို့ ပြန်လှည့်လိုက်သည်။

'ဟား ဟား ဟား'

ကွမ်းကြိုးခက်က အခြောက်တိုက် ရယ်မောလိုက်ပြီးလျှင်

'ခုချိန်မှတော့ ဘယ်သူမှ ထွက်သွားလို့မရတော့ပါဘူး'

ဟု ပြောလေသည်။

ကောင်းလိက ကွမ်းကြိုးခက်အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး....

'ခင်ဗျားက ဘယ်သူလဲ'

ဟု မေးလိုက်လေသည်။

ကွမ်းကြိုးခက်က ရင်ကော့လိုက်သည်။

'ငါ့နာမည် ကွမ်းကြိုးခက်လို့ခေါ်တယ်၊ မင်း မသေခင် မှတ်ထားပေါ့ကွာ'

ပြောပြီး ဟားတိုက်ရယ်မော လိုက်ပြန်ပါသည်။

ကောင်းလိက....

'ခင်ဗျားကိုလဲ ကျုပ်မသိပါလား'

ကွမ်းကြိုးခက်က....

'မင်းက ငါ့ကို မသိပေမယ့် ငါကတော့ မင်းကိုသိတယ်လေ'

'ခင်ဗျားဘယ်သူလဲ ဘာကိစ္စရှိလို့လဲ'

'ဩော်....ငါဘာကြောင့် ဒီနေရာကို ရောက်လာရသလဲ ဆိုတာကို မင်းသိချင်တယ်ပေါ့ ဟုတ်လား'

'ဟုတ်တယ်'

ကွမ်းကြိုးခက်က....

'ငါတို့လူတွေဆီက ခေါင်းတုံးပေါ် ထိပ်ကွက်သွားတာကို ဖြေရှင်းဖို့ လာခဲ့တာပဲ—'

'ကဲ....ဓားပြတိုက်လို့ရတဲ့ ပစ္စည်းတွေ မင်းဆီမှာရောက်နေတယ်မဟုတ်လား၊ ထုတ်ပေးစမ်း'

ဟု ငေါက်လိုက်လေသည်။



ယခုမှ အခြေအနေကို ကောင်းလိ သဘောပေါက်လိုက်လေသည်။

'လက်စသတ်တော့ ဒီလိုကိုး'

'ကွမ်းကြိုးခက်က....

'ဟုတ်တယ် ပစ္စည်းတွေဘယ်မှာလဲ ပေးစမ်း'

ပစ္စည်းများကိုသာ တွင်တွင်တောင်းလေတော့သည်။

ကောင်းလိ ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်က ဓားပြမဟုတ်ဘူး၊ ဒါကြောင့် ခင်ဗျားတို့ တိုက်ခိုက်လုယက်ယူခဲ့တဲ့ ပစ္စည်းတွေကို လုံးဝစိတ်မဝင်စားဘူးဆိုတာ မှတ်ထားပါ'

'ဘာကွ'

'ကျုပ်ဘာသာ ခရီးသွားရင်း မိုးချုပ်သွားတာနဲ့ လမ်းဘေးသစ်ပင်အောက်မှာ အိပ်နေတာ....၊

'ခင်ဗျားလူတွေဟာ ခားပြတိုက်ပြီး ကိုယ့်ဘာသာကိုယ်မပြေးဘဲ ပစ္စည်းတွေ ကျုပ်ဆီပစ်ပေးပြီး ကိုယ်လွတ်ရုန်းပြေးကြတယ်လေ....၊

'ကျုပ် ဘုမသိ ဘမသိဖြစ်နေ်တုန်း ရှာသားတွေရောက်လာတော့ ကျုပ်ကို ဓားပြတိုက်တဲ့လူလို့ အထင်မှားပြီး ဝိုင်းတိုက်ကြတာ ကံကောင်းလို့ ဒုက္ခမရောက်တယ်'

ကွမ်းကြိုးခက်က....

'ဒါတွေ ငါနားမလည်ဘူး၊ ငါ့လူတွေ ပစ်ပေးခဲ့တဲ့ ပစ္စည်းတုတ်ကို ပေးမလား မပေးဘူးလားဆိုတာသာပြော'

ကောင်းလိက....

'ကျုပ်က လွှင့်ပစ်လိုက်ပြီ ဒီပစ္စည်းတွေကို ကျုပ်က မပတ်သက် မကော်မောဘူးဆိုတာ မှတ်ထားပါ'

'ဘာ....မင်း မင်း'

ပစ္စည်းများ ပြန်ရစရာ လမ်းမမြင်တော့လျှင် ကွမ်းကြုံးခက် ဒေါသဖြစ်သွားလေတော့သည်။

အိမ်ထဲသို့ တစ်ချက်ဝေ့ကြည့်လိုက်ပြီး

'မင်းတို့အားလုံး ဒုက္ခ ရောက်ချင်ပြီကိုး'

သွားကြားလေသံဖြင့် ခြိမ်းခြောက်လိုက်လေသည်။

ကောင်းလိ ရင်ထိတ်သွားသည်။

'ကျုပ်ရဲ့ပြဿနာကို ကျုပ် ဖြေရှင်းမယ်၊ သူတို့နဲ့မဆိုင်ဘူး'

ဟု လွှတ်ခနဲပြောလိုက်မိသည်။

ပြောပြီးမှ စကားမှားသွားပြီဖြစ်ကြောင်း သတိပြုမိလိုက်၏။

'ဟား ဟား ဟား'

ကွမ်းကြုံးခက်က ဟားတိုက် ရယ်မောလိုက်လေသည်။

ကောင်းလိ ခံပြင်းသွားသည်။

'ခင်....ခင်ဗျား မတရား မလုပ်နဲ့၊ ကျုပ်ကို မကျေနပ်ဘူး မဟုတ်လား....၊

'အိမ်အပြင်ထွက်ပြီး စာ ရင်း ရှင်း လိုက်ကြတာပေါ့ဗျာ'

ဟု စိမ်ခေါ်လိုက်လေသည်။



ကွမ်းကြုံးခက် ခေါင်းခါယမ်းလိုက်လေသည်။

'ဟဲဟဲဟဲ ခုမှတော့ မရတော့ဘူးလေ၊ မင်းတို့ အားလုံးဟာ တကျိုင်းတည်း တစ်ဘဏ်တည်း မဟုတ်ဘူးလို့ ဘယ်သူက ပြောနိုင်မလဲ'

'ဘာဗျ'

'ငါကတော့ မင်းတို့မောင်နှမ နှစ်ယောက်စလုံးကိုပါ ချမ်းသာ မပေးနိုင်တော့ဘူး'

'ခင်....ခင်ဗျား'

ကောင်းလိ လှုပ်လှုပ်ရှားရှား ဖြစ်လာ၏။

တင်းတင်းသည်လည်း ကြောက်ရွံ့ထိတ်လန့်ကာ နောက်ဆုတ်သွား၏။

ကွမ်းကြုံးခက်က....

'ကဲ–ပစ္စည်းတွေထုတ်ပေးမလား၊ အသေခံမလား၊ ကြိုက်တဲ့လမ်း ရွေးပေတော့'

ကောင်းလိက....

'ကျုပ်ဆီမှာ ဘာပစ္စည်းမှ မရှိတော့ဘူး၊ လွှင့်ပစ်ခဲ့ပြီလို့ ဘယ်နှစ်ခါ ပြောရမလဲ'

ကွမ်းကြုံးခက်က....

'မင်း တော်တော်ခေါင်းမာပါလား၊ ကောင်းပြီလေ၊ ...င်းလှည်းသမားကို အရင်ဆုံး သတ်ပစ်ရသေးတာပေါ့'

ကောင်းလီ လုံးဝ သည်းမခံနိုင်တော့ပါ။

'တောက်....လူယုတ်မာ သေဖို့ပြင်ထား'

ဒေါသတကြီး အော်ငေါက်ကာ ကွမ်းကြိုးခက်အား ခုန်အုပ်လိုက်၏။

ကွမ်းကြိုးခက် နှာခေါင်းရှုံ့လိုက်၏။

'မင်းပညာ ဒါ အကုန်ပဲလား'

ပြောရင်း လက်ဝှေ့ယမ်းကာ ဆီးကြိုတိုက်ခိုက်လိုက်၏။

သူ၏တိုက်ကွက်ကြောင့် ကောင်းလီ နောက်ဆုတ်သွားလိမ့်မည်ဟု ယုံကြည်ထားလေ၏။

ရှေ့ဆက်တိုးလျှင် ကွမ်းကြိုးခက်၏လက်သီးစာ မိသွားမည် မဟုတ်ပါလား။

မည်သူမဆို မိုက်မိုက်မဲမဲ ရှေ့တိုးမည်မဟုတ်ဘဲ နောက်သို့ပြန်ဆုတ်သွားကြမည်မှာ သေချာလှပေ၏။

သို့သော်....

ကောင်းလီကား နောက်မဆုတ်တွန့်ပါချေ။

မည်သို့သောအရာကမှ သူ့အား ဟန့်တားရှိရတော့မည်မဟုတ်ချေ။

ကောင်းလီသည် ကွမ်းကြိုးခက်၏ လက်သီးထိုးချက်ကိုလုံးဝအမှုမထားဘဲ ရှေ့ဆက် တိုက်ခိုက်လိုက်၏။



ကွမ်းကြိုးခက် ကြောင်အမ်းအမ်းဖြစ်သွားသည်။

'မင်း'

လွှတ်ခနဲ ရေရွတ်လိုက်၏။

အလင်းရောင် ဝင်းခနဲလက်သွားပြီး ကောင်းလီ၏လက်ထဲ၌ ဓားတစ်လက်ပါလာသည်ကို တွေ့လိုက်ရ၏။

ကောင်းလီက သူ၏ရင်ဝသို့ ဓားဖြင့်ထိုးသွင်းလိုက်သည်ကို တွေ့ရလျှင် ကွမ်းကြိုးခက် ကဗျာကယာ တိုက်ကွက်ကို ရုတ်သိမ်းကာ နောက်ဆုတ်ရှောင်ရန် ဟန်ပြင်လိုက်၏။

သူ၏ သိုင်းကွက် ပျက်ပြားသွားခြင်းသည် အရေးနိမ့်သွားစေသည့် အဓိကအကြောင်းရင်း ဖြစ်လေ၏။

ကောင်းလီ၏ဓားသည် သူ၏ရင်ဝသို့ တည့်မတ်စွာ ဖောက်ဝင်သွားလေ၏။

ကွမ်းကြိုးခက် မျက်လုံးပြူးသွားပြီး....

'အား'

စူးရှစွာ အော်လိုက်၏။

အခြေအနေမဟန်မှန်းသိလျှင် ခြေထောက်ဖြင့် ကန်ထုတ်လိုက်၏။

လူချင်း နီးကပ်နေသည်ဖြစ်ရာ ကောင်းလီလည်း လွတ်အောင် မရှောင်နိုင်တော့ချေ။

'ဝုန်း'

ကောင်းလိသည် အနောက်ဘက်သို့ လွင့်စင်သွားလေတော့၏။

* * *

'ဝုန်း'

'အား'

စူးရှသောအော်သံများ တခဲနက် ထွက်ပေါ်လာ၏။

တင်းတင်းသည် အိမ်နံရံနှင့် ကျောပြင် ကပ်မိအောင်ပင် နောက်ဆုတ်လိုက်၏။

သူမသည် ကြောက်ရွံ့လွန်းသဖြင့် အသားများ တဆတ်ဆတ် တုန်ခါနေသလို ခြေဖျားလက်ဖျားများ အေးစက်နေသည်။

ပြူးကျယ်သောမျက်လုံးများဖြင့် တိုက်ပွဲကို ငေးကြည့်နေမိ၏။



ကောင်းလိ၏လက်ချက်ဖြင့် လူသန်ကြီး ကွမ်းကြိုးခက် လဲကျသွားသည်ကိုလည်းကောင်း၊ ကွမ်းကြိုးခက်၏လက်ချက်ကြောင့် ကောင်းလိ လွင့်စင်သွားသည်ကို လည်းကောင်း အတိုင်းသား တွေ့မြင်နေရလေ၏။

သူမ တုတ်တုတ်မျှ မလှုပ်ရဲချေ။

ကွမ်းကြိုးခက်သည် ကြမ်းပြင်ပေါ် လဲကျသွားပြီး တုတ်တုတ်မျှ မလှုပ်တော့ချေ။

ကောင်းလိသည်လည်း အနောက်ဘက် လွင့်စင်သွားကာ ကြမ်းပြင်ပေါ် လဲကျသွားသည်။

သို့သော်....

ချက်ချင်းပင် လူးလိမ့်ကာ ထလိုက်၏။

သူ၏နုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျလာ၏။

နောက်ထပ်ဒဏ်ရာ ရရှိသွားပြန်ပြီဖြစ်လေ၏။

ကောင်းလိကား မိမိကိုယ်ကို အမှုထားပုံ မရချေ။

အံတင်းတင်း ကြိတ်ထား၏။

'မင်းရဲ့အစ်ကို ကို သွားကြည့်လိုက်ဦး'

ဟု ပြောလေ၏။

ထိုအခါမှ တင်းတင်းလည်း သတိဝင်လာ၏။

ချက်ချင်းပင် အိမ်အပြင်ဘက်သို့ ပြေးထွက်သွားရန် ဟန်ပြင်လိုက်၏။

ထိုစဉ်....

'ဟား....ဟား....ဟား'

ကျယ်လောင်သော ရယ်မောသံများ ထွက်ပေါ်လာ၏။

လူနှစ်ယောက် အိမ်ထဲသို့ လှမ်းဝင်လာကြသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူနှစ်ယောက်အနက် တစ်ယောက်မှာ တင်းကျူးဖြစ်ပါ၏။

ကျန်တစ်ယောက်ကား အမှတ်သုံးနဂါးဖြစ်၏။

အမှတ်သုံးနဂါးသည် တင်းကျူးအား ဓားစာခံအဖြစ် ဖမ်းဆီးကာ အိမ်ထဲဝင်လာခြင်း ဖြစ်ပေတော့၏။

* * *



'ဟင်....'

တင်းတင်းသည် မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ထိတ်လန့်သွားကာ နောက်ဆုတ်လိုက်၏။

ကောင်းလီလည်း စိတ်ပျက်သွားလေ၏။

အန္တရာယ်သည် ကုန်ဆုံးသွားခြင်းမရှိဘဲ ဆင့်ကဲဆင့်ကဲ ပေါ်ပေါက်လာနေသည် မဟုတ်ပါလား....

ကောင်းလီ အံကြိတ်လိုက်ပြီး....

'အဖမ်းခံနေရတာ မင်းရဲ့အစ်ကိုလား'

ဟု တင်းတင်းကို မေးလိုက်လေ၏။

တင်းတင်း ခေါင်းညိတ်လိုက်၏။

'ဟုတ် ဟုတ်ပါတယ်ရှင်'

ထိုစဉ်..

'ညီမလေး....အစ်ကို့ကိုကယ်ပါဦး'

တင်းကျူးက အထိတ်တလန့် အကူအညီ တောင်းလိုက်လေသည်။

'ဟား....ဟား....ဟား'

အမှတ်သုံးနဂါးက ဟားတိုက်ရယ်မောလိုက်လေ၏။

'ကောင်းလီ....မင်း အခုတော့ ဘာတတ်နိုင်လေးသလဲ'

ဟု ခနဲ့လိုက်လေ၏။

ကောင်းလိက....

'သူ တစ်စုံတစ်ခုဖြစ်သွားရင် ခင်ဗျားလဲမလွယ်ဘူး'

ဟု ပြန်ပြောလိုက်၏။

အမှတ်သုံးနဂါးက...

'စိတ်ချ၊ ကျုပ်က သူ့ကိုဘာမှမလုပ်ဘူး၊ မင်းက တိုက်ရာပါပစ္စည်းတွေကို ပြန်ပေးမယ်ဆိုရင်ပေါ့လေ'

ကောင်းလိ ခေါင်းခါယမ်းလိုက်၏။

'ကျုပ်က လမ်းဘေးမှာ လွှင့်ပစ်ခဲ့ပြီ မရှိတော့ဘူး'

'ဘာကွ'

'ကျုပ်က ခင်ဗျားတို့လို ပစ္စည်းမက်တဲ့လူမှ မဟုတ်တဲ'

'မင်း....မင်း'

အမှတ်သုံး မကျေမနပ်ဖြစ်သွားလေ၏။

ကောင်းလိက....

'ခင်ဗျား လိုချင်တယ်ဆိုရင် ကျုပ်နဲ့တွေ့ခဲ့တဲ့ လမ်းဘေးက သစ်ပင်ကြီးအောက်မှာ သွားရှာကြည့်ပါဗျာ'

'တောက်....'

အမှတ်သုံးနဂါးက ဒေါသတကြီး တက်ခေါက်လိုက်၏။



အမှန်တော့....

ကွမ်းကြိုးခက် အခြေအနေ မဟန်တော့မှန်းသိလျှင် အမှတ်သုံးနဂါးသည် ရှောင်တိမ်းသွားဖို့ စဉ်းစားမိ၏။

သို့သော်....

ခားပြတိုက်လုယက်၍ ရခဲ့သောပစ္စည်းများကို မက်မောစိတ် ရှိနေ၏။

တင်းကျူးအား ဖမ်းဆီးပြီး အကြွပ်ကိုင်လိုက်မည်ဆိုလျှင် ရနိုင်ကောင်းသည်ဟု တွေးမိလေ၏။

ထို့ကြောင့် အန္တရာယ်ရှိမှန်း သိထားသော်လည်း အရဲစွန့်ကာ လာခဲ့ခြင်းဖြစ်၏။

'တောက်....ငါက မင်းဆီမှာရှိနေတယ် မှတ်နေတာ၊မင်းထုတ်ပေးလိုက်ရင် ငါယူပြီး အေးအေးဆေးဆေး အဝေးကိုထွက်သွားမယ်၊ မင်းတို့ကို ဒုက္ခမပေးတော့ဘူးလို့ ဆုံးဖြတ်ထားတာ ခုတော့ မင်းတို့ ဒုက္ခရောက်ချင်လို့ပဲ'

ဟု မကျေမနပ်ပြောလေ၏။

ပစ္စည်းများရလျှင် ခွေးအကြီး ကျင်းဟူထံသို့ မပြန်တော့ဘဲ အပိုင်စီးလိုက်မည်၊ အဝေးသို့ ထွက်သွားကာ ဇာတ်မြှုပ်နေလိုက်မည်ဟု စိတ်ကူးထားလေ၏။

ကောင်းလိထံ၌ ရှိမနေကြောင်း သိရလျှင် ဒေါပွသွားလေတော့၏။

ကောင်းလိနှင့် ရင်ဆိုင်ဖို့လည်း မဝံ့မရဲ ဖြစ်နေပါတော့သည်။

ထို့ကြောင့်....

'မင်းလိမ်ပြောရင် မင်းရဲ့ မိတ်ဆွေ အရင်ဆုံး သေသွားရလိမ့်မယ် မှတ်ထား'

တင်းကျူးကို ဓားတစ်လက်ဖြင့် ချိန်ရွယ်ကာ ကောင်းလိအား ခြိမ်းခြောက်လိုက်လေ၏။

'အစ်ကို့ကို မသတ်ပါနဲ့'

တင်းတင်း ထိတ်လန့်သွားပြီး ကပျာကယာ တောင်းပန်လိုက်လေ၏။

ကောင်းလိ အံကြိတ်လိုက်၏။

'သူတို့ တစ်စုံတရာဖြစ်သွားရင် ခင်ဗျားလဲ သေရလိမ့်မယ်လို့ ကျုပ်ပြောပြီးပါပြီဗျာ'

အမှတ်သုံး နဂါး အကြပ်ရိုက်သွား၏။

ကောင်းလိအား ခြိမ်းခြောက်ရသည်မှာ အဆိပ်ရှိသောမြွေနှင့် ဆော့ကစားရသည့် သဘောမျိုး ဖြစ်နေသည်မဟုတ်ပါလား။

ကောင်းလိက....



'သူ့ကို လွှတ်လိုက်ပါ၊ ခင်ဗျား ထွက်သွားမယ့် လမ်းကိုဘယ်သူမှ ဟန့်တားမှာ မဟုတ်ပါဘူး'

ဟု ပြောလိုက်၏။

အမှတ်သုံး နဂါးသည် တွေဝေသွားပြီးမှ ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့်....

'ငါက ဘာကြောင့် ထွက်သွားရမှာလဲ'

ဟု အော်ပြောလိုက်လေ၏။

ကောင်းလိက —

'ခင်ဗျားလိုချင်တဲ့ ပစ္စည်း ကျုပ်ဆီမှာမှ မရှိတာပဲဗျာ'

အမှတ်သုံး နဂါးက....

'မလိုချင်ဘူး၊ အမှတ်တစ်က ပစ္စည်းတွေ မင်းလက်ထဲကိုလွှဲပြောင်းပေးခဲ့တာပဲ'

ကောင်းလိက....

'ကျုပ်ကို ဓားစာခံလုပ်သွားလို့ ကျုပ်က လိုက်လာပြီးစာရင်းရှင်းတာပေါ့ဗျာ'

အမှတ်သုံး နဂါးက....

'ပစ္စည်းတွေ ဘယ်မှာလဲ'

သူလိုချင်သည့် ပစ္စည်းများ၏အကြောင်းသာ ထပ်တလဲလဲမေးနေ၏။

ကောင်းလိက....

'ကျုပ်ဆီမှာ မရှိဘူး'

စိတ်တိုလာသဖြင့် ခပ်ပြတ်ပြတ် ပြောလိုက်၏။

အမှတ်သုံး နဂါး ကျဲမြီးတိုသွားပြီး....

'ကောင်းပြီ....ပစ္စည်းတွေမပေးရင် မင်းရဲ့ဒိတ်ဆွေ အရင်ဆုံး သေဆုံးရမယ်'

ပြောပြောဆိုဆို တင်းကျူးအား ဓားဖြင့် ခုတ်ချလိုက်ရန် ဟန်ပြင်လိုက်၏။

တင်းတင်းက....

'မလုပ်နဲ့'

အထိတ်တလန့် အော်ဟစ်လိုက်လေ၏။

ကောင်းလိလည်း လက်ပိုက်ကြည့်မနေနိုင်တော့ဘဲ အမှတ်သုံး နဂါးအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်မိလေ၏။

ထိုတစ်ဒင်္ဂ အချိန်လေးမှာပင်....

'ဒုတ်'

'အင့်'

မသဲမကွဲ အသံဗလံများ ထွက်ပေါ်လာ၏။



အမှတ်သုံး နဂါး၏ ခန္ဓာကိုယ်သည် ဆတ်ခနဲ တုန်ခါသွား၏။

'ခြွမ်း'

လက်ထဲ ကိုင်ထားသော ဓားမှာ ကြမ်းပြင်ပေါ် လွတ်ကျသွား၏။

ထို့နောက်....

အမှတ်သုံး နဂါးသည် ဒူးကွေးညွှတ်ကာ တအိအိပြိုလဲကျသွားလေ၏။

ကြမ်းပြင်ပေါ် မှောက်လဲသွားတော့မှ သူ၏ ကျောပြင်၌ ဓားမြှောင် တစ်လက် စိုက်ဝင်နေသည်ကို တွေ့မြင်လိုက်ကြရသည်။

အမှတ်သုံး နဂါးအား ဆုံးမလိုက်သူမှာ မည်သူ ဖြစ်ပါသနည်း။

* * *

အမှတ်သုံး နဂါးသည် ကြမ်းပြင်ပေါ်၌ မှောက်နေပြီး လဲကျကာ သေဆုံးနေပြီ ဖြစ်လေ၏။

တင်းကျူးသည် အသက်ဘေးမှ သီသီလေး လွတ်မြောက်လာခဲ့ခြင်း ဖြစ်လေ၏။

ကောင်းလိ အံ့ဩနေ၏။

အမှတ်သုံး နဂါးအား မည်သူက သုံးမ လိုက်သနည်း။

ထိုစဉ် —

ညင်သာသော ခြေသံများနှင့်အတူ လူတစ်ယောက်သည် အိမ်လေးထဲသို့ လှမ်းဝင်လာလေ၏။

ထိုလူသည် ကြောင်တစ်ကောင် ကဲ့သို့ ပေါ့ပါး ညင်သာစွာ ရောက်ရှိလာခြင်းလည်း ဖြစ်ပါ၏။

'အစ်ကို'

'ညီမလေး'

တင်းကျူးတို့ မောင်နှမကား ထိုလူ ဝင်ရောက်လာသည်ကို သတိ မပြုမိကြသေးပါချေ။

အသက်ဘေးမှ လွတ်မြောက်လာပြီမို့ မောင်နှမ နှစ်ဦးသည် ဝမ်းသာအားရ ဖြစ်ကာ ပွေ့ဖက် ထားလိုက်ကြလေသည်။



သူတို့ မောင်နှမ နှစ်ယောက်၏ ဘဝတွင် ယခု တစ်ကြိမ်သာ အသက်ဘေး ကြုံတွေ့ကြခြင်း ဖြစ်လေ၏။

ကောင်းလိမှာ တင်းတင်းတို့ မောင်နှမ နှစ်ယောက်အား အမှုမထားနိုင်ပါချေ။

အိမ်ထဲသို့ လှမ်းဝင်လာသူကိုသာလျှင် မျက်တောင်မခတ် ကြည့်နေလိုက်လေ၏။

ထိုလူသည် အမှတ်သုံး၏ အလောင်းအနီး၌ ခြေလှမ်းရပ်လိုက်လေ၏။

အပြာရောင် အင်္ကျီရှည် ဝတ်ထားကာ အသက်လေးဆယ်ခန့် ရှိသူဖြစ်၏။

ခန္ဓာကိုယ် ပိန်ပိန်ပါးပါး မျက်နှာသွယ်သွယ် ရှိ၏။

အထူးသဖြင့်....

အရောင် တဖိတ်ဖိတ် တောက်ပနေသော သူ၏ မျက်လုံးများသည် အထူးခြားဆုံး ဖြစ်၏။

သူ၏ မျက်နှာသည်ကား ကောင်းလိမျက်နှာကဲ့သို့ ခံစားချက် ကင်းမဲ့ကာ လူသေအလောင်း၏ မျက်နှာမျိုးဖြစ်နေပါတော့၏။

အမှတ်မထင်....

ကောင်းလိ၏ ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ် ခံစားလာရလေ၏။

လောကပေါ်တွင် သူ့အား နားအလည်နိုင်ဆုံး လူတစ်ယောက်ကို တွေ့လိုက်ရသည်ဟု ခံစားမိလိုက်ခြင်း ဖြစ်တော့သည်။

သူတို့နှစ်ယောက်သည် အတန်ကြာအောင် တစ်ယောက်ကို တစ်ယောက် ကြည့်နေမိလိုက်ကြလေ၏။

ထိုလူကပင်....

'မင်းက ကောင်းလိ ဟုတ်လား'

ဟု မေးလာ၏။

ကောင်းလိက....

'ဟုတ်တယ်'

ဟု တုံးတိတိ ဖြေလိုက်၏။

ထိုလူက....

'မင်းက ကွမ်းကြိုးခက်ကို အနိုင်ယူနိုင်လိမ့်မယ်လို့ ကျုပ် ထင်မိသားပဲ'



ကောင်းလိက....

'ခင်ဗျားက သူတို့နဲ့ အတူတူပဲကိုး'၊

'ဟုတ်တယ်'

'ခင်ဗျားတို့လိုချင်တဲ့ပစ္စည်း ကျုပ်ဆီမှာ မရှိဘူး၊ ကျုပ်က လွှင့်ပစ်ထားခဲ့တယ်'

ထိုလူ ခေါင်းညိတ်လိုက်၏။

'မင်းစကားကို ကျုပ် ယုံကြည်ပါတယ်'

ကောင်းလိက ကြမ်းပြင်ပေါ် လဲကျနေသည့် ကွမ်းကြိုးခက်နှင့် အမှတ်သုံး နဂါးတို့အား ညွှန်ပြလိုက်ပြီး....

'သူတို့က မယုံကြည်ခဲ့ကြဘူးဗျ'

ဟု ပြောလိုက်၏။

ထိုလူက....

'မယုံလို့လဲ သူတို့ သေသွားကြတာပေါ့'

ကောင်းလိက....

'ခင်ဗျားကော'

'ကျုပ်က ယုံပါတယ်'

'ဩော်....'

'မင်၊ သိမ်ပြောတာမဟုတ်ဘူးဆိုတာ ကျုပ် ယုံကြည်တယ်လေ၊ အမှတ်သုံးနဂါးက ပစ္စည်းတွေကို တစ်ယောက်တည်း အပိုင်စီးချင်တဲ့စိတ် ရှိနေသေးတယ်'

'ကောင်းလိက....

'ကျုပ်ကလဲ ဘေး သစ်ပင်တစ်ပင်အောက်မှာ လှဲပစ်ခဲ့တာဗျ၊ ခုချိန်လောက်ဆိုရင် တင်ယောက်ယောက် တွေ့သွားလောက်ပြီပေါ့'

'ရွာသားတစ်ယောက်က ပြန်တွေ့သွားလို့ ပိုင်ရှင်ရဲ့လက်ထဲ ပြန်ရောက်သွားပြီ ဆိုတာ ကျုပ် သတင်းကြားတာကြောင့် လိုက်လာတာပါ'

ကောင်းလိက....

'ကျုပ်ဆီမှာ မရှိတော့မှန်းသိလျက်နဲ့ ဘာဖြစ်လို့ ကျုပ်နောက်ကို လိုက်လာရတာလဲဗျာ'

ထိုလူ၏မျက်နှာပေါ်တွင် အပြုံးရိပ်များ ဖြစ်ပေါ်လာလေ၏။

'ကျုပ်က မင်းကို စိတ်ဝင်စားလို့ပါ'

'ဩော်'

'အမှတ်တစ်နဂါးတို့ကို ဆုံးမလိုက်နိုင်တယ်ဆိုကတည်းက မင်းကို ကျုပ်က စိတ်ဝင်စားမိတာပါ၊ ခုတစ်ခါ ကွမ်းကြိုး



က်ကို အနိုင်ယူလိုက်တော့ ပိုပြီးစိတ်ဝင်စားမိတယ်၊ ဒါပေမယ့်'

ထိုလူက စကားကို တပိုင်းတစဖြင့် ရပ်ထားလိုက်၏။

ကောင်းလိက....

'ဒါပေမယ့် ဘာဖြစ်သလဲဗျ'

မနေနိုင်တော့ဘဲ မေးလိုက်လေ၏။

ထိုလူက....

'မင်းအသုံးပြုတဲ့နည်းလမ်းက မဟုတ်သေးပါဘူး'

ဟု ခေါင်းတယမ်းယမ်းဖြင့် ပြောလေ၏။

ကောင်းလိ၏မျက်နှာတွင်လည်း အပြုံးရိပ်များ ဖြစ်ပေါ်လာ၏။

ထိုလူက....

'ဘယ်သူမှ အသက်တစ်ချောင်း အပိုမပါဘူး ဆိုတာမင်း နားလည်ထားသင့်တာပေါ့'

ကောင်းလိက....

'ဒါပေမယ့် လူတစ်ယောက်ဟာ တစ်ခါပဲ သေရပါတယ်ဗျာ'

သူ၏လေသံသည် ထူးခြားမှု မရှိပါ။

သို့တိုင် သူ၏စကားသည် အလွန်လေးနက်နေပါ၏။

ယခု....

ကောင်းလိ၏စိတ်ထဲ မည်သို့ ခံစားနေရသည်ကို လည်းကောင်း ကောင်းလိ၏ရည်ရွယ်ချက်မှာ မည်သို့ဖြစ်သည်ကို လည်းကောင်း ထင်ရှားပေါ်လွင်လာပြီဖြစ်၏။

ထိုလူက—

'လက်စသတ်တော့ မင်းဟာ သေမင်းကို မျှော်လင့်နေတဲ့ လူတစ်ယောက် ဖြစ်နေတာကိုး'

ဟု မှတ်ချက်ချလိုက်၏။

ကောင်းလိက ဘာမှမပြောဘဲ နေလိုက်လေ၏။

ထိုလူက....

'ကျုပ်က မင်းလိုလူစားမျိုးတွေ အများကြီး တွေ့ဖူးပါတယ်၊ ဒါပေမယ့် တကယ်တမ်း သေရတော့မယ်ဆိုတာလဲ သိရော ဣန္ဒြေမရ ဖြစ်သွားတတ်ကြတာပဲ'

ကောင်းလိက ပါးစပ်ပိတ်ထားဆဲ....

သူ့အား မည်သို့ ဝေဖန်ပြောဆိုပါစေ အမှုမထားသည့် သဘော ဖြစ်လေ၏။

ထိုလူက....



'ထားပါတော့လေ၊ မင်း တကယ် သေချင်တယ်ဆိုရင် သေရမယ့်နည်းလမ်းတွေကို ကျုပ်လမ်းညွှန်ပေးနိုင်ပါတယ်၊ မင်းကြိုက်တဲ့အချိန် ကျုပ်ကိုလာတွေ့နိုင်ပါတယ်'

ကောင်းလိက ထိုလူအား စိုက်ကြည့်လိုက်၏။

'ခွေးအ,ကြီးကျင်းဟူနဲ့ တွေ့ချင်တယ်လို့သာ ပြောလိုက်၊ မင်းကိုလိုက်ပို့ပေးမယ့်လူတွေ ပေါ်လာပါလိမ့်မယ်၊ ကဲ.... ကျုပ်ကို ခွင့်ပြုပါဦး'

စကားဆုံးလျှင် ချာခနဲလှည့်ထွက်သွား၏။

ကောင်းလိက ဟန့်တားခြင်းမပြုပါ။

တင်းကျူးနှင့် တင်းတင်းတို့ မောင်နှမနှစ်ယောက်လည်း ကြောင်အမ်းအမ်းဖြင့် ငေးကြည့်ရင်း ကျန်ရစ်ခဲ့ကြတော့၏။

\+ * +

ခွေးအကြီး ကျင်းဟူ

အလွန် ကြောက်စရာကောင်းသည်ဆိုသော ကျင်းဟူနှင့် ဖူးတွေ့ဒူးတွေ့ တွေ့လိုက်ရပြီဖြစ်၏။

သို့သော်—

ကျင်းဟူသည် ဒုက္ခမပေးသည့်အပြင် ဒုက္ခပေးဖို့ ကြံရွယ်နေသည့် အမှတ်သုံးနဂါးကိုပင် ဆုံးမခဲ့သေး၏။

ကျင်းဟူ၏လုပ်ရပ်ကို မည်သူ နားလည်နိုင်ပါမည်နည်း။

ကောင်းလိကား နားလည်မိသည် ထင်နေ၏။

အကြောင်းမှာ....'

သူနှင့် ကျင်းဟူတို့သည် ဘဝတူခံစားချက်ချင်း တူညီနေသူများ ဖြစ်သည်ဟု တဒင်္ဂအတွင်းတွေ့လိုက်ရသည့်အချိန်ကလေးမှာပင် မြဲမြံစွာ ခံစားမိလိုက်ခြင်းကြောင့် ဖြစ်လေသည်။

ယခု ကျင်းဟူ ထွက်သွားပြီဖြစ်၏။

သူနှင့်တကွ တင်းကျူးတို့မောင်နှမအား ဒုက္ခပေးမည့်သူ မရှိတော့ပါ။

ကောင်းလိက တင်းကျူးတို့အား ကြည့်လိုက်၏။

တင်းကျူးတို့ မောင်နှမသည်လည်း ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ကောင်းလိကို ကြည့်နေကြ၏။

ကောင်းလိက သူတို့အားပုံးပြရန် ကြိုးစားလိုက်၏။

သို့သော်....

မျက်နှာမှ အကြောအချဉ်များသည် တင်းမာနေပြီး ပြုံးပြ၍မရချေ။

တင်းကျူး တို့မောင်နှမသည် ယုန်သူငယ်လေးများအလား ကြောက်ရွံ့ ထိတ်လန့်နေကြသည်ကို တွေ့ရလျှင် ဤနေရာ၌ ဆက်၍မနေအပ်တော့မှန်း သဘောပေါက်လိုက်၏။



ကောင်းလိသည် ရှည့်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ထွက်သွားရန် ဟန်ပြင်လိုက်၏။

သူက လှုပ်ရှားလိုက်သည်နှင့် ခန္ဓာကိုယ်တုန်ခါသွား၏။

မည်သို့မျှမတတ်နိုင် မဟန်နိုင်တော့ဘဲ....

'ဝုန်း....

ကြမ်းပြင်ပေါ် အရုပ်ကြိုးပြတ် လဲကျသွား၏။

# အစိပ္ပာယ်မဲ့တဲ့လူ

တစ်ရက်...

နှစ်ရက်....

သုံးရက်....

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေ၏။

ကောင်းလီသည် တင်းကျူးတို့မောင်နှမ၏အိမ်၌ ရောက်ရှိနေခဲ့သည်မှာ သုံးရက်ရှိသွားပြီ ဖြစ်လေ၏။

ရရှိထားသော ဒဏ်ရာများဖြင့် အပြင်းဖျားကာ သတိလစ် မေ့မျောနေခြင်း ဖြစ်ပါတော့၏။



တစ်ချိန်လုံးလည်း....

'မေမေ....မေမေ'

'သား ကြောက်တယ် မေမေ'

'သားကို မထားခဲ့ပါနဲ့'

'မေမေ့နောက်ကို သားလိုက်ခဲ့မယ်'

'လူယုတ်မာကြီး သေဖို့သာပြင်ထား'

ဟု တတွတ်တွတ် ယောင်ယမ်းညည်းတွားနေ၏။

တင်းကျူး မောင်နှမနှစ်ယောက်သည် ကောင်းလီအား မည်သို့နားလည်ရမှန်း မသိတော့ချေ။

သူတို့သည် သမားတော်ကြီးပေးသွားသော ဆေးများ ကိုသာ အဆက်မပြတ် တိုက်ကျွေးခဲ့၏။

သူတို့၏အိမ်ထဲ၌ ဖြစ်ပွားခဲ့သော တိုက်ပွဲတွင် သေဆုံးသွားခဲ့ကြသော အမှတ်သုံးနဂါးနှင့် ကွမ်းကြိုးခက်တို့၏ အလောင်းများကို ချေးအကြီးကျင်းဟူ၏ လူများက လာရောက် သယ်ယူသွားကြ၏။

ထို့ပြင်..

ကောင်းလီအတွက် အသက်ကယ်ဆေး တစ်ခွက်ကိုလည်း ကျင်းဟူက ပေးလိုက်၏။

တင်းကျူးတို့မောင်နှမသည်ဘာ မသိဘာမသိဖြင့် ကျင်းဟူ ပေးသောဆေးကို တိုက်ကျွေးလိုက်၏။

အမှန်တော့....

သမားတော်ကြီးပေးသော ဆေးဝါးများဖြင့် ကောင်းလိ သက်သာလာခြင်း မရှိလေရကား ကျင်းဟူ၏ ဆေးကို တိုက်မိလိုက်ခြင်း ဖြစ်လေ၏။

ကျင်းဟူ၏လူများက ကောင်းလိကို ဒုက္ခပေးခဲ့ကြသော်လည်း ကျင်းဟူက ဒုက္ခပေးမည်မဟုတ်ဟု ယုံကြည်မိကြ၏။

ကျင်းဟူ၏ဆေးကို တိုက်လိုက်ပြီး မကြာမီ ကောင်းလိ အဖျားကျသွားတော့၏။



ကောင်းလိ အဖျားကျသွားပြီဖြစ်၏။

ဒဏ်ရာများလည်း သက်သာစပြုလာ၏။

သို့သော် အားအင်ကုန်ခန်းကာ လူမမာလုံးလုံး ဖြစ်နေသည်။

ကောင်းလိ သတိရလာသောအခါ တင်းကျူးတို့ မောင်နှမက ပြုစုနေသည်ကို တွေ့ရ၏။

'ဟင်....'

ကောင်းလိ သတိဝင်လာသည်။ ချက်ချင်းပင် ခုတင်ပေါ်မှ လူးလိမ့်ထလိုက်လေ၏။

အနီးကပ်ပြုစုသော တင်းတင်း စိုးရိမ်ပူပန်သွား၏။

'အို....မထနဲ့လေ'

ကဗျာကယာ ဟန့်တားလိုက်၏။

ကောင်းလိက ဂရုမစိုက်ချေ။

'ညီမလေး...ဘာဖြစ်တာလဲ'

တင်းကျူးသည် တင်းတင်း၏စကားသံကြောင့် ပြေးလာ၏။

ကောင်းလိက ခုတင်ပေါ်မှ ဆင်းလိုက်သည်ကို တွေ့ရလျှင် မျက်လုံးပြူးသွားလေ၏။

'ဟာ ညီလေး၊ မထနဲ့ဦးလေ၊ ခုတင်ပေါ်မှာပဲ သက်တောင့်သက်သာ လှဲလျောင်းနေပါ'

စိုးရိမ်တကြီး ပြောလာလေ၏။

ကောင်းလိက ဘာမှပြန်မပြောသေးဘဲ သူ၏လက်ကောက်ဝတ်ကို အသာ လှည့်ကြည့်လိုက်၏။

အင်္ကျီလက်အိုးကြားထဲ၌ ဝှက်ထားသော ဓားပါးလေး ရှိသေးကြောင်းသိရမှ ကျေနပ်သွား၏။

ထိုဓားပါးလေးသည် သူ၏အသက်ပင် မဟုတ်ပါလား။

ကောင်းလိက စိတ်ချရတော့မှ တင်းကျူးတို့ မောင်နှမကို ကြည့်လိုက်ပြီး....

'ကျေးဇူးတင်ပါတယ်ဗျာ'

ဟု ပြောလိုက်လေ၏။

တင်းကျူးတို့မောင်နှမသည် သက်ပြင်းချလိုက်မိ၏။

သူတို့သည် အလွန်ထူးခြားသောလူတစ်ယောက်အား အိမ်ပေါ် ခေါ်တင်ထားခဲ့မိကြသည် မဟုတ်ပါလား။

'ကောင်းလိက....

'ကျုပ်ကို ခွင့်ပြုပါဦး'

စကားဆုံးလျှင် ထွက်သွားရန် ဟန်ပြင်လိုက်၏။

တင်းကျူး မနေနိုင်တော့ပဲ....



'ညီလေး၊ မင်း နေမှမကောင်းသေးဘဲ ဘယ်ကို သွားမလို့လဲ'

ဟု လှမ်းမေးလိုက်၏။

ရုတ်တရက် ကောင်းလိ၏ခြေလှမ်း တုံ့ခနဲ ရပ်သွား၏။

တင်းကျူးကို လှည့်ကြည့်လိုက်၏။

တစ်စုံတစ်ခု ပြောလိုပါသော်လည်း ပြောစရာစကား ရှာမတွေ့သည့်သဘောမျိုး ဖြစ်လေ၏။

ကောင်းလိသည် တင်းတင်းတို့ မောင်နှမနှစ်ယောက်နှင့် မျက်လုံးချင်း ဆုံမိလိုက်၏။

တင်းတင်းတို့မောင်နှမသည် ကောင်းလိ၏မျက်လုံးများမှ တစ်ဆင့် အသည်းနှလုံးထဲသို့တိုင် ထိုးဖောက် တွေ့မြင်လိုက်ရသည်ဟု ခံစားလိုက်ကြရ၏။

ကောင်းလိလည်း အထီးကျန်ဆန်ပြီး လောကကြီးအား စိတ်နာနေသူ တစ်ယောက် ဖြစ်နေသည်တကား။

ကောင်းလိ ချာခနဲလှည့်လိုက်၏။

ဒယီးဒယိုင်ဖြင့် ထွက်သွား၏။

တင်းတင်းတို့ မောင်နှမသည် ရွှံ့အ နေကြသူများမှာ ဟန့်တားခြင်း မပြုမိကြတော့ချေ။

ကောင်းလိက အိမ်တံခါးပေါက်၌ ထွက်ပေါ် လာသည့်ကို တွေ့လိုက်ရလေ၏။

* * *

လူတစ်ယောက် တံခါးဝ၌ ပေါ်လာ၏။

ကောင်းလိ ခြေလှမ်း ရပ်တန့်သွား၏။

တံခါးဝ၌ ပေါ်လာသူအား လှမ်းကြည့် လိုက်လေတော့သည်။

ထိုလူမှာ သစ်လွင်သော ပိုးဖဲ အင်္ကျီကို ဝတ်ဆင်ထားလေသည်။

ခါး၌ ဓားတစ်လက် ချိတ်ထား၏။

လူကြီး လူကောင်း သိုင်းသမား တစ်ယောက်အသွင် ရှိလေ၏။

ကောင်းလိနှင့် ထိုလူသည် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြ၏။

ထိုလူကပင် စတင်၍ ပြောလေ၏။

'မင်းက ကောင်းလိ ဟုတ်လား'



ကောင်းလိက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

ထိုလူက-

'ငါ ဘယ်သူလဲဆိုတာ မင်းသိသလား'

သူက ဘာမှမပြောဘဲ နေလိုက်၏။

ထိုလူက-

'အေး...မင်းမသိရင် ငါပြောပြမယ်၊ ငါဟာ အာဏာသားခေါင်းဆောင်ဝေ့ထင်းယန်ရဲ့ လက်အောက်က ဒုခေါင်းဆောင် ရှမ်းကိုးပဲ'

မှန်ပေသည်။

ထိုလူမှာ ရှမ်းကိုး ဖြစ်လေ၏။

ကောင်းလိသည် ရှမ်းကိုးဟူသော အမည်ကို ကြားလျှင်ခန္ဓာကိုယ် ဘတ်ခနဲ တုန်ခါသွားလေ၏။

အာဏာသား ရှမ်းကိုးသည် သူ့နောက်သို့ တကောက်ကောက် လိုက်နေသည် မဟုတ်ပါလား။

ယခုတော့....

သူတို့နှစ်ယောက် ဆုံတွေ့မိလိုက်ကြပြီ ဖြစ်လေ၏။

ရှမ်းကိုးက....

'ကောင်းလိ မင်းအပြစ်ကို မင်းသိမယ် ထင်တယ်'

ဟု ပြောလိုက်၏။

သူက ဘာမှ မပြောချေ။

ရှမ်းကုံးက....

'မင်းကို ငါဖမ်းလိုက်ပြီ၊ ငါ့နောက်လိုက်ခဲ့၊ အသာတကြည် လိုက်ခဲ့ရမယ် ဟုတ်ပြီလား'

ကောင်းလိ၏မျက်နှာတွင် အပြုံးရိပ်များ ဖြတ်သန်းသွား လေ၏။

'ကောင်းပါပြီဗျာ'

ဟု ပြောလိုက်၏။

အဖမ်းခံရသည်ကိုပင် ကျေကျေနပ်နပ် ရှိနေပုံရလေ၏။

ရှမ်းကုံးက—

'ငါက မင်းရဲ့ လက်နှစ်ဘက်ကို သံကြိုးနဲ့ တုတ်ပြီး ခေါ် သွားရလိမ့်မယ် ဘယ့်နှယ်လဲ'

ကောင်းလိ အနည်းငယ် စဉ်းစားလိုက်ပြီး....

'ခင်ဗျားသဘောပဲ'

ဟု ပြောလိုက်၏။

ရှမ်းကုံးက....

'ကဲ....မင်းရဲ့ လက်တွေ ရှေ့ကို ပူးပြီး ဆန့်ထုတ်လိုက်ပါ'

ကောင်းလိက ရှမ်းကုံး စေခိုင်းသည့်အတိုင်း ပြုလုပ်လိုက် လေ၏။

ရှမ်းကုံးက ရှေ့တိုးလာ၏။

အသင့်ပါလာသော သံကြိုးဖြင့် ကောင်းလိ၏ လက်နှစ် ဖက်ကို ချည်နှောင်လိုက်လေ၏။



ကောင်းလိက....

'ကျုပ်ပထွေးလို လူစားမျိုးတွေကိုလဲ ခင်ဗျားတို့ အရေး ယူဖို့ ကောင်းတယ်ဗျ'

ဟု ပြောလိုက်လေ၏။

ရှမ်းကုံးက ရယ်မောလိုက်၏။

'မင်း ငယ်ပါသေးတယ်ကွာ၊ ငါတို့ ကိစ္စကို မင်းဘာမှ နားမလည်ပါဘူး၊ အေးအေးဆေးဆေးသာ ငါ့နောက်ကို လိုက်ခဲ့စမ်းပါ'

ကောင်းလိ သက်ပြင်းချလိုက်၏။

'ကောင်းပါပြီဗျာ'

'ကဲ..လာ သွားစို့'

ရှမ်းကုံးသည် သံကြိုးကိုဆွဲကာ ရှေ့မှ ဦးဆောင်ထွက် သွား၏။

'ခြွမ်း ခြွမ်း'

သံကြိုးလှုပ်ယမ်းကာ မြည်သွားသောအသံများ ထွက် ပေါ်လာ၏။

ကောင်းလိရင်ထဲ ဖော်မပြနိုင်သောခံစားချက်များ ဖြစ် ပေါ်လာ၏။

တင်းကျူးတို့မောင်နှမအား လှမ်းကြည့်လိုက်၏။

တင်းကျူးတို့မောင်နှမသည် မျက်စိမျက်နှာငယ်စွာဖြင့် ကြည့်နေကြသည်။

ကောင်းလိအတွက် စိတ်မကောင်းဖြစ်နေကြောင်း ထင်ရှားပေါ်လွင်နေ၏။

ကောင်းလိ ချက်ချင်းပင် မျက်နှာလွှဲပစ်လိုက်၏။

ထို့နောက် –

ရှမ်းကိုး ခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားတော့၏။

အေးမြသော မေတ္တာတရားသည် ကောင်းလိ အတွက် မထိုက်တန်သလိုဖြစ်နေ၏။

ကောင်းလိသည် မေတ္တာရိပ်အောက်၌ မနေရဘဲ ပူပြင်းခြောက်သွေ့သောလမ်းခရီး၌ လျှောက်လှမ်းနေရသူ ဖြစ်နေသည်တကား။

* * *

လေ ဝှေ့ယမ်းတိုက်ခတ်လာလေ၏။

တောပန်းရနံ့များလည်း လွင့်ပျံ့လာ၏။



ရေမြေတောတောင် သဘာဝအလှအပများသည် ဆေးရေးမမှီနိုင်သည့် ပန်းချီကားတစ်ချပ်အလား....

တောလမ်းကလေးပေါ်၌....

'ခြွမ်း ခြွမ်း'

'ခြွမ်း ခြွမ်း'

သံသံချင်း ထိတွေ့သောအသံများ စည်းချက်ဝါးချက် ညီညီ ထွက်ပေါ်လာ၏။

လူနှစ်ယောက်သည် တောလမ်းကလေးအတိုင်း လျှောက်လှမ်းလာကြ၏။

ရှမ်းကိုးက ကောင်းလိအား ဖမ်းဆီးခေါ်ဆောင်လာခြင်းဖြစ်၏။

ကောင်းလိက ခေါင်းငိုက်စိုက်ချကာ လိုက်ပါလာ၏။

သူ၏အသွင်သည် အသက်ကင်းမဲ့နေသူတစ်ယောက်ပမာ ရှိနေ၏။

သို့ဖြင့်....

လူပြတ်သောတောလမ်းတစ်နေရာသို့ရောက်သျှင် ရှမ်းကိုး ခြေလှမ်းရပ်လိုက်၏။

ကောင်းလိသည်လည်း ခြေလှမ်းရပ်လိုက်ပြီး ခေါင်းမော့ ရှမ်းကိုးကို လှမ်းကြည့်လိုက်၏။

ထိုအခါ ရှမ်းကုံးက ပြုံးဖြီးဖြီးဖြင့် သူ့အား ကြည့်နေသည်ကို တွေ့ရ၏။

ကောင်းလိ ရင်ထိတ်သွား၏။

ရှမ်းကုံး၏အပြုံးသည် ကောက်ကျစ်စဉ်းလဲသောအပြုံးတစ်ရပ်ဖြစ်ကြောင်းလည်း သဘောပေါက်လိုက်လေ၏။

ရှမ်းကုံးက....

'မင်းတို့ မြို့ကလူတွေကတော့ မင်းအကြောင်းကို ပြောလို့မဆုံးအောင် ဖြစ်နေတယ်ကွ'

ဟု ပြောလေသည်။

ကောင်းလိက ငြိမ်နေ၏။

ရှမ်းကုံးက....

'မင်းရဲ့ပထွေးဟာ မင်းတို့သားအမိအပေါ် အရမ်းကို ရက်စက်ခဲ့တယ်ဆိုတာရယ်၊ သူနှိပ်စက်လို့ မင်းအမေ သေဆုံးသွားတယ်ဆိုတာရယ် ငါ စုံစမ်းရင်း သိခဲ့ရတယ်ကွ'

ကောင်းလိ၏မျက်နှာတွင် ခံပြင်းနာကျည်းသည့် အရိပ်အရောင်များ ပေါ်လာပြီး....

'ဒီအကြောင်းတွေ မပြောပါနဲ့တော့ဗျာ'

ဟု တားမြစ်လိုက်၏။

'ဟား ဟား ဟား'



ရှမ်းကုံးက ရယ်မောလိုက်၏။

'မဟုတ်သေးဘူးလေ၊ မင်းအမေသေသွားတော့ မင်းမခံမရပ်နိုင်ဖြစ်ပြီး မင်းရဲ့ပထွေးကို ဆုံးမလိုက်တာပဲမဟုတ်လား၊ မင်းရဲ့လုပ်ရပ်ကို ငါတောင် သဘောကျမိတယ်'

ကောင်းလိက....

'တော်ပါတော့ဗျာ၊ မပြောပါနဲ့တော့'

ထပ်မံ တားဆီးလိုက်၏။

ရှမ်းကုံးက ဂရုမစိုက်ချေ။

'မင်းရဲ့ပထွေးအရက်သမားကို အရက်လောင်းပြီး မီးရှို့လိုက်တာကို ငါ အကြိုက်ဆုံးပဲကွ၊ ဒါပေမယ့် မင်းပထွေးရဲ့ လုပ်ရပ်တွေကို သိတဲ့လူ နည်းတယ်၊ မင်းရဲ့လုပ်ရပ်ကတော့ တစ်မြို့လုံး ပြောစမတ်တွင်သွားတယ်လေကွာ'

ကောင်းလိ၏မျက်နှာများ နီရဲလာ၏။

သူ၏ခန္ဓာကိုယ်သည်လည်း တောင့်တင်းကြီး ဖြစ်လာ၏။

'ခင်ဗျားပါးစပ် ပိတ်ထားလိုက်စမ်း'

ခြောက်ခြေ့အက်ကွဲသော အသံဖြင့် အော်ငေါက်လိုက်၏။

'ဟား....ဟား....ဟား'

ရှမ်းကုံးက ဟားတိုက်ရယ်မောလိုက်၏။

'ကောင်လေးကောင်းလိ....မင်းငယ်ပါသေးတယ်၊ လောကကြီးအကြောင်းကို ဘာမှနားမလည်သေးပါဘူး၊ ဘာပဲဖြစ်ဖြစ် မင်းဟာ ငါ့အတွက်တော့ ငွေတုံးငွေခဲလေးပါပဲ'

ကောင်းလိ ဒေါသချောင်းချောင်းထွက်လာပြီး လက်နှစ်ဖက်ကို ဆောင့်ရုန်းလိုက်၏။

'ခြွမ်း....'

ရှမ်းကုံး၏လက်ထဲမှ သံကြိုးလွတ်ထွက်သွား၏။

'ဟား...ဟား....ဟား'

ရှမ်းကုံးက အမှုမထားဘဲ ဟားတိုက်ရယ်မောလိုက်၏။

သူ၏ရယ်သံသည် ကျယ်လောင်လွန်းလှသည်ဖြစ်ရာ ခါးမှဓားဆွဲထုတ်လိုက်သည့်အသံကိုပင် မကြားလိုက်ရပါချေ။

ရှမ်းကုံး၏လက်ထဲ ဓားရောက်လာ၏။

'ကောင်လေး....မင်းအသက်ရှင်နေတာကို မကြည့်ချင်တဲ့ လူတစ်ယောက် ရှိနေပြီ၊ မင်းကိုရှင်းပစ်ဖို့ ငါ့ကို ငွေပေးထားတယ်'

ကောင်းလိ ဘာမှမပြောပါ။

ရှမ်းကုံးသည် အကျင့်ပျက်သူ ဖြစ်ကြောင်း သဘောပေါက်နေပြီဖြစ်၏။

ရှမ်းကုံးက...



'မင်းအတွက် ငါ စိတ်မကောင်းပါဘူး၊ ဒါပေမယ့် မင်းဝေဒနာမခံစားစေရဘူးလို့ ငါအာမခံပါတယ်'

စကားဆုံးလျှင် ဓားဝှေ့ယမ်းကာ ခုတ်ချလိုက်၏။

ကောင်းလိက နောက်ဆုတ်လိုက်ကာ ရှောင်တိမ်းလိုက်သည်။

သူ၏လက်နှစ်ဖက်မှာ သံကြိုးဖြင့်တုတ်နှောင်ခြင်းခံထားရသဖြင့် လှုပ်ရှားဖို့ခက်လှပေ၏။

ပြန်လည်ခုခံတိုက်ခိုက်ဖို့ မလွယ်တော့ချေ။

ရှမ်းကုံးက

'မင်း ထွက်ပြေးမလို့လား၊ ငါ့လက်ကလွတ်မယ် မထင်ပါနဲ့ကွာ'

ပြောပြောဆိုဆို တရကြမ်း တိုက်ခိုက်၏။

ဓားရောင်များ ဝင်းလက်သွား၏။

ဓားရိပ်များသည် ကောင်းလိ၏တစ်ကိုယ်လုံး လွှမ်းခြုံသွား၏။

ကောင်းလိသည် နောက်ဆုတ်ရှောင်တိမ်းရင်း သစ်မြစ်တစ်ခုကို ခလုတ်တိုက်မိကာ....

'ဗုန်း....'

မြေပေါ်လဲကျသွား၏။

'သေပေတော့'

ရှမ်းကုံးက အပေါ်မှမိုးကာ ဓားဖြင့်ခုတ်ချလာ၏။

ကောင်းလိက သံကြိုးကိုဝှေ့ယမ်းကာ ခုခံလိုက်၏။

'ခြွမ်း....ခြွမ်း'

တရကြမ်း ဝှေ့ယမ်းလာသော သံကြိုးကြီးကြောင့် ရှမ်းကုံး အကြံမအောင်တော့ဘဲ ကပျာကယာ နောက်ဆုတ်လိုက်ရ၏။

ကောင်းလိက လှူးလိမ့်ထလိုက်၏။

ရှမ်းကုံး ဒေါသထွက်သွား၏။

'ခွေးကောင်လေး—မင်းက ငါ့ကို အာခံချင်တယ်ပေါ့လေ၊ သိကြသေးတာပေါ့'

ဟု ကြုံးဝါးကာ တရကြမ်း တိုက်ခိုက်လိုက်၏။

ကောင်းလိကလည်း သံကြိုးကိုဝှေ့ယမ်းကာ ခုခံ ကာကွယ်နေ၏။

ရှမ်းကုံးက....

'သွားစမ်း'

လက်တစ်ဖက် ဆန့်ထုတ်ကာ ဝှေ့ယမ်းလာသည့်သံကြိုးကို ဖမ်းဆွဲလိုက်၏။



ထို့နောက်....

'သေပေတော့'

ကောင်းလိ၏ရင်ဝကို ဓားဖြင့်ထိုးသွင်းလိုက်၏။

ဓားဦးသည် တည့်တည့်မတ်မတ်ပင် တိုးဝင်သွားရာ ကောင်းလိ မရှုမလှခံရတော့မည် ဖြစ်လေသည်။

ကောင်းလိ၏လက်ကို ချည်နှောင်ထားသည့် သံကြိုးကိုလည်း အတင်း ဆွဲထားသဖြင့် မည်သို့မျှ ရှောင်၍ မရတော့ပေ။

ရှမ်းကုံး၏ လက်ချက်ဖြင့် ကောင်းလိ သေဆုံးသွားရတော့မည် ဖြစ်လေသည်။

ကောင်းလိ၏ မျက်နှာသည် ကြောက်မက်ဖွယ်ကောင်းအောင် ခက်ထန်သွားလေသည်။

အင်္ကျီလက်အိုးထဲမှဓားကို ရအောင်ထုတ်ယူလိုက်၏။

ဓားပါးလေး လျှောခနဲ ထွက်ကျလာသောအခါ လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း ရှမ်းကုံးကို ပြန်လည်ထိုးသွင်းလိုက်သည်။

သူသေကိုယ်သေ တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

ကောင်းလိက နောက်ဆုတ်လိမ့်မည်မဟုတ်ပါ။

ရှမ်းကုံးသည် ကောင်းလိ၏တိုက်ကွက်ကို မြင်လျှင် ရင်ထိတ်သွားသည်။

သူက ကောင်းလိအား သုတ်သင် ရှင်းလင်းပစ်နိုင်သလို ကောင်းလိ၏ လက်ချက်ကြောင့် သူလည်း မရှုမလှခံရမည် ဖြစ်ကြောင်း ဆင်ခြင်မိလိုက်သည်။

သူတစ်ပါးအား သုတ်သင် ရှင်းလင်းပစ်ဖို့ ဝန်မလေးသော်လည်း မိမိ၏အသက်ကိုမူ နှမြောနေ၏။

ထို့ကြောင့်လည်း ဓားကိုရုပ်သိမ်းကာ ကပျာကယာ နောက်ဆုတ်လိုက်သည်။

'ယား....'

ကောင်းလိကား နောက်မဆုတ်သည့်အပြင် အာခေါင်ခြစ်ကာ အော်ဟစ်ရင်း ရှမ်းကုံးထံသို့ တစ်ရှူးထိုးပြေးဝင်ကာ ဓားဖြင့်ထိုးစိုက်လိုက်သည်။

ရှမ်းကုံး မျက်လုံးပြူးသွား၏။

ကောင်းလိလုပ်ရပ်သည် မိုက်ရူးရဲဆန်လှသည် မဟုတ်ပါလား။

ရှမ်းကုံး နောက်ဆုတ် ရှောင်တိမ်းလိုက်သော်လည်း အချိန်မရတော့သဖြင့်....

'သွားစမ်း'



အော်ငေါက်ရင်း ကောင်းလိအား ဓားဖြင့်ခုတ်ချလိုက်သည်။

ကောင်းလိမှာ အလွန်လျင်မြန်သည့် အရှိန်ဖြင့် ပြေးဝင်လာသည်ဖြစ်ရကား သူ၏ ဓားခုတ်ချက်သည် ကောင်းလိ၏ ပခုံးပေါ်မှကျော်ကာ နောက်ကျောပြင်ကို ခုတ်ချမိလိုက်၏။

သူ၏ဓားမှာ ထက်မြက်လှသည့် ဓားကောင်း တစ်လက်ဖြစ်ရကား ကောင်းလိ၏ အဝတ်အစားများ စုတ်ပြဲသွားပြီး နီရဲသောသွေးများ စီးကျလာလေသည်။

ထို့အတူ—

ကောင်းလိသည် ရှမ်းကုံးနှင့် လူချင်းပူးကပ်မိသွားပြီး သူ၏ဓားပါးလေးသည် ရှမ်းကုံး၏ အသည်းနှလုံး တည့်တည့်သို့ ထိုးစိုက်ချမိလိုက်တော့သည်။

'အား....'

'အွန့် '

စူးရှသောအော်သံများ တစ်ခဲနက် ထွက်ပေါ်လာသည်။

ကောင်းလိကော ရှမ်းကုံးပါ မြေပေါ်သို့လဲကျသွားကြတော့၏။

* * *

ကောင်းလိနှင့် ရှမ်းကုန်းတို့ မြေပေါ်၌ လဲကျ နေကြလေသည်။

ကောင်းလိ၏ တစ်ကိုယ်လုံး သွေးချင်းချင်း နီရဲနေလေသည်။

ရှမ်းကုန်း၏ ရင်ဝ၌လည်း သူ၏ ဓားပါးလေး စိုက်ဝင်နေ၏။

ရှမ်းကုန်းသည် ပက်လက်လန်ကာ လဲကျနေခြင်း ဖြစ်ပြီး ပါးစပ်အဟောင်းသား ဖြစ်နေ၏။

သူ၏ ပြူးကျယ်သော မျက်လုံးများက မိုးကောင်းကင်ပေါ်သို့ ကြည့်နေ၏။

သို့တိုင်....

ဘာဆို ဘာမှ တွေ့မြင်ရတော့မည် မဟုတ်သည်မှာ ထင်ရှား၏။

ယခုလို –

မရှုမလှ သေဆုံးသွားရမည်ကို ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့ပုံမျိုး ရှိလေ၏။

လေပြေ့ယမ်း တိုက်ခတ်လာ၏။

သစ်ရွက်ကလေးများ တဖြုတ်ဖြုတ် ကြွေကျ လာတော့သည်။



ထိုအချိန်တွင်မှာပင်....

ကောင်းလိသည် တလှုပ်လှုပ် ဖြစ်လာပြီး မြေပေါ်မှ လူးလိမ့် ထလာလေတော့၏။

* * *

ကောင်းလိက လူးလိမ့်ထလိုက်လေ၏။

လက်နှစ်ဖက်အား ချည်နှောင်ထားသော သံကြိုးကိုဖြည်ထုတ်ပစ်လိုက်လေ၏။

'ချွမ်း....'

သံကြိုးမှာ မြေပေါ် ပုံကျသွား၏။

သူ၏ တစ်ကိုယ်လုံး သွေးအလိမ်းလိမ်း ပေကျံကာ ဒယီးဒယိုင် ဖြစ်နေ၏။

မည်သို့ဆိုစေ....

သူ အသက်ရှင်လျက် ရှိနေသေးသည် တကား။

ထို့အပြင်....

သတိမမေ့မလျော့ဘဲ ရှမ်းကုန်း၏ရင်ဝ၌ စိုက်ဝင်နေသော ဓားပါးလေးကို ဆွဲနုတ်ကာ အင်္ကျီ လက်အိုးကြားထဲ၌ ပြန်လည် သိမ်းဆည်းထားလိုက်၏။

ပြီးမှ ခပ်လှမ်းလှမ်းသို့ သွားကာ လမ်းဘေးရှိ သစ်ပင်ကြီး တစ်ပင်ကို ကျောမှီပြီး ထိုင်ချလိုက်လေ၏။

ထိုစဉ်....

'ဒီတစ်ခါလဲ မင်းက သေတွင်းထဲက ထွက်လာပြန်ပြီ'

စကားသံ တစ်ချက် ထွက်ပေါ်လာ၏။

ကောင်းလီ လှမ်းကြည့်လိုက်သောအခါ ခွေးအကြီးကျင်းဟူ ရောက်ရှိလာသည်ကို တွေ့လိုက်ရလေ၏။

'ခင်ဗျားကိုး'

ကျင်းဟူသည် မြေပေါ်၌ လဲကျနေသော ရှမ်းကုန်းကို ညွှန်ပြကာ....

'သူ ဘယ်သူလဲဆိုတာ မင်းသိသလား'

ဟု မေးလာလေ၏။

သူက ခေါင်းညိတ်လိုက်လေ၏။

'သိတယ်'



ကျင်းဟူက....

'အေး....သူဟာ မင်းရဲ့ လက်ချက်ကြောင့် သေသွားပြီ၊ ဒီကိစ္စကို မင်းဘယ်လို ဖြေရှင်းမလဲ'

ကောင်းလီက....

'ရှင်းနေတဲ့ ကိစ္စကို ထပ်ပြီး ဖြေရှင်းစရာ လိုသေးသလားဗျာ'

ကျင်းဟူက....

'ဝေ့ထင်းယန့်က မင်းကို ဘယ်တော့မှ ခွင့်လွှတ်တော့မှာ မဟုတ်ဘူး၊ ရှမ်းကုန်းဟာ သူ့အားကိုးရတဲ့ လူတစ်ယောက်ကွ'

ကောင်းလီ က....

'သူကသာ ကျုပ်ကို သတ်ဖို့ မကြိုးစားရင် ခုလိုဖြစ်စရာ အကြောင်း မရှိပါဘူးလေ'

ကျင်းဟူ ခေါင်းညိတ်လိုက်၏။

'မင်းပြောတာ မှန်တယ်၊ သူက ဘာကြောင့် ရှင်းပစ်ချင်ရတာလဲ'

'ကျုပ်ကို ရှင်းပစ်နိုင်ရင် သူ့အတွက် ငွေအတော် များများ ရမယ်လို့ ပြောတာပဲ'

'ငွေ'

'ဟုတ်တယ်'

'ဟား ဟား ဟား'

ကျင်းဟူက ဟားတိုက် ရယ်မောလိုက်လေ၏။

ကောင်းလီနှင့် မျက်နှာချင်းဆိုင် ထိုင်ချလိုက်ပြီး....

'မင်းရော သဘောပေါက်ပြီလား'

ဟု မေးလာလေ၏။

ကောင်းလီ မျက်မှောင်ကုတ်သွား၏။

'ခင်ဗျား ဘာကို ဆိုလိုတာလဲ'

ကျင်းဟူက....

'ငွေရဲ့အဓိပ္ပာယ်လေကွာ'

ကောင်းလီက ဘာမှမပြောဘဲ နေလိုက်၏။

ကျင်းဟူက—

'တချို့က ဂုဏ်သိက္ခာအတွက် အသက်ရှင်ကြတယ်၊တချို့က ငွေအတွက် အသက်ရှင်ကြတယ်၊ မင်းကကော'

ဟု မေးပြန်၏။

ကောင်းလီ မပြေနိုင်ချေ။



ကျင်းဟူက ..

'မင်းမှာသာ ငွေရှိခဲ့ရင် ဒီလို ဘဝအခြေအနေမျိုးကို မင်းရောက်လာပါ့မလား'

ကောင်းလီ ခေါင်းခါယမ်းပြလိုက်၏။

ကျင်းဟူက....

'မင်းရဲ့သိုင်းပညာ မဆိုးပါဘူး၊ ဒါပေမယ့် ရှမ်းကုံးလို လူစားမျိုးကို ဘယ်နည်းနဲ့မှ အနိုင်မရနိုင်ဘူး၊ အခု မင်းက သူ့ကို အနိုင်ရလိုက်တာဟာ သေရမှာကို မကြောက်ဘဲ သူ့ သေကိုယ်သေ တိုက်ခိုက်လိုက်လို့ပဲ၊ မင်းက သေရဲတယ်၊ သူက မသေရဲဘူး၊ ဒါကြောင့် ထိပ်တိုက်ရင်ဆိုင်လိုက်တဲ့အခါ သူ သေသွားရတာပဲ'

သူသည် ကောင်းလီကို စေ့စေ့ကြည့်လိုက်ပြီး—

'တကယ်တော့ မင်းဟာ ရည်ရွယ်ချက်မရှိတဲ့လူ၊ ဘဝ မျှော်လင့်ချက်မရှိ အဓိပ္ပာယ်မဲ့တဲ့လူ၊ လောကပေါ်မှာ ဆက်ပြီး အသက်ရှင်နေလို့လဲ အကြောင်းမထူးဘူး၊ သေသွားတာက ကောင်းမယ်လို့ မင်းကိုယ်မင်း တွေးနေမိတယ်မဟုတ်လား၊ အရာရာကို နာကျည်းစိတ်နဲ့ကြည့်ပြီး သေဖို့ ကြိုးစားနေတယ် မဟုတ်လား'

ယခုတစ်ကြိမ်....

'ဟား ဟား ဟား'

ကောင်းလိက သဘောကျစွာ ရယ်မောလိုက်၏။

ကျင်းဟူက....

'ငွေနဲ့ သေခြင်းတရားကို မင်းအတွက် ငါ ဖြည့်ဆည်းပေးနိုင်ပါတယ်၊ မင်း ဘယ်လိုသဘောရသလဲ'

ကောင်းလိက....

'ခင်ဗျား တကယ်ပြောတာလား'

'တကယ်ပေါ့၊ မင်းမယုံရင် ငါ့နောက်ကို လိုက်ခဲ့ပါလား'

'ကောင်းပြီ'

ကောင်းလိသည် ဒဏ်ရာကိုပင် ဂရုမစိုက်နိုင်ဘဲ မတ်တတ်ရပ်လိုက်၏။

ကျင်းဟူကလည်း ထရပ်လိုက်ပြီး....

'သွားစို့'

ဟု ပြောကာ ရှေ့မှ ဦးဆောင်လျှောက်သွား၏။

ကောင်းလိက ကောက်ကောက်ပါအောင် လိုက်သွားလေတော့၏။

* * *



ကျင်းဟူသည် ငွေနှင့် သေခြင်းတရားကို အမှန်ပင် လမ်းညွှန်ပေးနိုင်သူ ဖြစ်ပါသည်။

ကျင်းဟူ၏ဘဝသည်လည်း ကောင်းလိကဲ့သို့ပင် အလွန်နာကျင်ဖွယ်ကောင်းသောဖြစ်ရပ်များနှင့် ကြုံတွေ့ခဲ့ရ၏။

ကျင်းဟူနှင့်ကောင်းလိသည် ဘဝတူ၊ စိတ်တူကိုယ်တူ ဖြစ်လေ၏။

ကျင်းဟူနှင့်ပေါင်းစပ်မိပြီး ကောင်းလိမှာ ကြေးစားလူသတ်သမားဘဝသို့ လုံးလုံးလျားလျား ရောက်သွား၏။

ရင်ထဲမှ နာကျည်းချက်များကို တိုက်ပွဲရှာ၍ ဖွင့်ထုတ်ဖြေသိမ့်နေမိတော့၏။

သို့သော်....

အချိန်ကာလ ကြာညောင်းလာသောအခါ ကြေးစားဘဝကို စိတ်ကုန်လာ၏။

သူ၏နှလုံးသားမှ လိုအပ်ချက်များကို ကြေးစားဘဝက ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသလို ရင်တွင်းဒဏ်ရာဒဏ်ချက်များကိုကုစားပေးနိုင်ခြင်းမရှိကြောင်း သိလာလျှင် ကောင်းလိသည် ကျင်းဟူနှင့်လမ်းခွဲခဲ့၏။

မိမိသည် ဘဝအဓိပ္ပာယ် ကင်းမဲ့နေသူဖြစ်ကြောင်း ဆင်ခြင်မိသည်နှင့် ခြေဦးတည့်ရာ ထွက်လာခဲ့၏။

လောဘ၊ ဒေါသ၊ မောဟတရားများနှင့်ချစ်ခြင်းမုန်းခြင်းကင်းသော အရပ်ဒေသကို ရှာဖွေတွေ့ရှိသည့်တိုင် မဆုံးနိုင်သောခရီးကို လျှောက်လှမ်းဖို့ စီစဉ်လိုက်၏။

ထိုအချိန်မှာပင်..

ကျင်းဟူသည် သူ့အား ခြေရာခံမိသွားပြီး စန်းတုံးနယ်၌ဖြစ်ပေါ်နေသော အခက်အခဲကို နောက်ဆုံးအကြိမ်အဖြစ်ကူညီဖြေရှင်းပေးဖို့ မေတ္တာရပ်ခံလာ၏။

ကောင်းလီလည်း သဘောတူလိုက်၏။

သို့ဖြင့်

စန်းတုံးနယ်သို့ ရောက်လာပြီး နောက်ထပ်အမှားများကျူးလွန်မိပြန်တော့၏။

အဆိုးဝါးဆုံးမှာ ချန်းမင်းဆိုသည့် အပြစ်မရှိသူ တစ်ယောက်အား လူမှားပြီး သုတ်သင်မိခဲ့ခြင်းဖြစ်၏။

ပထမဆုံးအကြိမ်အဖြစ်ချန်းမင်း၏နေရာ၌ မိမိသာဆိုလျှင်မည်သို့ရှိမည်နည်း။ ဟု တွေးမိလာ၏။

ဤတွင်....

မသိစိတ်ဖြင့် လှုံ့ဆော်မှုကြောင့် ကောင်းလီသည်အန္တရာယ်ဝိုင်းနေသည့်ကြားမှ ချန်းမင်းနေထိုင်သည့် ထုံးအိုင်ရွာကလေးဆီသို့ ဦးတည် ခရီးနှင်နေမိခြင်း ဖြစ်ပေတော့၏။

### အမှားခြေရာ

မိုးစင်စင်လင်းပြီ ဖြစ်သည်။

သို့သော် ဝန်းကျင်တစ်ခုလုံး မြူနှင်းများ အုံ့ဆိုင်းနေသဖြင့် မပီမပြင် မသဲမကွဲ ဖြစ်ပေါ်နေပါ၏။

မိုးရာသီ ကုန်ဆုံးသွားပြီး ဆောင်းဥတုဝင်ရောက်လာပြီဖြစ်ပါသည်။

ဝန်းကျင်တစ်ခုလုံး အအေးဓာတ် လွှမ်းမိုးနေသည်။

တောင်လေကလည်း တသိမ့်သိမ့် တိုက်ခတ်နေသည်။

ကောင်းလိသည် ချည်ထည်ခပ်ပါးပါးအင်္ကျီကိုဝတ်လျက် အအေးဒဏ်ကို အမှုမထားဘဲ ခြေလှမ်းကျဲကျဲဖြင့် လှမ်းသွားနေသည်။

သူ၏ခြေလှမ်းများသည် ထုံးအိုင်ရွာလေးသို့ ဦးတည်နေလေသည်။

နှင်းဖုံးနေသော မြေပြင်မှ ဖြတ်သန်းသွားသောအခါ သူ၏ခြေရာများသည် အတိုင်းသား ထင်ကျန်ရစ်ခဲ့လေသည်။

ထိုခြေရာများသည် သူသွားမည့်အရပ်သို့ ညွှန်ပြနေလိမ့်မည် မဟုတ်ပါလား။

တစ်နည်းဆိုလျှင်....

ကောင်းလိ၏လုပ်ရပ်နှင့် ရည်ရွယ်ချက်ကို ခြေရာများက ဖော်ပြနေသည်ဟု ဆိုနိုင်ပါ၏။

ကောင်းလိက အမှားများစွာ ကျူးလွန်ခဲ့သည်ဆိုပါအံ့

ထိုပြုလုပ်ခဲ့သည့် အမှားခြေရာတို့သည် အတိုင်းသားပေါ်လွင်နေလိမ့်မည် ဖြစ်ပေတော့သည်။

* * *



နေမွန်းတည့်ချိန်....

နေမွန်းတည့်ချိန်သို့ ရောက်သောအခါမှ နှင်းကျဲသွားသည်။

ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်း ဖြစ်လာသည်။

အရှေ့ဘက်တွင် ရွာကလေးတစ်ရွာ ရှိနေသည်ကို တွေ့ရသည်။

ကောင်းလိ အရောက်သွားလိုနေသည့်ထုံးအိုင်ရွာကလေး ဖြစ်လေသည်။

သူ၏ခြေလှမ်းများ ပိုမိုသွက်လက်လာသည်။

မကြာပါချေ။

ထုံးအိုင်ရွာကလေးသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားတော့သည်။

o + o

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

နေဝန်းနီသည် အနောက်ဘက်သို့ တိမ်းစောင်းသွားလေသည်။

ညနေစောင်းအချိန်သို့ ရောက်ခါနီးမှ ကောင်းလိသည် ထုံးအိုင်ရွာမှ ပြန်ထွက်လာခဲ့လေသည်။

သူ၏ခြေလှမ်းများသည် ရွာထဲသို့ ဝင်သွားချိန်ကကဲ့သို့ သွက်သွက်လက်လက် မရှိတော့ဘဲ နှေးကွေးလေးလံနေ၏။

ရည်ရွယ်ချက် ဦးတည်ချက်မရှိဘဲ ခြေဦးတည့်ရာသွားနေသူတစ်ယောက် ခြေလှမ်းမျိုးဖြစ်လေသည်။

ထို့အပြင်....

ကောင်းလိ၏ ပုံပန်းသဏ္ဌာန်မှာ ခရီးကြမ်းကိုဖြတ်သန်းလာရသူပမာ မောပန်းနွမ်းနယ်နေသည့် အသွင်သဏ္ဌာန်မျိုး ဖြစ်နေသည်။

သူ၏မျက်နှာလည်း မရွှင်ပျတော့ဘဲ....

အဘယ်ကြောင့်နည်း။

ကောင်းလိက ထုံးအိုင်ရွာသို့လာခဲ့ပုံမှာ ရည်ရွယ်ချက်ရှိပါသည်။

သူ၏လက်ချက်ကြောင့် အပြစ်မရှိဘဲ သေဆုံးသွားရသည့် ချန်းမင်းအတွက် တစ်စုံတစ်ခု ပြန်လည်ပေးဆပ်နိုင်မည်လော ဟူသော ရည်ရွယ်ချက်ဖြစ်သည်။

ချန်းမင်းအတွက် သူ၏အသက်ကို စွန့်လွှတ်ရမည်ဆိုလျှင်ပင် ဝန်လေးနေမည် မဟုတ်ပါ။



ထုံးအိုင်ရွာသို့ ရောက်သွားပြီး စုံစမ်းကြည့်လိုက်ရာ ချန်းမင်းသည် မိဘမဲ့တစ်ကောင်ကြွက်ဖြစ်ကြောင်း သိခဲ့ရလေသည်။

ချန်းမင်း၏အလောင်းကို ရွာသို့ပြန်သယ်လာခဲ့ကြသော်လည်း နောင်တွင် သယ်ဆောင်လာသူများ စိတ်ပြောင်းသွားကာ လမ်းခရီးမှာပင် မြှုပ်နှံသင်္ဂြိုဟ်လိုက်ကြကြောင်း သိရသည်။

ချန်းမင်းနှင့်ပတ်သက်၍ ဘာဆိုဘာမျှ လုပ်ကိုင်ဆောင်ရွက်ပေးစရာ မရှိတော့ပါ။

မိမိ၏အမှားကို ပြန်လည်ပေးဆပ်ရန်လာခဲ့သော ကောင်းလိမှာ ဘာမှမတတ်နိုင်တော့ဘဲ ထုံးအိုင်ရွာကလေးကို ကျောခိုင်းကာ ထွက်လာခဲ့ရခြင်း ဖြစ်လေ၏။

ကောင်းလိသည် ရည်ရွယ်ချက်ကင်းမဲ့စွာ လျှောက်လာရင်း တစ်နေရာသို့ အရောက်တွင်....

'အရှူးလေး'

ခေါ်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ကောင်းလိခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

ခေါ်သံ ထွက်ပေါ်လာရာဆီသို့ ဖျပ်ခနဲ လှည့်ကြည့်လိုက်မိ၏။

ထိုအခါ....

သစ်ပင်တစ်ပင်နောက်ကွယ်မှ လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ရ၏။

'ဟင် ခွေးအကြီး'

ကောင်းလို လွှတ်ခနဲ ရေရွတ်လိုက်၏။

မှန်ပေသည်။

သစ်ပင်နောက်ကွယ်မှ ထွက်လာသူမှာ ခွေးအကြီး ဖြစ်နေပါတော့၏။

ကျင်းဟူသည် ကောင်းလိုထံသို့ လှမ်းလာပြီး....

'အရှုံးလေး၊ မင်းက ငါ့နောက်ကို လိုက်လာတာလား'

ဟု မေးလာလေ၏။

ကောင်းလို ကြောင်အမ်းအမ်း ဖြစ်နေရာမှ သတိ ဝင်လာ၏။

'ခင်...ခင်ဗျားက'

'ငါက ဒီထုံးအိုင်ရွာကလေးမှာ လာပြီး ပုန်းနေတာလေကွာ၊ စန်းတုံးနယ်က ထွက်သွားနိုင်တဲ့ လမ်းကြောင်းတွေအားလုံးကို ပိတ်ဆို့ထားလိုက်ကြတော့ ဘယ်သူမှ ထွက်သွားလို့ မရတော့တာနဲ့ ဒီမှာလာပြီး ပုန်းနေရတာပေါ့ကွာ'



ကောင်းလို မကျေမနပ် ဖြစ်လာလေ၏။

'ခင်ဗျားကြောင့် ကျုပ်ပါ ဒုက္ခရောက်ရပြီဗျ'

ဟု ပြောလိုက်၏။

ကျင်းဟူ ပခုံးတွန့်လိုက်၏။

ဘယ်တတ်နိုင်ပါ့မလဲကွာ၊ ငါက မင်းဒုက္ခရောက်အောင် တမင်လုပ်ခဲ့တာမှမဟုတ်ဘဲ'

ကောင်းလိုက....

'ခင်ဗျား တမင်လုပ်ခဲ့တာဗျ'

ဟု အော်လိုက်လေသည်။

ကျင်းဟူက

'ကောင်းလို.... ဒီလိုထင်ရင် မင်းမှားသွားလိမ့်မယ်'

'အို....ကျုပ် မှားစရာ အကြောင်း မရှိဘူး၊ မြင်းဖြူ တို့ကျောင်းဘေးက ပန်းဥယျာဉ်ထဲမှာ မင်းသားလေး ရှောင်ကျူးနဲ့ တွေ့ရမယ်လို့ ခင်ဗျား ပြောခဲ့တယ်၊ ဒါပေမယ့်.... ကျုပ် တကယ်တွေ့ရတဲ့လူဟာ အပြစ် မရှိတဲ့ လူတစ်ယောက်ဖြစ်နေတယ်'

ကျင်းဟူက

'ဒီထုံးအိုင်ရွာက ချွန်းမင်းဆိုတဲ့ လူငယ်လေး ဖြစ်နေတာလို့ မင်းပြောချင်တာ မဟုတ်လား

လောင်းလိ နှာခေါင်းရှုံ့လိုက်လေသည်။

'လက်စသတ်တော့ ခင်ဗျား သိပြီးပြီကိုး'

'သိတာပေါ့၊ အမှန်က စန်းတုံးနယ်ကို ကြိုလွှတ်ထားတဲ့ ငါ့လူတစ်ယောက်ရဲ့ သစ္စာဖောက်မှုကို ခံခဲ့ရတာပဲ၊ သူက ငါ့ကို သတင်းအမှန် တချို့ကို ပေးရင်း သတင်းမှားကိုပါ ကြားညှပ်ပေးခဲ့တယ်၊ သူဟာ မင်းသားလေး ရှောင်ကျူးရဲ့ လူတွေနဲ့ဆက်သွယ်ပြီး ငါတို့ရဲ့ လှုပ်ရှားမှု သတင်းတွေကို ရောင်းစားခဲ့တယ်၊ ဒါကြောင့်လဲ ငါတို့ဘက်က အရေးနိမ့်သွားပြီး မင်းသားလေးဘက်က အောင်ပွဲခံသွားတာပေါ့'

ကောင်းလိက ကျင်းဟူကိုစိုက်ကြည့်ကာ

'ခင်ဗျားက ဘယ်တော့မဆို စေ့စေ့စပ်စပ်လုပ်တတ်တာပဲ၊ အခုလို မှားတဲ့အမှားမျိုး ခင်ဗျား ဘယ်တုန်းက မှားခဲ့ဖူးလို့လဲ'

ကျင်းဟူက

'ခအား ငါလဲ အပြောခံရချင်လို့ ဒီလို ဖြစ်သွားရတာပဲ၊ ခုမှာတော့ ဘာတတ်နိုင်မှာလဲ'

ကောင်းလုံက



'ခင်ဗျားက ပေါ့ပေါ့တန်တန် ပြောနိုင်ပါတယ်၊ ကျုပ်ကတော့ အပြစ်မရှိတဲ့ လူတစ်ယောက်ကို သတ်ပစ်လိုက်မိပြီ'

ကျင်းဟူက

'အင်း ဒီကိစ္စအတွက် ကျုပ်က စိတ်မကောင်းပါဘူး ဆိုတာထက် ဘာများ ပိုပြောနိုင်မှာလဲ'

ကောင်းလိ ခံပြင်းသွားသည်။

'ခင်ဗျားမှာ တာဝန်အရှိဆုံးပဲ'

ကျင်းဟူ ခေါင်းညိတ်လိုက်ပြီး

'ဟုတ်ပါတယ်.... ငါ မငြင်းပါဘူး၊ မွေးစား သား ရှောင်စုလဲ ကွပ်မျက်ခံလိုက်ရပြီ၊ ငါ့လူတွေလဲ သေသူသေ၊ အဖမ်းခံရသူ အဖမ်းခံရပြီး ငါ ကိုယ်တိုင်လဲ အခြေအနေ မဟန်တော့ဘူး၊ စန်းတုံးနယ်ရဲ့ကိစ္စထဲမှာ ပါဝင်ဖို့ ဆုံးဖြတ်လိုက်ကတည်းက စပြီးမှားခဲ့တာပဲ၊ ငါ ဘာမှ မတတ်နိုင်တော့ပါဘူး၊ မင်းမကျေနပ်သေးဘူးဆိုရင် ငါ့ကို ကြိုက်သလို လုပ်နိုင်ပါတယ်ကွာ'

အလွန် စိတ်ထိခိုက်သော အသွင်ဖြင့် ပြောလေသည်။

'ခင်ဗျား.'

ကောင်းလိက အော်ငေါက်ရန် ဟန်ပြင်လိုက်ပြီးမှ ကျင်းဟူ၏ မျက်ဝန်းအစုံမှ မျက်ရည်များ ရစ်ဝိုင်းနေသည်ကို တွေ့ရသောအခါ စကားတစ်ပိုင်းတစ်စဖြင့် ရပ်သွားတော့သည်။

ကျင်းဟူက

'ကောင်းလိ မင်းကို ငါပြောမယ် သေသေချာချာ မှတ်ထားပါ၊ လောကမှာ ဘယ်သူ့ကိုမှ ယုံကြည်လို့မရဘူး ဆိုတာပဲကွ'

ရုတ်တရက်

ကောင်းလိ ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ လှိုက်လှိုက်လှဲ့လှဲ့ ဖြစ်ပေါ်လာလေသည်။

ကျင်းဟူက

'ရန်သူတွေက ငါ့ကို သဲကြီးမဲကြီး လိုက်ရှာနေကြပြီ၊ မကြာခင်မှာပဲ ငါ့ကို ရှာတွေ့သွားကြလိမ့်မယ်လို့ ငါ ယုံကြည်တယ်၊ မင်းလဲ ဒီနေရာကနေ အမြန်ဆုံး ထွက်သွားပါတော့'

ဟု ပြောလေသည်။

ကောင်းလိက

'ခင်ဗျားကော'

ဟု မေးလိုက်သည်။

ကျင်းဟူ ခေါင်းခါယမ်းလိုက်သည်။

'ငါဖို့အတွက် အကြောင်း မထူးတော့ပါဘူး၊ မင်းသာ လွတ်အောင်ပြေးပေတော့'



ကောင်းလိ လက်မခံပါ။

'ခင်ဗျားလဲ လိုက်ခဲ့ ပါ၊ ကျုပ်တို့နှစ်ယောက် အတူတူ သွားကြမယ်လေ'

'ငါက'

ကျင်းဟူ၏စကားမဆုံးမီ ကောင်းလိက ကြားဖြတ်ပြောလိုက်လေသည်။

'ကျုပ်တို့နှစ်ယောက် အတူ လက်တွဲရင်ဆိုင်သွားကြမယ် ဆိုရင် ဘယ်လိုအခက်အခဲ အန္တရာယ်မျိုးကိုမဆို ကျော်လွှားသွားနိုင်မှာပါဗျာ'

ကျင်းဟူ မချိပြုံးပြုံးလိုက်၏။

'ကောင်းလိရယ်....မင်းသာ လွတ်အောင် ပြေးပါတော့'

'ဟာ....ဘယ်ဖြစ်မလဲ၊ ခင်ဗျားပါလိုက်ခဲ့ရမယ်'

ကောင်းလိသည် ကျင်းဟူအပေါ် မကျေမနပ် ဖြစ်နေသော်လည်း ယခုတော့ စိတ်ပြောင်းသွားပြီဖြစ်သည်။

ကျင်းဟူနှင့်အတူတူ ရန်သူများကိုရင်ဆိုင်ထိုးဖောက်ကာ စန်းတိုးနယ်မှ ထွက်ပြေးရှောင်တိမ်းသွားရန်ဆုံးဖြတ်လိုက်ပြီဖြစ်လေသည်။

ကျင်းဟူက....

'ကောင်းလိ....မင်းသွားပါတော့'

ဟု လက်ဝှေ့ယမ်းကာ ပြောလိုက်သည်။

ကောင်းလိက....

'ခင်ဗျား လိုက်ခဲ့ရမယ်'

ပြောပြောဆိုဆို ကျင်းဟူ အနီးသို့ ချဉ်းကပ်သွားပြီး လက်ဆွဲခေါ်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင်

ကျင်းဟူက လက်တစ်ဖက်ဆန့်ထုတ်ကာ ကောင်းလိ၏ လက်ကောက်ဝတ်ကို ဖမ်းဆုပ်လိုက်၏။

သူ၏ လက်ချောင်းလေးများသည် ကောင်းလိ၏ လက်ကောက်ဝတ်မှ သွေးကြောများကို ထိုးပိတ်ပြီးသားဖြစ်သွားတော့သည်။

'ဟင်....'

ကောင်းလိ လွှတ်ခနဲ ရေရွတ်လိုက်သည်။

မမျှော်လင့်ဘဲ ခံလိုက်ရသဖြင့် ကျောက်ရုပ်ပမာ မလှုပ်မယှက် ဖြစ်သွားသည်။

ကျင်းဟူက သက်ပြင်းချလိုက်သည်။

'အရူးလေး....ဘယ်သူ့ကိုမှ မယုံပါနဲ့လို့ မင်းကို ငါပြောခဲ့တယ်မဟုတ်သား'



ဟု ပြောလေသည်။

ထိုတစ်ခဏမှာပင်...

'ဟား ...ဟား....ဟား'

ကျယ်လောင်သော ရယ်မောသံများ ထွက်ပေါ်လာပြီး လူနှစ်ယောက် လှမ်းလာနေကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

\+ * +

ခြင်္သေ့ရဲတိုက်ပိုင်ရှင် စုပေချန်း....

ကျင်းလိမ်မြို့မှ စာပေသမား တုကုဝေ --

စုပေချန်းနှင့် တုကုဝေတို့သည် သဘောကျစွာရယ်မောလိုက်ရင်း လှမ်းလာကြသည်။

ကောင်းလိ ထိတ်လန့်သွား၏။

သွေးကြောပိတ် ခံနေရသဖြင့် မလှုပ်ရှားနိုင်တော့ပါ။

သူ့အား အမုန်းကြီးမုန်းနေသော လူနှစ်ယောက်၏ လက်ထဲသို့ ကျရောက်သွားပြီး အရှင်လတ်လတ် ငရဲခံရတော့မည်ဟု တွေးလိုက်မိ၏။

ကျင်းဟူသည် အဘယ်ကြောင့် သစ္စာဖောက်ခဲ့ရပါ သနည်း။

ကျင်းဟူသည် သူနှင့်မတွေ့မီကပင် တုကုဝေနှင့်တွေ့ကာ အဖမ်းခံခဲ့ရခြင်း ဖြစ်မည်ဟု ထင်မြင်ထား၏။

ထိုစဉ် ကျင်းဟူ၏စကားသံ ထွက်ပေါ်လာသည်ကို ကြား လိုက်ရ၏။

'ကဲ....ခင်ဗျားတို့လိုချင်တဲ့ အရှုးလေးကို ကျုပ်က တွေ့ အောင်ရှာပြီး ဖမ်းပမးထားပြီ၊ ကျုပ်အတွက် အဆိပ်ဖြေ ဆေး ပေးပေတော့'

စုပေချန်းနှင့် တုကုဝေတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

စုံပေချန်းက....

'သူ့ကို အဆိပ်ဖြေဆေး ပေးသင့်သလား'

ဟု မေးလေသည်။

တုကုဝေ ခေါင်းခါယမ်းလိုက်၏။

'လုံးဝမပေးသင့်ပါဘူး'

စုပေချန်းသည် ကျင်းဟူဘက်သို့လှည့်ကာ....



'ကဲ—မင်းကြားတဲ့အတိုင်းပဲ'

ဟု ပြောလိုက်၏။

ကျင်းဟူ မျက်နှာပျက်သွား၏။

'ခင်ဗျားတို့ဟာ သိုင်းသမားကြီးတွေ ဖြစ်ပြီး ကတိကို တန်ဖိုးမထားကြပါလားဗျ'

ဟု ဒေါသတကြီး ပြောလိုက်၏။

စုပေချန်းက....

'မင်းလိုလူစားမျိုးဟာ ငါတို့ရဲ့ကတိနဲ့ မတန်ပါဘူးကွာ'

'ခင်....ခင်ဗျား'

ကျင်းဟူ ဒေါသတကြီးဖြစ်သွား၏။

'ဖယ်စမ်း'

သူ၏ရှေ့တွင် လမ်းပိတ်သလိုရှိနေသော ကောင်းလီအား တွန်းထုတ်လိုက်ပြီး စုပေချန်းထံ ပြေးဝင်တိုက်လိုက်သည်။

စုပေချန်းက ခုခံခြင်း၊ ပြန်လည် တိုက်ခိုက်ခြင်းမပြုဘဲ အေးအေးဆေးဆေးပင် ရပ်နေ၏။

ကျင်းဟူသည် ကမူးရှူးထိုးပြေးဝင်သွားရာမှ စုပေချန်း ထံသို့ မရောက်မီ လမ်းခုလတ်မှာပင် ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားကာ..

'ဝေါ့....'

ပါးစပ်ထဲမှ သွေးများအန်ထုတ်လိုက်၏။

သွေးတို့သည် နီရဲခြင်းမရှိဘဲ မည်းနက်နေသည်။

ကျင်းဟူသည် အဆိပ်ကြောင့် ဖြစ်ပေါ်နေသော သွေးများကို အဆက်မပြတ် အန်ထုတ်လိုက်ပြီး....

'ဝုန်း....'

မြေပေါ် အရှပ်ကြီးပြုတ် လဲကျသွားသည်။

ထို့နောက် ပြန်ထလာနိုင်ခြင်း မရှိတော့ချေ။

* * *

သိုင်းလောက၌ နာမည်ဆိုးဖြင့် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော ခွေးအကြီးကျင်းဟူမှာ မြေပေါ်၌ စန့်စန့်ကြီးလဲကာ မရှူမလှု ဇာတ်သိမ်းသွားပြီ ဖြစ်လေသည်။

တုကုဝေနှင့် စုပေချန်းတို့သည် ကျင်းဟူအား ဦးစွာ ခြေရာခံမိပြီး ဖမ်းဆီးနိုင်ခဲ့ကြပုံရသည်။



ကျင်းဟူအား အဆိပ်တိုက်ကျွေး၍ အကျပ်ကိုင်ကာ မိမိအား ဖမ်းဆီးဖို့ ကြိုးစားခဲ့ခြင်းဖြစ်ကြောင်း ကောင်းလိ ရိပ်မိလိုက်သည်။

ကျင်းဟူသည် ချန်းမင်းအား လူမှား၍ သတ်ခဲ့မိခြင်းကြောင့် ထုံးအိုင်ရွာလေးသို့ မိမိရောက်လာလိမ့်မည်ဟု ကြိုတင် တွက်ဆနိုင်ခဲ့သည်မှာ အံ့သြစရာကောင်းလှသည်။

အမှန်တော့ မြွေမြွေချင်းခြေမြင်ကြသည်မဟုတ်ပါလား။

'ဟား....ဟား....ဟား'

တုကုဝေနှင့် စုပေချန်းတို့သည် ကျင်းဟူ၏ ဖြစ်အင်ကို ကြည့်ကာ ဟားတိုက်ရယ်မောလိုက်ကြသည်။

ကောင်းလိ ပင့်သက်ရှိုက်လိုက်သည်။

ကျင်းဟူ အလှည့်ပြီးလျှင် မိမိ၏အလှည့် ရောက်လာတော့မည် မဟုတ်ပါလား။

ကောင်းလိ၏လက်ချက်ဖြင့် စုပေချန်း၏သား ကျောင်းစု သေဆုံးသွားခဲ့ရသလို တုကုဝေ၏ အချစ်ဆုံးတပည့် တို့ချင်း သေဆုံးခဲ့ရပါသည်။

ကောင်းလိသည် သူတို့နှင့် သိကျွမ်းခြင်းမရှိ။ရန်ငြိုးရန်စ မရှိဘဲ ငွေနှင့် သေခြင်းတရားကို ရှာဖွေရင်း ကျင်းဟူ၏ အစီအမံဖြင့် ရင်ဆိုင်သုတ်သင်ပစ်ခဲ့ခြင်း ဖြစ်ပါသည်။

ထိုကိစ္စကြောင့် တုကုဝေတို့သည် ကောင်းလိအပေါ် အခဲမကျေနိုင်အောင် ဖြစ်နေကြပါ၏။

သူတို့၏လက်ထဲသို့ ကောင်းလိ ကျရောက်သွားလေသော အခါ—

တုကုဝေက....

'အရူးလေးကောင်းလိ၊ မင်းရဲ့လက်ချက်ကြောင့် ငါ့ရဲ့ အချစ်ဆုံးတပည့် သေဆုံးသွားခဲ့ရတယ်၊ ဒီကိစ္စကို မင်း ဘာပြောချင်သလဲ'

ကောင်းလိအနီးသို့ ချဉ်းကပ်လာရင်း မေး၏။

ကောင်းလိက....

'ဒါကတော့ သူ့ညံ့လို့ ခံသွားရတာပဲဗျ'

'ဘာ...'

တုကုဝေသည် ဒေါသကိုမထိန်းနိုင်တော့ဘဲ ကောင်းလိအား လက်ဝါးဖြင့်ရိုက်ချရန် ဟန်ပြင်လိုက်သည်။

ထိုတဒင်္ဂအချိန်လေးမှာပင် ကောင်းလိ၏ လက်တစ်ဖက်သည် အပေါ်မြောက်တက်သွား၏။

အင်္ကျီလက်အိုးထဲ ဝှက်ထားသော ဓားသည် လျှောခနဲ ရောက်ရှိလာပြီး တုကုဝေ၏ရင်ဝသို့ ထိုးသွင်းလိုက်၏။



ကောင်းလိ ထိုသို့လှုပ်ရှားတိုက်ခိုက်လာနိုင်မည်ဟု တုကုဝေ လုံးဝမထင်မှတ်ပါချေ။

ထို့ကြောင့် ကောင်းလိက တိုက်ခိုက်လာလေသောအခါ မရှောင်နိုင်တော့ဘဲ....

'အား....'

စူးရှစွာ တစ်ချက်အော်လိုက်ပြီး မြေပေါ်လှဲကျသွားလေတော့သည်။

၀ ၀ ၀

တုကုဝေ မျက်လုံးပြူးကျယ်နေ၏။

မြေပေါ်လဲကျကာ ငြိမ်သက်သွားပြီဖြစ်၏။

စုပေချန်းသည် အဖြစ်အပျက်ကို မယုံကြည်နိုင်အောင် ဖြစ်နေ၏။

အမှန်တော့ တုကုဝေ အငိုက်မိသွားခြင်းဖြစ်၏။

ကျင်းဟူသည် တုကုဝေတို့က အဆိပ်ဖြေဆေးမပေးဘဲ အကောက်ကြံပြီဖြစ်ကြောင်း သိလိုက်လျှင် သူ၏ရှေ့၌ရှိနေသော ကောင်းလိကို တွန်းထုတ်ဖယ်ရှားသလိုဖြင့် ကောင်းလိ၏ သွေးကြောများကို ပြန်ဖွင့်ပေးလိုက်ခြင်းဖြစ်သည်။

ကောင်းလိ သွေးကြောပွင့်သွားပြီဖြစ်ကြောင်း မရိပ်မိလိုက်သည့် တုကုဝေ ခံလိုက်ရခြင်းဖြစ်ပေတော့သည်။

စုပေချန်း ဒေါသထွက်သွားသည်။

'သေဖို့သာပြင်ထား'

ဒေါသတကြီး အော်ငေါက်ကာ ကောင်းလိထံ ခုန်ဝင်လာ၏။

ကောင်းလိက မလှုပ်မယှက် ရပ်နေ၏၊

ရှောင်တိမ်းဖို့လည်းကောင်း၊ ခုခံဖို့လည်းကောင်း လုံးဝမစဉ်းစားပါချေ။

စုပေချန်းအနီးသို့ ရောက်ရှိလာလျှင် ဓားကိုင်ထားသောလက်ကို ရှေ့သို့ဆန့်ထုတ် ထိုးသွင်းကာ ပြန်လည်တိုက်လိုက်လေသည်။

စုပေချန်းသည် ထိပ်သီး သိုင်းသမားကြီးတစ်ယောက်ဖြစ်ပါသည်။



ကောင်းလိအား အချိန်မရွေး အနိုင်ယူနိုင်သည့်သဘောရှိလေသည်။

သို့သော်....

ကောင်းလိသည် အကြောက်အရွံ့မရှိ ရှောင်တိမ်းခြင်းမပြုဘဲ လျှပ်ပြက်သလို လျင်မြန်သောဓားချက်ဖြင့် ထိုးသွင်းတုံ့ပြန်လာလေသာအခါ အခက်ကြုံသွားတော့၏။

ကောင်းလိအား အပြီးတိုင် သုတ်သင်ပစ်မည်ဟု ရည်ရွယ်ချက်ဖြင့် ပြင်းထန်စွာ တိုက်ခိုက်လိုက်သည်ဖြစ်ရကား တိုက်ကွက်ကို ရုပ်သိမ်းကာ နောက်ဆုတ်ဖို့လည်းမဖြစ်နိုင်တော့ပါ။

စုပေချန်းက ဆက်၍တိုက်ခိုက်လိုက်သဖြင့် နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြတော့၏။

စုပေချန်း၏လက်ဝါးသည် ကောင်းလိ၏ရင်ဝကို ရိုက်ချမိလိုက်သလို ကောင်းလိ၏ ဓားသည်လည်း စုပေချန်း၏ အသည်းနှလုံးတည့်တည့်သို့ ထိုးစိုက်မိလိုက်တော့သည်။

'ဝုန်း....'

'အား....'

စူးရှသောအသံများ ထွက်ပေါ်လာ၏။

ကောင်းလိနှင့် စုပေချန်းတို့မှာ မြေပေါ် ဖြိုင်တူလဲကျသွားတော့၏။

* ၀ ၀

လေငွေ့ယမ်းတိုက်ခတ်လာ၏။

ရွက်ခြောက်များသည် လေနှင့်အတူ လွင့်မြောလာ၏။

နေဝန်းနီထွက်ပေါ်လာလျှင် မြူနှင်းများ တစ်စထက်တစ်စ ကွဲသွားလေ၏။

ဝန်းကျင်တစ်ခုလုံး ရှင်းရှင်းလင်းလင်း ဖြစ်လာ၏။

နှင်းဖုံးနေသော မြေပေါ်တွင် နီရဲသောသွေးကွက်များနှင့်အတူ လူလေးယောက် လဲကျနေသည်ကို တွေ့မြင်နိုင်၏။

ကျင်းဟူ၊ ကောင်းလိ၊ တုကုဝေနှင့် စုပေချန်းတို့ဖြစ်လေသည်။



သူတို့အားလုံး သေဆုံးသွားကြပြီလော....

ရုတ်တရက်....

'အင့်....'

မသဲမကွဲ ညည်းညူသံထွက်ပေါ်လာသည်။

လူတစ်ယောက်သည် စတင်ပြီး လူးလွန့်လှုပ်ရှားလာ၏။

ထိုလူမှာ အသက်ရှင်လျက် ရှိနေသေးသည်တကား....

* ၀ *

—လဲကျနေသူ လေးယောက်အနက် လှုပ်လှုပ်ရှားရှား ဖြစ်လာသည်မှာ ကောင်းလိဖြစ်ပေသည်။

'အဟွတ်....ဟွတ်....ဟွတ်'

ကောင်းလိသည် ကြိုးစားအားယူထ၍ ချောင်းတဟွတ်ဟွတ် ဆိုးလာကာ..

'ဝေါ့....'

ပါးစပ်ထဲမှသွေးများ အန်ထုတ်လိုက်၏။

သူ၏တစ်ကိုယ်လုံး မခံမရပ်နိုင်အောင် နာကျင်နေ၏။

ဦးခေါင်းထဲ မူးနောက်လာကာ မျက်လုံးများ ပြာဝေလာ၏။

စုပေချွန်းက လက်ဝါးရိုက်ချက် ခံလိုက်ရသဖြင့် ဒဏ်ရာ အပြင်းအထန်ရထားပြီဖြစ်၏။

ကောင်းလိသည် သွေးများအန်ထုတ်လိုက်ပြီး မေ့တိုက် နွမ်းလျစွာဖြင့် အသက်ကို မနည်းရှူရှိုက်နေရ၏။

မြေပေါ်မှထရပ်ဖို့ ကြိုးစားလိုက်သော်လည်း ပြန်လည် လဲကျသွားသည်။

ကောင်းလိသည် နှင်းမြေပေါ်တွင် မျက်နှာအပ်ရင်း အသက်ကို ခဲယဉ်းစွာ ရှူရှိုက်နေရ၏။

ထိုစဉ်—

ပေါ့ပါးသော ခြေသံများ ထွက်ပေါ်လာပြီး လူတစ်ယောက်သည် သူ၏အနီးသို့ ရောက်ရှိလာ၏။

ကောင်းလိက ကြိုးစားပြီး ခေါင်းမော့ကြည့်လိုက်၏။

ထိုအခါ....

သူ့အား စိမ်းစိမ်းကြည့်နေသော လူတစ်ယောက်ကို တွေ့ မြင်လိုက်ရ၏။



ကောင်းလိ ဝမ်းသာသွားသည်။

ထိုလူမှာ သူ၏လက်ဦးဆရာ လိဖုံးဖြစ်နေသည် မဟုတ် ပါလား။

ကောင်းလိက....

'ဆရာ....'

ဟု ခေါ်လိုက်၏။

သူ၏အသံ ဗလုံးဗထွေး ထွက်ပေါ်လာသည်။

လိဖုံးကား ရင်းနှီးခင်မင်သည့်အသွင် လုံးဝမရှိပါ။

ကောင်းလိအား မြွေဆိုး တစ်ကောင်ကို ကြည့်သည့် အကြည့်မျိုးဖြင့် ကြည့်နေ၏။

အလွန်မုန်းတီးစက်ဆုပ်သော အသွင်မျိုးလည်းဖြစ်၏။

ကောင်းလိ ကြောင်အမ်းအမ်းဖြစ်သွား၏။

'ဆရာ....'

ဟု ထပ်ပြီးခေါ်လိုက်၏။

လိဖုံး နှာခေါင်းရှုံ့လိုက်ပြီး....

'မင်းလိုလူစားဟာငါ့တပည့်ဖြစ်ဖို့မတန်ဘူး၊ငါမွေးတဲ့မီး ငါပြန်ငြိမ်းရတော့မှာပေါ့'

စကားဆုံးလျှင် သူ လက်တစ်ဖက်လှုပ်ရှားသွား၏။ ဝင်းလက်တောက်ပသော ဓားရောင် ထွက်ပေါ်လာ၏။ လိဖုံး၏လက်ထဲ ဓားတစ်လက်ရောက်ရှိလာ၏။

လိဖုံးကလက်ကိုဆန့်ထုတ်လိုက်လျှင်ကောင်းလိ၏ရင်ဝကို ထိုးစိုက်ပြီးသား ဖြစ်သွားသည်။

ကောင်းလိက ဆရာဖြစ်သူကို နားမလည်နိုင်စွာ ကြည့်နေ၏။

လိဖုံးက ဓားကိုပြန်လည်ရုပ်သိမ်းလိုက်ချိန်တွင် ကောင်းလိ၏ မျက်လုံးများ ပြာဝေသွား၏။

လိဖုံးသည် သူ၏ရှေ့တွင် ရှိနေသော်လည်း မျက်စိထဲ မမြင်နိုင်တော့ပါ။

အရာရာအားလုံး အမှောင်ဖုံးသွား၏။

ကောင်းလိ ခေါင်းငိုက်စိုက်ကျလာကာ အသက်ပျောက်သွားတော့သည်။

o * o



ယုံမိသားစု တည်းခိုခန်း....

တည်းခိုခန်းတံခါး ဖွင့်ထား၏။

ယုံဝေးသည် တံခါးပေါက်ကို မျက်နှာမူထားသော စားပွဲတစ်လုံး၌ ငူငူကြီးထိုင်နေ၏။

သူ၏မျက်လုံးများသည် တံခါးပေါက်ဆီသို့ မျက်တောင်မခတ် ငေးကြည့်နေ၏။

တစ်စုံတစ်ယောက်ကို မျှော်လင့် စောင့်စားနေသည့်အလား....

သူ စောင့်စားမျှော်လင့်နေသည့်သူသည် ဘယ်သောအခါမှ ပြန်လာနိုင်တော့မည် မဟုတ်သည်ကို သိနိုင်မည်ဆိုပါလျှင်....

(ပြီးပါပြီ)